
# သုညနဲ့ဆောက်ခဲ့တဲ့အိမ်

## (မိုးရာသီလမ်း)

နေပိုင်



ကော်ဖီမှန်ရင်
ခါးလိမ့်မယ်လို့
ဘယ်သူပြောလဲ…။

ညသြသံကြားတိုင်း
ရထားငယ်ကိုလိုက်ရှာရင်
တောအုပ်ကလေးပဲ
မျက်နှာငယ်မယ်…။

ကျွန်တော်သောက်ခွင့်ရတဲ့
ကော်ဖီက
ချိုပါတယ်။

# အခန်း (၁)

မိုး၏ရနံ့က ပတ်ဝန်းကျင်တစ်ခုလုံးနှင့် မိတ်ဖွဲ့နေကြသည်။ စိမ်းစိုနေကြသော အလေ့ကျပင်လေးတွေသည်လည်း လမ်းဘေးတစ်ဖက်တစ်ချက်စီမှ အချင်းချင်း ကျီစယ်နေကြသည်။ ကောင်းကင်က မိုးမရွာဘဲ တစ်စုံတစ်ယောက်နှင့် စိတ်ကောက်ထားသကဲ့သို့ ညို့မှောင်နေ၏...။ ရန်ကုန်နဲ့ဝေးနေခဲ့သောကျွန်တော့်အတွက်အစစအရာရာက အသစ်အတိုင်း...။ ဒီနေ့လည်း ရန်ကုန် နည်းပညာတက္ကသိုလ် (လှိုင်သာယာ GTC) ကို အလည်သွားရာကအပြန် မဟာမြိုင်မှတ်တိုင်မှ တစ်ယောက်ထဲ ဆင်းပြီးပြန်လာခဲ့လိုက်သည်။

လမ်းဆုံးခါနီးမှာ တွေ့ရတာက Brothers လက်ဖက်ရည်ဆိုင်။ ဆိုင်ထဲမှာလည်း ကောင်မလေး ၂ယောက်နှင့် စုံတွဲတစ်တွဲ။ ကောင်မလေးတစ်ယောက်က ကျွန်တော့်ကိုလှမ်းခေါ်သည်။ သေချာကြည့်မိမှ နန္ဒာ။ ဆိုင်ထဲဝင်လိုက်သည်နှင့် နန္ဒာက စိတ်ကောက်တော့မည့်လေသံဖြင့်...

"နင် GTC ကပြန်လာတာမလား"

သူ့ကိုလိမ်ပြောဖို့ ဘယ်လိုမှ အဆင်မပြေနိုင်...။ ဝတ်ထားတဲ့အဝတ်အစားက အပြာရင့်ရောင်ပိုးပုဆိုး လည်ကတုံးအင်္ကျီ အဖြူနှင့်... ။ကျောင်းထဲမှာတုန်းကတောင် ကျောင်းကဆရာနဲ့တူ၍ ဝိုင်းစတာခံလိုက်ရသေး..။ အပြစ်နည်းနည်းပေ့ါအောင်ပဲ....

"အေး..ဟုတ်တယ်ဟ..ငါလည်းသွားတုန်းက GTCမှန်းမသိပါဘူးဟာ ကျောင်းထဲရောက်မှ GTC ဖြစ်နေတာ..ကျောင်းကလှိုင်သာယာမှာ မမိုက်ပါဘူးဟာ..ပင်ပန်းတယ်"

အဲဒီမှာတင်ပိုဆိုးသွားပါလေရော...

"ဟယ်..အဲဒါငါ့ကျောင်းလေ...နင်ကငါခေါ်တုန်းကကျတော့မလိုက်ဘူး နင့်ညီမလေးတွေခေါ်ပြီဆို ငါမပြောလိုက်ချင်ဘူး"

"မမကလည်း...သားကသိမှမသိတာလို့"

ကျွန်တော့်စကားကို တစ်ဝိုင်းလုံးတစ်ယောက်တစ်မျိုးစီ ဝိုင်းရယ်ကြသည်။ နန္ဒာကပဲ..

"နေဦးနင့်ကိုငါမိတ်ဆက်ပေးမယ် ။ ဒါက သူဇာထွန်း ၊ ဒါက အိမ့်မြတ် ၊ ငါ့အချစ်ဆုံး သူငယ်ချင်းတွေလေ ဒီကောင်က ဝဏ္ဏ။ နင်တို့လည်းမှတ်ထားကြ။ ဒါငါနဲ့ ကိုးတန်းထဲကပေါင်းလာတဲ့သူငယ်ချင်း နံမည်က နေပိုင်တဲ့ ရုရှားမှာကျောင်းတက်နေတာ ။ ခုခွင့်ခဏပြန်လာတာ။"

ဝဏ္ဏက နန္ဒာကို ဘုကြည့်ကြည့်၏။ ကျွန်တော်က အားလုံးကို အပြုံးတစ်ခုစီ လက်ဆောင် ပေးလိုက်ပါသည်။ စုံတွဲကတော့ ကျွန်တော့်ရှေ့မှာ ၊ နန္ဒာက ကျွန်တော်မျက်စောင်းထိုးမှာ ၊ နောက်တစ်ယောက်က ကျနော်ရဲ့အနောက်ဖက်မကျတကျမှာ ထိုင်နေကြသည်။ နန္ဒာက...

"နေပိုင် ဒါနဲ့နင်က ရုရှားကို ဘယ်တော့ပြန်မှာလဲ"

"လကုန်ပဲဆိုပါတော့ဟာ ဒီကြားထဲမှာ ငါပြန်လာတုန်းလေး ဘုန်းကြီးလည်းဝတ်လိုက်ချင်သေးတယ်"

"ဩော်အေး လိုပါသေးတယ် တစ်လလောက်အချိန်ရတာပဲ"

တကယ်တော့ တစ်လဆိုသည့်အချိန်က အနည်းငယ်မျှသာဖြစ်ကြောင်း ဘယ်သူသိနိုင်မည်လဲ...။ ကျွန်တော်လည်းလွယ်လွယ်ကူကူ ကုန်သွားမည်မှန်း ထင်မထားလိုက်မိခဲ့ပါ။ လက်ဖက်ရည်ဆိုင်ထဲမှာ ကျွန်တော်စကားနည်းနေမိ၏။ ရောက်ရောက်ချင်းထပြန်သွားရင် မကောင်းလို့ ဆေးလိပ်တစ်လိပ်ထုတ်ဖွာနေလိုက်သည်။ နန္ဒာက စူပုပ်ပုပ်နှာခေါင်းရှုံ့ပြီး (သူနှာခေါင်းရှုံ့ရင် တော်တော်ကြည့်ရဆိုး၏)...

"နင်ကတော့ ထိုင်တာတောင်မကြာသေးဘူး..ဆေးလိပ်ကသောက်တော့တာပဲ"

ကျွန်တော်လည်းနန္ဒာနဲ့ အငြင်းအခုန်မဖြစ်ချင်၍ ခပ်ပြုံးပြုံးပဲဆေးလိပ်ဆက်သောက်နေလိုက်သည်။ ရှေ့က စုံတွဲကတော့ တတွတ်တွတ်နဲ့သမီးရည်းစားသဘာဝအတိုင်း ချစ်ဖို့ကောင်းနေသည်။ တကယ်တမ်းကျတော့ ကျွန်တော်လည်း အိမ်ပြန်ချင်နေ၏။ တနေကုန်ပင်ပန်းခဲ့တော့ စကားလည်းမပြောချင်... အိပ်ချင်တာပဲစိတ်ကရောက်နေသည်။ ဆေးလိပ်ကုန်သွားတော့မှပဲ...

"ကဲ..နန္ဒာ ငါပြန်တော့မယ်ဟာ နောက်မှဖုန်းဆက်လိုက်မယ် ပင်ပန်းလာတော့ ငါနားချင်နေပြီ"

သူကလည်းထုံးစံအတိုင်း..

"အေး ဂွဂွ..."

နန္ဒာနှင့်ကျွန်တော်ဆိုတာက ပြောမနာဆိုမနာသူငယ်ချင်းတွေ... အင်မတန်တော့ သူက စိတ်ကောက်သန်သည်။ ကောင်းတာတစ်ခုက စိတ်ကောက်ရင်သိပ်ကြာကြာမကောက်တတ်။ ခုလည်း သူကသာ ဖော်ဖော်ရွှေရွှေမိတ်ဆက်ပေးနေတာ ကျွန်တော်က နံမည်တွေမှတ်မိဖို့ဝေးရော။ နောက်တစ်ကြိမ် လမ်းမှာ တွေ့လျှင်တောင် မျက်နှာတွေကိုမှတ်မိမည်မထင်....။နှုတ်ဆက်ပြီး အိမ်ကို ခေါင်းငုံ့ရင်း သုတ်ခြေတင်လာလိုက်တော့သည်။(ခေါင်းမော့ထားလို့လမ်းမှာအသိ နဲ့ တွေ့ရင် ထပ်ကြာနေဦးမည် ...အိပ်ချင်စိတ်က ထိန်းမရတော့) သို့သော်...အနာဂတ်သာကြိုသိခွင့်ရခဲ့ပါက ဒီလိုနေ့သည် အမှတ်တရနေ့ဖြစ်လာမည်ဖြစ်ကြောင်းကို...

*“အမှတ်တရသေးသေးလေးအတွက်*
*ကောင်လေးရှိတယ်*
*အဲဒီကောင်လေးအတွက်*
*ကောင်မလေးရှိတယ်*
*အဲဒီကောင်မလေးအတွက်*
*ခံစားချက်လုံလုံလောက်လောက်တွေရှိတယ်။”*

ညဟာ…
အိပ်မောကျချင်ယောင်ဆောင်လို့
ပွင့်ဖတ်လေးကို
တိတ်တဆိတ် ဖုက်ထားတယ်
ဘယ်လိုညလေးပါလိမ့်ကွယ်…။

# အခန်း (၂)

အင်းလျားကန်ဘောင်နှင့် ကျွန်တော် မဆုံဖြစ်သည်မှာ (၄)နှစ်ပြည့်တော့မည်။ အင်းလျားက ထိုင်ခုံလေးတွေ အနည်းငယ်ပြောင်းလဲသွားသည်က လွဲလျှင် Correction Pen အရာလေးတွေလည်း အရင်အတိုင်း။ ကျွန်တော်သာ သံဝေဂဆန်ဆန်ပြောင်းလဲမှုတွေကြားမှာ ယောင်လည်လည်ကြီးဖြစ်နေသလို။ ကန်ဘောင်တစ်လျှောက် ဖြတ်သွားဖြတ်လာ စုံတွဲတွေ ဂစ်တာစုဖွဲ့တီးနေကြသူတွေနှင့် သည်ညနေခင်းလေးက ခမ်းနားနေ၏။ မိုးကလည်း

ဩဂုတ်လဆန်ဆန် ညီုတစ်လှည့် ပြိုတစ်လှည့်နဲ့။ ကျွန်တော်ကတော့ ခုချိန်ထိ တစ်ယောက်ထဲဖြစ်နေတုန်း။ ကန်စပ်က လက်ဖက်ရည်ဆိုင်လေးရောက်တော့ ကော်ဖီမှာရင်း ဆေးလိပ်မီးညှိလိုက်သည်။ အင်းလျားကန်… ဆေးလိပ်… ကော်ဖီတစ်ခွက်နှင့် ညနေခင်း…။ ခုချိန်မှာတော့ ဒါတွေက ကျွန်တော့်အတွက် အကောင်းဆုံးအဖော်မွန်တွေပဲဖြစ်ကြသည်။ မကြာပါဘူး…မိုးက ခပ်ဖွဖွလေးရွာလာသည်။ မိုးကျလာပြီဆိုတော့ အင်းလျားလည်း မိုးနဲ့ကျီစယ်လို့ ကျွန်တော့်ကိုထားခဲ့တော့၏။ ဆေးလိပ်လည်းကုန် ကော်ဖီလည်းခမ်းသွားပြီဆိုတော့ ကျွန်တော်လည်း ညနေခင်းလေးကိုပစ်ထားပြီး တစ်ယောက်ထဲပဲ ဆိုင်က ထထွက်ခဲ့လိုက်သည်။

"အချိုရည် ၊ ကျွဲရိုင်း ၊ လစ်ပို ၊ ကွမ်းယာ ၊ ဆေးလိပ် ၊ …"

အသံကြားလို့လှည့်ကြည့်မိတော့ ခပ်ငယ်ငယ်ချာတိတ်လေးတစ်ယောက် ကျွန်တော့်ဆီပြေးလာပြီး…

"အကိုဘာလိုလဲ…အချိုရည်…"

ဟုအစချီပြီး ယခင်အတိုင်း စုံနေအောင်ကိုရွတ်တော့သည်…။ ဝယ်ချင်မှန်းမသိ မဝယ်ချင်မှန်းမသိ ဒီငနဲကဖွတ်ရောင်းနေတော့ ကျွန်တော်လည်း ရစ်ပစ်ချင်စိတ်ပေါက်သွားတာနဲ့…

"အေး ဒါဆို ဘီယာရှိလား"

ဘယ်ရမလဲ…. ကျွန်တော့်မေးခွန်းအောက်မှာ ချာတိတ် အသက်ရှူဖို့မေ့သွားပုံရပါသည်။ ဟုတ်လည်း ဟုတ်နေတယ်လေ သူရွတ်ပြတဲ့ထဲမှာ ဘီယာမှမပါ…။ ဒါပေမဲ့ဒီငနဲက လက်မလျှော့ချင်သေး…

"အင်းရှိမယ်ထင်တယ်အကို…အကိုကဘာဘီယာသောက်မှာလဲ"

"မြန်မာပဲပေးကွာ"

ခဏနော်ဆိုပြီးချာတိတ် ဆိုင်ထဲပြေးဝင်သွားလေရဲ့။ သဘောကျကျပြုံးလိုက်မိသည်။ ၃မိနစ် လောက် နေတော့ ချာတိတ် တိုက်ဂါးဘီယာဗူးလေးကိုင်လို့ပြန်ထွက်လာ၏။

"အကို့…မြန်မာကကုန်နေတယ်…တိုက်ဂါးပဲယူသွားပါလားဗျာ"

ဒီနှစ်အတွက် အကယ်ဒမီဆုကို ဒီချာတိတ်ကိုပဲ ကျွန်တော်ပေးပစ်လိုက်ချင်တော့သည်။ မျက်နှာ အသံ မျှော်လင့်ချက်တွေ ထည့်သွင်းထားတဲ့မျက်လုံး....။ ဂရုဏာသက်ဖို့သိပ်ကောင်းလွန်းနေ၏...။ ကျွန်တော်လည်း သနားသွားတာနဲ့ပဲ...

"အေးကွာ ရော့ပိုက်ဆံ..."

ကန်ဘောင်ဘက်ကိုဆက်ထွက်လာခဲ့လိုက်သည်။

ဘီယာရသွားတော့ ကျွန်တော်လည်း အထီးမကျန်တော့...။ သူနှင့်ကျွန်တော် ခုညနေခင်းနှင့် များစွာသောညနေခင်းတွေအကြောင်း စကားစမြည်ပြောကြည့်ကြသည်။ အသက်ကြီး နေတဲ့ကလေးတွေ အကြောင်း... အငန်ပေါ့တဲ့နေ့မှာ သေဆုံးသွားတတ်တဲ့ ပင်လယ်အကြောင်း... တစ်နေ့တခြားသရုပ်ပျက်လာကြတဲ့ မြန်မာလေးတွေတစ်ချို့အကြောင်း...စုံလို့။ ဒီလိုနဲ့ ကျွန်တော့် နှုတ်ခမ်းကြောင့်ဘီယာသေသွားသည့်အချိန်...ထိ။ ခေါင်းထဲလည်းဘယ်လိုမှမနေ ။ ဘီယာဆိုတာ မူးစေချင်ယောင်ဆောင်ထားသည့် အရည်တစ်မျိုးပဲဟု မဆီမဆိုင်တွေးမိလိုက်သေး။ ရုတ်တရက် ခေါင်းထဲဝင်လာတာက နန္ဒာ...။ ခုနေများ နန္ဒာအားနေလို့ လက်ဖက်ရည်ဆိုင်ထိုင် စကားပြောရရင် (ခုလိုတစ်ယောက်ထဲဖြစ်နေမည်ထက်စာလျှင်) အပျင်းပြေမှာပဲလို့တွေးမိ၍ ဖုန်းဆက်လိုက်သည်။

"...."

"ဟဲလို..."

နန္ဒာ့မေမေအသံမှန်း မှတ်မိနေတာနဲ့ပဲ

"ဟဲလိုအန်တီ သားနေပိုင်ပါ..နန္ဒာရှိလား..."

"အေးသားရေ...နန္ဒာက ပုဂံကပြန်ရောက်နေတဲ့ သူငယ်ချင်းနဲ့ ခုလေးတင်ပဲ အပြင်ထွက်သွားကြတယ်"

ဘယ်လိုမှဆက်သွယ်ဖို့မဖြစ်နိုင်မှန်း ကျွန်တော်သိလိုက်ပါသည်။

"ဟုတ်ကဲ့အန်တီ အဲဒါဆို နန္ဒာပြန်လာရင်သာ သားဖုန်းဆက်တယ်လို့ ပြောပေးပါ"

“ဩော် အေးအေး”

ကျန်နေတဲ့လမ်းကို တစ်ယောက်ထဲ (တစ်ယောက်ထဲဆန်ဆန်) ဆက်လျှောက်လာလိုက်သည်။ လေပြေလေးကပုတ်လိုက်…။ ရေပြင်ကလည်းလှိုင်းကြက်ခွပ်လေးတွေထပြလိုက်နဲ့ သူ့နည်းသူ့ဟန်နှင့် အစီအစဉ်တကျဖြစ်နေ၏။ လမ်းလျှောက်ရင်း ငေးနေရင်း ကျွန်တော်လည်းအတွေးတွေ ပျံ့လွင့် လို့ နေသည်။

-ခဏနေလျှင် ပြန်မည်။
-လှည်းတန်းက စာအုပ်ဆိုင်တွေလည်း ဝင်မွှေချင်သေးသည်။
-ဘုန်းကြီးဝတ်ဖို့ ဖိတ်စာအပ်ထားတာ နမူနာ ဝင်ကြည့်ရမည်။
-ကဗျာစာအုပ် ချုပ်ထားတာလည်း ပြီးမပြီးဝင်မေးရမည်။
တွေးနေတုန်း…

“….”

ဖုန်းလာလို့နံပါတ်ကြည့်လိုက်တော့ ကျွန်တော်မမြင်ဖူးတဲ့ နံပါတ်တချို့

“ဟဲလို…”

တဖက်က…

“နေပိုင်လား … ငါနန္ဒာ”

“ဩော်အေး နန္ဒာလား ငါခုနကတောင်…”

ကျွန်တော့်စကားကိုတောင် အဆုံးထိနားမထောင် သူက…

“နင်အခု ဘယ်မှာလဲ..အေးအဲဒါငါသိတယ်။ ငါအိမ်ကိုဖုန်းဆက်လိုက်တာ အမေကနင်ဖုန်းဆက်တယ် ပြောလို့။ ငါက အခုဘုရားမှာဟ။နင်အခုအားနေတယ်ဆို ဘုရားကိုလာခဲ့ပါလား။ ငါတို့က ကြာဦးမှာ။ နင်လာမယ်ဆိုငါတို့စောင့်နေမယ်လေ…ဟူး….. နင့်ကိုပြောရတာမောလိုက်တာ”

နန္ဒာမကြားအောင် ကျိမ်ဆဲပစ်လိုက်သည်။ ဒီလောက်တရစပ်ပြောနေတာ မမောဘဲနေမလား။ သူကပဲညည်းလိုက်ရသေးသည်။

"ငါအခုကန်ဘောင်မှာဟ တစ်ယောက်ထဲပျင်းလို့ နင့်ဆီဖုန်းဆက်တာ နင်များအားမလားလို့။ ဘုရားတော့မလာတော့ပါဘူးဟာ"

နန္ဒာကလည်း သူ့ရဲ့မူအတိုင်း

"တွေ့လား နင်ကငါခေါ်တာဆို ဘယ်တော့မှမလာဘူး "

ဒါစိတ်ကောက်ခါနီးလေသံမှန်း ကျွန်တော်ငယ်ပေါင်းတွေမို့ ရိပ်မိလိုက်ပါသည်။

"အေးအေး ဒါဆိုလည်းလာခဲ့မယ်ဟာ။ နင်ခုဆက်တဲ့ဖုန်းမှာပဲရှိမယ်မလား။ ငါဘုရားရောက်တာနဲ့ ဖုန်းပြန်ဆက်လိုက်မယ်။ ဒါပဲနော်"

ဒါတောင်သူက မပြီးနိုင်သေး။

"ဟဲ့နေဦး နင်တစ်ယောက်ထဲဆိုတာတော့ သေချာပါတယ်နော်"

အရေးထဲမှ တစ်ယောက်ထဲမို့အထီးကျန်နေရသည့်အထဲ

"အာဟုတ်ပါတယ်ဆိုဟာ ဒါပဲဒါပဲ ငါအခုလာပြီ"

နာရီကိုကြည့်တော့ ည(၇)နာရီယွန်းယွန်း။အင်းလျားကန်ဘောင်တစ်လျှောက်က နီယွန်မီးတိုင်တွေက ကျွန်တော့်ကို နှုတ်ဆက်အပြုံးပြုံးပြကြသည်။ အိမ်အပြန်သာ ဖိတ်စာဝင်ကြည့်ဖို့အရေးကြီးနေလို့ ဒီကိစ္စ ခေါင်းထဲထည့်ပြီး ဘုရားကို ထွက်လာခဲ့လိုက်၏။

# အခန်း (၃)

ညချမ်းရဲ့လေပြေဟာ သြဂုတ်ဆန်ဆန် တိုက်ခတ်နေကြသည်။ ကားပေါ်က ဆင်းလိုက်သည်နှင့် ဘုရားပေါ်ကဆည်းလည်းသံတွေဟာ အာရုံကြောထဲ စူးစမ်းဝင်ရောက်လာကြသည်။ အေးချမ်းတဲ့အခြေအနေတစ်ခုက တစ်ကိုယ်လုံးကို ကြက်သီးထသွားစေ၏။ မြန်မာလူမျိုးတစ်ယောက်အတွက် ဘုရားမြေဟာ စိတ်အေးချမ်းစေသော မြေနေရာဖြစ်သည်။ မိုးကရွာတစ်လှည့် မရွာတစ်လှည့်မို့ စိုစိုစွတ်စွတ်နဲ့ ဒီညမှာ လူသူနည်းပါးနေ၏။

နန္ဒာ့ကို ဘုရားပေါ်တက်လာနေပြီဟု ဖုန်းဆက်ရင်း ဗဟန်းမုခ်မှာဖိနပ်အပ်လိုက်သည်။ စက်လှေကားအတိုင်းတက်လာခဲ့ရင်းဘုရား ရင်ပြင်တော် ပေါ်အရောက်...

ပန်းရောင်ဝမ်းဆက်လေးတစ်ခုမျက်လုံးထဲ ဝင်လာသည်။ ခါးလယ်မကျတကျဆံပင်လေးကို စုစည်းထားပြီး နဖူးမို့မို့လေးကို ဘယ်ဘက်တစ်ခြမ်းလုံး ဆံစလေးတွေနဲ့ကွယ်ဝှက်ထားသည်။ ပကတိတိုက်ခတ်လာတဲ့လေပြေလေးက ရင်ဘတ်တစ်ခုလုံးကိုခလုတ်တိုက်ပစ်လိုက်သလိုမျိုး။ နှုတ်ခမ်းနီလည်း မရှိသလို မိတ်ကပ်လည်းမရှိတဲ့မျက်နှာလေးက သဘာဝဆန်စွာ ကျွန်တော့်အကြည့်ကိုသိမ်းပိုက်ပစ်လိုက်၏။ စက္ကန့်နဲ့အမျှ လည်နေသည့် ကမ္ဘာကြီးက သူမလက်ခုပ်ထဲက ရေဖြစ်သွားသလိုမျိုး တိတ်... ဆိတ်... ငြိမ်... သက်...လို့။ ကျွန်တော်လည်း တိတ်တဆိတ်ပဲ သူမကိုပန်းရောင်မလေး လို့ နံမည်ပေးပစ်လိုက်သည်။

"နင်က မြန်တော့မြန်သားပဲ..."

နန္ဒာ့စကားသံကြားမှ ကျွန်တော်လည်းသတိပြန်ဝင်လာတော့သည်။ ဘာမှတော့ပြန်မပြောနိုင် ပြုံးပြနေလိုက်ရုံလောက်သာဖြစ်သည်။ သူတို့ နှစ်ယောက်ကတော့ မိန်းခလေးတွေပီပီ ဘုရားဆင်းတုတော်တွေကန်တော့လိုက် ရွတ်လိုက်ဖတ်လိုက်နဲ့။ အောင်မြေရောက်တော့နန္ဒာက

"နေပိုင်...ဒါအောင်မြေလေ"

ကျွန်တော်လည်းသူနဲ့ဆိုဘုဂလန့်...

"အဲဒါငါက ဘာလုပ်ရမှာလဲ"

နန္ဒာက ကျွန်တော့်ကို ဘုရားပေါ်မှာမို့လားမသိ... မျက်စောင်းထိုး၏။ တခြားတစ်နေရာရာမှာဆို ကျွန်တော် ရိုက်ခံရမှာသေချာသည်။

"ဟဲ့ ငါက နင့်ကိုအောင်မြေနင်းရအောင်ပြောတာ... နင်ဟာလေ ဘုရားပေါ်မှာမို့လို့နော်..."

ကျွန်တော်လည်းပြုံးရင်း

"ဟဲ...ငါကအောင်ပြီးသားပဲ...အောင်မြေနင်းစရာမလိုပါဘူးဟ"

နန္ဒာရယ်ပါသည်။ ပန်းရောင်မလေးက နန္ဒာ့တဖက်ဘေးကနေ ရယ်နေလား မပြောတတ်...။ ဘုရားပေါ်မှာ ခဏခဏကြည့်နေရင်ရိုင်းမှာစိုးတာနဲ့ ကျွန်တော်လည်းငြိမ်နေလိုက်ရသည်။ ရုတ်တရက်နန္ဒာက...

"နေပိုင် ... နင်ဘယ်မုခ်မှာ ဖိနပ်အပ်ခဲ့တာလဲ"

"ဗဟန်းမုခ်မှာလေ.. ဘာဖြစ်လို့လဲ"

"ငါတို့က သွေးဆေးကန်မုခ်မှာ အပ်ခဲ့တာ"

မိန်းခလေးနှစ်ယောက် ဖိနပ်မပါရင် ဘယ်လိုမှအဆင်မပြေနိုင်။ နောက်ပြီး ကိုယ်စိတ်ဝင်စားနေသည့် မိန်းခလေးတစ်ယောက်ရှေ့မှာ ဟီးရိုးထလုပ်ချင်တာလည်း ယောကျာ်းလေးတွေရဲ့အကျင့်ပဲမို့...

"ရပါတယ် ငါကကိစ္စမရှိဘူး သွေးဆေးကန်မုခ်ကပဲဆင်းတာပေါ့"

နန္ဒာက ချက်ချင်းပဲ...

"နင်အောင်မြေမနင်းတော့ဘူးဆိုရင်လည်းသွားမယ်လေ"

ကျွန်တော်အတွေးထဲမှာတော့ အောင်မြေမနင်းတာနဲ့ ပြန်မယ့်ကိစ္စဟာ စဥ့်အိုးကြီးပြောင်နေသည့် ပုံပြင်လိုဖြစ်နေသည်။ ဘယ်လိုနည်းနှင့်မျှမသက်ဆိုင်။

# စဥ့်အိုးကြီးကလည်းပြောင်လို့...

တစ်ခါက ရွာတစ်ရွာမှာ သာအေးဆိုတဲ့လူတစ်ယောက်ရှိ၏။ သိပ်ရိုးအ,သည်။ ကာလသားဖြစ်သော်လည်း ရည်းစားက မထားဖူး။ ရည်းစားစကား လည်းမပြောတတ်။ သူ့သူငယ်ချင်းမလေးထွေးညိုကို တစ်ဖက်သတ် ကြိုက်နေသော်လည်း အခြေအနေကလည်း မပေး... အခြေအနေပေးလည်း ဖွင့်မပြောရဲသည့်အတွက်အတော်ကို အခက်တွေ့နေသည်။

တစ်နေ့မှာ ရွာက ကာလသားတွေ ဝိုင်းမြှောက်ပေးလိုက်တော့ ထန်းရည်လေးကလည်း နည်းနည်းဝင်... စကားလေးကလည်း ပြောလို့အရှိန်ရနေချိန်ဆိုတော့ ထွေးညိုကိုဒီညရည်းစားစကားဖွင့်ပြောမယ်ဆိုပြီး ထန်းတောထဲကနေ့ထထွက်လာခဲ့လေရဲ့။

ထွေးညိုအိမ်ရှေ့ရောက်တော့ အခန့်သင့်ပါပဲ ထွေးညိုက အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင်နေသည်။ သာအေးက ကွပ်ပျစ်လေးဆီမှာဝင်ထိုင်တော့ တစ်ရွာထဲသားသူငယ်ချင်းတွေမို့ ထွေးညိုကပုံမှန်ပါပဲ ဟယ်သာအေး ဘာလာလုပ်တာလဲ ဘာလဲ ညာလဲပေ့ါ...။

သူ့အကြံအတိုင်း သာအေးကဇာတ်လမ်းစ၏။သို့သော် သူက ရည်းစားစကား ဘယ်လိုပြောရမှန်း မသိ ဟိုကြည့်ဒီကြည့်နဲ့ ကောင်းကင်ကြီးကိုမော့ကြည့်တော့ လမင်းကြီးသာနေတာကိုတွေ့ပြီး...

"ဟို..လေ...ထွေးညို ဟိုမှာလမင်းကြီးကလည်း သာ...လို့"

ထွေးညိုက ဘာမှမထူးဆန်းတဲ့ပုံနဲ့

"အဲဒါဘာဖြစ်လဲဟ"

သာအေးခမျာ ဘာဆက်ပြောရမှန်းမသိ...။ ခုနကလိုပဲ ဟိုကြည့်ဒီကြည့်နဲ့ စဥ့်အိုးကြီးကိုတွေ့ပြန်ရော။ ဒီတော့...

"စဥ့်အိုးကြီးကလည်း ပြောင်လို့..."

ထွေးညိုက မျက်မှောင်ကျုံ့ရင်း စိတ်မရှည်တော့ ....

"အဲဒါဘာဖြစ်လဲဟာ..."

"ဟို... နင့်ကိုငါချစ်တယ်ဟာ"

ကဲ...ကောင်းရော...။

ခုလည်း နန္ဒာလုပ်ပုံက အောင်မြေမနင်းတာနဲ့ ဘုရားကပြန်တာနဲ့ လားလားမှမသက်ဆိုင်။ သို့သော်သူမနှင့် ဆက်ငြင်းခုန်နေလျှင် ပြီးမှာမဟုတ်တော့။ဒီညဘုရားမှာတင် အိပ်လိုက်ရဖို့များတာနဲ့ပဲ ကိုယ့်စိတ် ကိုယ်လျှော့ ပါးစပ်လေးပိတ်ပြီး ဘုရားပေါ်က ဆင်းလာခဲ့လိုက်တော့သည်။

# အခန်း (၄)

ညဟာ ပကတိအတိုင်းအမှောင်ချထားသည်။ လမ်းပေါ်မှာ ရှည်လျားနေသည့်အရိပ်တွေက ဖြတ်သွားဖြတ်လာရင်း ဓါတ်တိုင်တွေကိုဝင်ဝင်တိုက် သွားကြသည်။ လေပြေလေးက တိုးဝှေ့လာတိုင်း သစ်ပင်တို့ယိမ်းနွဲ့သံကို သဲ့သဲ့လေးကြားနေရသည်။ ဖိနပ်မပါတဲ့ကျွန်တော့်ကိုလည်း ပတ်ဝန်းကျင်က သတိထားမိပုံမပေါ်။ အရှေ့မလှမ်းမကမ်းက ပန်းရောင်မလေးကတော့ လမ်းကို ခပ်သွက်သွက်လေးလျှောက်နေသည်။ သူမပုံစံက စတော့ဝက်ချ်

(Stop Watch) ထဲက စက္ကန့်စိတ်လေး တွေလို့၊ သူမကျောပြင်ပေါ်က ဆံနွယ်စလေးတွေကို လေပြေက ပုတ်ခတ်ဆော့ကစားနေပုံက ကျွန်တော် မနာလိုဖြစ်လည်းဖြစ်ချင်စရာ။

"ဟဲ့နန္ဒာ...သူကဘာလို့အဲလောက်တောင်မြန်မြန်လျှောက်နေရတာလဲ"

နန္ဒာက ချက်ချင်းပဲ

"နင့်မှာဖိနပ်မှမပါတာ အဲဒါကြောင့်မြန်မြန်လျှောက်ပေးနေတာလေ"

ကျွန်တော်နှစ်နှစ်ချိုက်ချိုက် ပြုံးလိုက်မိသည်။ ရုတ်တရက်ထီးဖွင့်လိုက်ပြီး

"အဲဒါအသစ်ပဲနန္ဒာ... ခုသူများတွေဖိနပ်စီးတယ် ၊ ငါဖိနပ်မစီးဘူး။ သူများတွေ မိုးမရွာတဲ့ညဆိုတော့ ထီးမဆောင်းဘူး ၊ ငါထီးဆောင်းတယ်၊ အဲဒါအသစ်ပဲပေ့ါ"

ပန်းရောင်မလေးကတော့ ဘာမှကြားပုံမပေါ်။ နန္ဒာကတော့ မျက်နှာကြီးစူပုပ်ပြီး ထီးကို အတင်းဆွဲလုကာ...

"မကြောင်စမ်းပါနဲ့ နေပိုင်ရာ...ပိတ်ထားလိုက်စမ်းပါ"

ဖိနပ်မပါသည့်ကြားထဲ သူနှင့်ကျွန်တော်အငြင်းအခုန်မဖြစ်ချင်တော့ပါ။ ဖိနပ်မပါလျှင် ဘယ်လိုမှ အဆင်မပြေနိုင်တာ မိန်းခလေးတွေမှမဟုတ်မှန်း ကျွန်တော်ကောင်းကောင်း လက်ခံလိုက်ပါသည်။ လွယ်လွယ်ပဲထီးကို ပိတ်ပေးလိုက်၏။ ဗဟန်းမှခ်ရောက်တော့ ကျွန်တော် ဖိနပ်သွားထုတ်နေတုန်း သူတို့နှစ်ယောက်က စကား တိုးတိုးပြောရင်း လမ်းမပေါ်မှာကျန်ခဲ့သည်။ ကျွန်တော်ပြန်ထွက်လာတော့ နန္ဒာက...

"နေပိုင် နင်ဘယ်သွားစရာရှိသေးလဲ"

ရုတ်တရက်ဖိတ်စာ နမူနာကိစ္စ ခေါင်းထဲဝင်လာ၏။ သတိရသွားတော့မှ ကြက်သီးတွေတောင် တဖြန်းဖြန်းထလာတော့သည်။ ဆိုင်ပိတ်သွားမှဖြင့်ဒုက္ခ...

"အေးဟာ ခုမှသတိရတယ်။ ငါဘုန်းကြီးဝတ်ဖို့ အလှူဖိတ်စာအပ်ထားတာ နမူနာသွားကြည့်ရမယ်ဟ အရေးကြီးတယ် ဆိုင်တောင်ပိတ်သွားပြီလားမသိဘူး ... နင်တို့ကရော"

"ငါတို့က မြေနီကုန်းမှာ ထမင်းသုတ်သွားစားဦးမှာ… နင်လိုက်ခဲ့လေဟာ နေပါဦး နင့်ဖိတ်စာက ဘယ်မှာအပ်ထားတာလဲ"

အမှန်ပြောရရင် ကျွန်တော်လည်း သူတို့နဲ့လိုက်သွားချင်နေမိသည်။ လောလောလတ်လတ် မက်ခွင့်ရထားသည့် အိပ်မက်လေးကလည်း လတ်ဆတ်နေတုန်းဆိုတော့ အိပ်မက်ဆက်မက်နေမိချင်သည်။ သို့သော် ဖိတ်စာ…

"ဖိတ်စာက ကျွန်းတောဈေးရှေ့က ဆိုင်မှာ အပ်ထားတာဟ"

နန္ဒာက ဒီနေရာမှာတော့ တော်တော် အသုံးကျသွားသည်။

"အေးလေ ဒါဆိုနင် ဖိတ်စာအရင်သွားကြည့်ပေါ့ ပြီးရင် မြေနီကုန်းကိုပြန်လာခဲ့လေ ဟုတ်ဘူးလား"

"အား အေး ကောင်းသားပဲ"

ပန်းရောင်မလေးက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ရင်း နှုတ်ခမ်းလေး နစ်ခုကို ဖိ၍ပြုံးသည်။ အဲဒီနှုတ်ခမ်းလေး ကြားထဲမှာပဲ ကျွန်တော့် အောက်ဆီဂျင်တွေပါသွားသည် ထင်ပါရဲ့။

မြေနီကုန်းရောက်တော့ သူတို့နှစ်ယောက်ကားပေါ်က ဆင်းသွားကြသည်။ နန္ဒာက မဆင်းခင် …

"နေပိုင်… နင်သေချာတော့ပြန်လာခဲ့နော် ဟိုရှေ့ကလမ်းထဲကဆိုင်မှာ နံမည်ကရွှေဖွန် "

ပြောရင်း လက်ညှိုးထိုးပြ၏။ သူ မယုံသင်္ကာဖြစ်နေမှန်းကျွန်တော် သတိထားမိလိုက်တာနဲ့ပဲ လက်ထဲက ထီးလှမ်းပေးလိုက်ရင်း

"ရော့ ငါ့ထီးယူသွား မယုံမှာစိုးလို့ အဲဒီမှာပဲစောင့်နေ ငါသေချာပြန်လာခဲ့မယ်"

နာရီကိုကြည့်မိတော့ လက်တံလေးက ညနေနာရီခွဲချင်ယောင် ဆောင်နေပြီ။ ကားတွယ်စီးရသောအရသာကလည်း ရန်ကုန်နဲ့ဝေးကွာနေခဲ့သည့်ကျွန်တော့်ကို လွမ်းအောင်လုပ်နေသလိုပဲ။ ကျွန်းတောဈေးရှေ့ရောက်တော့ မိုးက ကျွန်တော့်ကိုဂုဏ်ပြုလိုက်သည်။ မိုးရေထဲပဲ ဖိတ်စာဆိုင်ကိုပြေး

ဆိုင်က မပိတ်သေးလို့တော်သေး၏...။ဖိတ်စာစစ်ပြီး မိုးရေထဲပဲ ကားမှတ်တိုင်ကိုပြန်ပြေး။ မြေနီကုန်း ရောက်တော့ မိုးက ပြန်တိတ်သွားပြန်ပါလေရော။ ရန်ကုန်မိုးသည် တော်တော်တတ်လည်း တတ်နိုင်လှပါသည်။ ဆိုင်ရောက်တော့ မမချောနှစ်ယောက်က မစားသေးဘဲ ကျွန်တော်ကိုစောင့်နေကြသည်။

“အင်း နင်ကမြန်တော့မြန်သားပဲ... ကဲဘာစားမှာလဲ ထမင်းသုတ်ပဲလား”

“အင်း ထမင်းသုတ်ပဲ”

စိုနေတဲ့ရေတွေကို လက်ကိုင်ပုဝါနဲ့သုတ်နေတုန်း မကြာပါဘူး။ ထမင်းသုတ်နဲ့(သူတို့မှာထားပုံရတဲ့) အသုတ်တစ်ပွဲ လာချပေး၏။

“နန္ဒာအဲဒါဘာသုတ်လဲ”

နန္ဒာက စပ်ဖြဲဖြဲနဲ့

“အရှူးသုတ်”

သောက်ကျိုးနည်း...။စိတ်ထဲတောင် မတင်မကျဖြစ်သွားသည်။မီးဖိုထဲကို လှမ်းကြည့်လိုက်တော့လည်း အရူးနဲ့တူတဲ့သူမတွေ့။ အရူးဆိုရင်လည်း ဒီလိုဆိုင်မျိုးဖွင့် ထားမှာမဟုတ်ပါဘူးလေလို့ စိတ်ကို ပြန်ဖြေ ရသည်။ နန္ဒာ့ကိုတော့ ဘာမှမပြောတော့။ ပြောရင်လည်းသူရှင်းနေတာနဲ့ ပြီးမှမဟုတ်။ ထမင်းသုတ်ပဲ စားနေလိုက်သည်။ စားနေတုန်း သတိရသွားတာနဲ့....

“နန္ဒာ...ထမင်းစားရင် ဘာလို့ကိုယ့်ဘက်ခြမ်းက စပြီးစားကြတာလဲ”

နန္ဒာကော ပန်းရောင်မလေးကော ကျွန်တော့်မေးခွန်းကို သဘောပေါက်ပုံမပေါ်

“ဒီလိုဟာ... နင်အခုထမင်းစားတယ်မလား။ ပန်းကန်ထဲမှာ နင်နဲ့ကပ်နေတဲ့ ဘက်ကထမင်းကို စစားတယ် ပြီးမှ ဟိုဘက်ကထမင်းကို တဖြည်းဖြည်းချင်းဖဲ့ဖဲ့စားသွားတယ်လေ။ အဲဒါဘာလို့လဲ ”

ဒီတော့မှနန္ဒာကသဘောပေါက်သွားပြီး

"အင်းဟုတ်တယ်လေ အဲလိုပဲစားတာပဲ။ ငယ်ငယ်ထဲကပဲလေ အဲဒါဘာဖြစ်လဲ"

"မဟုတ်ဘူးဟ အဲလိုစားတာ အကြောင်းအရင်းရှိတယ် ငယ်ငယ်ထဲက ထမင်းစားရင် အဲလိုစားရမယ်လို့ မိဘတွေက သင်ပေးလိုက်တယ် ဒါပေမဲ့ အကြောင်းအရင်းတော့ သေချာမပြောပြ လိုက်ကြဘူး။ အဲဒါကိုငါမေးတာ နင်က ဒီတိုင်းပဲစားနေကျမို့စားတာလား ဒါမှမဟုတ်တကယ် သိလို့ပဲစားတာလားလို့"

နန္ဒာက...

"အကြောင်းအရင်းတော့မသိဘူးဟ အဲလိုပဲငါလည်းစားတတ်တယ် နင်ပြောတဲ့အကြောင်းအရင်းကဘာလဲ"

"ဒီလိုဟ ငါတို့ ဗုဒ္ဓဘာသာအယူအရ ကိုယ်စားနေတုန်း ရဟန်းသံဃာကြွလာတာတွေ့ရင် ကိုယ်မစားရသေးတဲ့ တခြားတစ်ဖက်အခြမ်းမှာကျန်နေတဲ့ ထမင်းကို လှူလို့ရတယ် လှူလည်းလှူခွင့်ရှိတယ်။ အဲဒါကြောင့်အဲလိုစားကြတာ... ဘာရယ်မဟုတ်ပါဘူးငါလည်းနင်တို့မသိဘူးထင်လို့ ဗဟုသုတပြောပြတာ"

ရုတ်တရက် တောက်လျှောက်ငြိမ်နေသည့် ပန်းရောင်မလေးက စကားဝင်ပြော၏။

"အဲလိုကိုယ်နဲ့အနီးဆုံးမဟုတ်တဲ့ တခြားဘက်ခြမ်းကနေ စစားတဲ့သူမျိုးတော့တွေ့ဖူးတယ်။ မျက်စိထဲဘယ်လိုမှကြည့်လို့မရဘူး"

ကျွန်တော်လည်းငြိမ်ငြိမ်လေးပဲနားထောင်နေလိုက်သည်။ နန္ဒာကလည်း ဘာမှထပ်မပြော ပန်းရောင်မလေးကလည်း အဲဒီ့နားတင်စကားရပ် သွား၏။ အမှတ်မထင်ပါပဲ ကျွန်တော်တို့ထမင်းဝိုင်းလေးလည်း တိတ်ဆိတ်သွားပြန်သည်။

စားလို့ပြီးသွားတော့ အချိန်က ၉နာရီ။ မြေနီကုန်း ပုံစံအရ ဖြတ်သွားဖြတ်လာတွေနှင့် စည်ကားနေတုန်းသာဖြစ်၏။ ကျွန်တော်ပဲ စကားစဖို့ဆုံးဖြတ်လိုက်သည်။ ပန်းရောင်မလေးကို ရှုတည်တည်ကြည့်လိုက်ရင်း...

"ကျွန်တော်မြင်ဖူးနေသလိုပဲ ဘယ်မှာမြင်ဖူးလဲသာမမှတ်မိတာ"

နန္ဒာက မျက်လုံးအဝိုင်းသားနဲ့...

"ဟယ် နေပိုင် နင့်ကိုငါ နင် GTC သွားတဲ့နေ့က သူနဲ့မိတ်ဆက်ပေးဖူးပါတယ် အဲဒါသူဇာထွန်းလေ"

ပန်းရောင်မလေးကတော့ ခေါင်းလေးငုံ့ရင်း လေတိုက်လို့သစ်ရွက်လေးလှုပ်ခတ်နေသလို သွယ်သွယ်လေး ရီနေလေရဲ့။ တကယ်တမ်းကျွန်တော် သူမကို မမှတ်မိပါဘူး။ ရမ်းပြောချလိုက်သည်က ခုတော့...

"အေး ဟုတ်တယ် ငါသတိရပြီ အင်း အင်း... နံမည်ကသူဇာထွန်းနော်"

ပန်းရောင်မလေးက ရယ်နေရင်းကနေ အသံတိတ်လေး ခေါင်းညိတ်ပြ၏။

"နံမည်က သူဇာထွန်းဆိုတော့ သူဇာလို့ပဲခေါ်မယ်နော်"

ဒီတစ်ခါလည်း ခေါင်းထပ်ညိတ်ပြသည်။ ပကတိအသံတိတ်...

"ဒါဆိုဘုရားမလာခင်ဖုန်းဆက်တာ သူဇာ့ဖုန်းပေါ့ ကျွန်တော် နံပါတ်မှတ်ထားလိုက်မယ်နော်"

ဒီတစ်ခါလည်း ခေါင်းထပ်ညိတ်ပြသည်။ စိတ်ပေါက်ပေါက်နဲ့ ကျွန်တော့်ကိုချစ်လားလို့မေးပစ်လိုက်ချင်တော့သည်။ သူမ လုပ်နေပုံက ကျွန်တော့် ရင်ဘတ်ကို သားရေကွင်းနဲ့ စိမ်ပြေနပြေထိုင်ပစ်နေသလို အသည်းယားချင်စရာ...။နန္ဒာကနာရီကြည့်ရင်း...

"ကဲသွားကြရအောင် ၉နာရီတောင်ကျော်နေပြီ"

ကျွန်တော်တို့သဘောတူညီစွာ ဆိုင်ထဲမှ ထွက်ခွာခဲ့ကြသည်။ ပန်းရောင်မလေးက မြေနီကုန်းမှ ကားစီးပြီးပြန်သွားသည်။ သူမ အိမ်က စမ်းချောင်းထဲမှာဖြစ်သော်လည်း ကားစီးပြီးပြန်ရသည်မှာ သူမအတွက်ပိုအဆင် ပြေမည့်ပုံ။ ကျွန်တော်က နန္ဒာ့ကို အိမ်ထိပြန်လိုက်ပို့ပေးလိုက်သည်။ လမ်းရောက်တော့ နန္ဒာက...

"ကျေးဇူးပဲနေပိုင်"

ကျွန်တော်သူမစကားကို နားမလည်

"ဘာအတွက်လည်း ဟ"

"ငါခေါ်လို့ ဘုရားကိုလာပေးတဲ့အတွက်ရော ။ ငါထီးယူသွားလို့ နင်မိုးမိသွားတာအတွက်ရော။နောက် ဖိနပ်မပါဘဲ လမ်းလျှောက်လိုက်ရတာရော"

ခုမှကျွန်တော် သဘောပေါက်လိုက်သည်။ နန္ဒာတစ်ယောက် အချင်းချင်းတွေကို ကပ်ပြီး အားနာ နေခြင်းပဲဖြစ်သည်။

"အာ..မလိုပါဘူးဟာရတယ်"

နန္ဒာ့အိမ်ရှေ့ရောက်တော့...

"ကဲသွားတော့ ငါအပေါ်ထိတော့ လိုက်မပို့တော့ဘူး။ ငါလည်း နင့်ကိုဒီနေ့အတွက် ကျေးဇူး တင်ပါတယ်။"

ပြောရင်းအိမ်ပြန်လာခဲ့လိုက်တော့သည်။ ကျွန်တော့်ကျေးဇူးတင်စကားကို နန္ဒာနားလည်ပုံမပေါ်ပါဘူး။ ကြောင်တောင်တောင်မျက်လုံးတွေနဲ့ ကျန်ခဲ့လေရဲ့။ ကျွန်တော်က နန္ဒာကို ပန်းရောင်မလေးနှင့် ဆုံဆည်းမှု အတွက်ကျေးဇူးတင်လိုက်ခြင်းပါ။

အိမ်ပြန်ရောက်တော့ အိပ်မပျော်သည်နှင့် ဝရံတာတွင် ဂစ်တာခပ်အုပ်အုပ်တီးနေလိုက်သည်။ မိုးက ဒီညတော့ရွာတော့မည့်ပုံမပေါ်။ လမင်းကဖိတ်တဝက်စင်တဝက် ကျွန်တော့်ကို ပြုံးပြနေသည်။ ပန်းရောင်မလေး သို့မဟုတ် သူဇာ...။ သီချင်းတစ်ပုဒ်နဲ့တစ်ပုဒ်ကြားမှ... ဒီအမည်နာမလေးကို ရေရွတ်ရင်း ....

*"ဒီညမှာ ကြယ်ကြွေရင်*
*ကျွန်တော့်ရင်ဘတ်ပေါ်မကျပါစေနဲ့*
*သူမ...*
*နာသွားမှာစိုးတယ်။"*

သေချာပါသည်။ ကျွန်တော်သူမကိုချစ်မိသွားပါပြီ။ ။

# အခန်း (၅)

ဂရေဟမ်ဘဲလ်ကတော့ ဖုန်းနဲ့မက်ဆေ့ချ် (message) ပို့ခဲ့ဖူးမယ်လို့ ကျွန်တော်မထင်မိဘူး။ ကျွန်တော်နှင့် ပန်းရောင်မလေးကတော့ ခုလောလောဆယ် မက်ဆေ့ချ် (message) လေးတွေကနေပဲ စလိုက်နောက်လိုက်နှင့် မေးထူးခေါ်ပြောအဆင့်ကို ကျော်လွန်နေခဲ့ပြီ။ သူလည်းသတိရလျှင် မက်ဆေ့ချ် (message) ပို့တတ်သည်။ ကျွန်တော်လည်းသတိရလျှင် ပို့သည်။ တခါတခါ message လေးများဖြင့် စသည်။သူမဖတ်ပြီး ပြုံးသွားမလား၊ ရီနေမှာလား၊

ကျွန်တော့်ကိုမျက်စောင်းထိုးမလား... ကိုယ့်အတွေး ထဲမှာကိုယ် ပုံဖော်နေရတာလည်းကြည်နူးစရာ။ တခါတခါ...

"ဒီစာကို မဖတ်နဲ့ ဘာမှမဟုတ်ဘူး။ ဖတ်နေလည်းဘာမှ ထူးမှာမဟုတ်ဘူး။ ခုပြောနေရင်း တန်းလန်းကနေ ဘာလို့ဆက်ဖတ်နေတာလဲ။မဖတ်ပါနဲ့လို့ပြောနေတာကို ကဲကြည့်ဆက်ဖတ်နေတုန်းပဲ။ ကျွန်တော်ပြောပါတယ် ဘာမှမဟုတ်ပါဘူးလို့။ ဘာလို့ဆက်ဖတ်နေတာလဲ။ း) ကောင်းသောညပါ သူဇာ။ "

သည်လိုမက်ဆေ့ချ်လေးတွေ ပါတတ်သည်။သူမကတော့ ထူးထူးဆန်းဆန်းမျိုးလေးတွေ မပို့တတ်။

"နေပိုင် ဘာလုပ်နေလဲ။ ညစာစားပြီးပြီလား။ ကောင်းသောညပါ။"

ဒါမျိုးလေးတွေသာ ပြန်ပို့တတ်သည်။ ဒီလောက်လေးနဲ့တောင် ကျွန်တော့်မှာ ကျေနပ်မဆုံး။ မက်ဆေ့ချ် (message) မှတဆင့် ဖွင့်ပြောလိုကလျှင် ကောင်းမလား။ သို့သော် အလေးမထားရာရောက်မည်။ ကိုယ်တိုင်လူချင်းတွေ့ပြီး လည်းမပြောရဲ။ တွေ့တာမှမကြာသေး ရည်းစားစကားပြောလိုက်လျှင် ပြန်လာတုန်းခဏ အပျော်ရည်းစားထားသည်ဟု ထင်သွားမည်ကိုလည်း စိုးရိမ်ရပြန်သည်။ ခု ကျွန်တော်လည်း သာအေးနှင့်မထူးမခြားနား....။ အတွေးထဲတွင် စိတ်ကူးယဉ်ကြည့်လိုက်တော့...

ရန်ကုန်မှာက သာအေးတို့ရွာမှာလို ကွပ်ပျစ်လည်းမရှိ။ တွေ့တဲ့အချိန်ကလည်း နေ့လည်နေ့ခင်း ဆိုတော့ လမင်းလည်းမသာ။ ကောင်းကင်ကို မော့ကြည့်တော့ မိုးရာသီအတိုင်း မိုးတွေညိုနေတာနဲ့

"သူဇာ...ကောင်းကင်ကြီးကလည်းမည်းလို့..."

သူမက နှုတ်ခမ်းဆူပြီးမျက်မှောင်လေးကြုံသည်။ပြီးတော့...

"အဲဒါဘာဖြစ်လဲ"

ရန်ကုန်မှာဆိုတော့ သာအေးတို့ရွာမှာလို ပြောင်စရာ စဥ့်အိုးလည်းမရှိ...။ လမ်းပေါ်ငေးကြည့် လိုက်တော့...

"ဟိုလေ....ဟိုမှာ ခုခေတ်ကောင်မလေးတွေကလည်း ပေါ်လို့...."

သူဇာက…

"အဲဒါဘာဖြစ်လဲ"

"ဟို..ကျွန်တော်သူဇာ့ကိုချစ်တယ်"

ခုအတွေးထဲမှာသာရှိသေးတယ် အခြေအနေက ဘယ်လိုမှ အဆင်မပြေ။ အပြင်မှာဆို တော်တော်လေးကို ဖရိုဖရဲဆန်နေမှာသေချာသည်။ သည်လို ပြောဖို့တော့ဘယ်လိုမှ အဆင်မပြေနိုင်။ သို့သော် လောလောဆယ် စိတ်ကူးထဲတွင် မနက်ဖြန် မနက် သူမနှင့်မနက်စာ တူတူ စားချင်စိတ်က များနေသည်။ ဖုန်းလည်းမဆက်ရဲ …။ သည်တော့ထုံးစံအတိုင်း မက်ဆေ့ချ်လေးပဲ အားကိုးလိုက်ရသည်။

"သူဇာအိပ်သွားပြီထင်တယ်နော်… ကျွန်တော် သူဇာနဲ့မနက်စာတူတူစားချင်တာ ပြောမလို့ မအားတာနဲ့ မပြောလိုက်ရဘူးဗျာ။ ကောင်းသောညပါ သူဇာ"

ပို့သာပို့လိုက်ရသည်။ ဝါးရုံတာမှာ တစ်ယောက်ထဲရပ်နေရင်းက ညလေပြေလေးတိုက်ခပ်လာသည်။ ရင်ထဲမှာတလှပ်လှပ်နှင့်။ ရုတ်တရက်…

"သူဇာမအိပ်သေးပါဘူး။ နေပိုင်ကောညစာစားပြီးပြီလား။ သူဇာနဲ့မနက်စာတူတူစားချင်တဲ့ အကြောင်းအရင်းကို ပြောပြလို့ရမယ်ဆိုရင်ပေါ့"

စာပြန်ဝင်လာသည်။ ဒါမိုးလေမသဲကွဲတဲ့စာမှန်း ကျွန်တော်ကောင်းကောင်းသိလိုက်၏။ မနက်စာစားဖို့ လက်မခံသော်လည်း မငြင်းဆန်။ အရာအားလုံးကို ကျွန်တော့်ဖြေရှင်းချက် တစ်နည်းအားဖြင့် ကျွန်တော်ပြန်ပြောရမည့် အကြောင်းပြချက် အပေါ်ကို ပုံချလိုက်သလိုမျိုး။ အဲဒါမှတကယ့် ပြဿနာ။ ကျွန်တော့်တွင် အကြောင်းပြချက်မရှိ။ အဆင်ပြေလျှင် ရည်းစားစကားဖွင့်ပြောချင်၍ ချိန်းဆိုခြင်းသာဖြစ်သည်။ သည်လိုတည့်တည့်ပြောလိုက်ပါက သူမ လာမည်တဲ့လား။ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ပြန်ပို့မှ ဖြစ်မမည်ဟုတွေးမိသောကြောင့်….

" သူဇာ့မေးခွန်းက သိပ်လှတယ်။ ကျွန်တော့်မှာ အကြောင်းပြချက်မရှိဘူး။ ရေသောက်သလို အသက်ရှင်သန်ဖို့ဆိုတာထက် စိတ်ရဲ့ဆာလောင်မှု သက်သက်ပေါ့။ ကျွန်တော်နဲ့အတူမနက်စာစားဖို့ ထပ်ဖိတ်ပါတယ်။"

ဖြစ်ချင်ရာဖြစ်ဆိုပြီးပို့လိုက်သည်။ ကျွန်တော်အတတ်နိုင်ဆုံးလုပ်ခဲ့သည်ပဲ။ လက်ခံတာလက်မခံတာ ကံကိုပဲအပြစ်ပုံချရတော့မည်ဖြစ်သည်။သည်ညတော့ကျနော့်ရင်ခုန်သံတွေ အကြောင်း ဒီဖုန်းလေးကပဲ ကောင်းကောင်းသိမည်ထင်သည်…။ ခဏကြာတော့ စာပြန်ဝင်လာ၏။

"နေပိုင့်အဖြေကို သူဇာသဘောကျတယ်။ မနက်စာစားဖို့ကိုလည်း လက်ခံပါတယ်"

"ဟေး:::::::::::"

အော်ပြီးမှ အိမ်ထဲကိုကြည့်ရသေးသည်။ ပင်ပန်းပြီးအိပ်ပျော်နေတဲ့ မေမေ့ကိုနိုးမသွားစေချင်။ တစ်အိမ်လုံးလည်းမှောင်လို့ ငြိမ်သက်။ ခုမှပဲသဘောပေါက်တော့သည်။ သူမ မအားသဖြင့် ကျွန်တော့်ကိုအရေးတကြီး အကြောင်းပြချက်တောင်းနေသည်မဟုတ်မှန်း ကျွန်တော်သိလိုက်ပါသည်။ တကယ်တမ်းက ကျွန်တော့်ကို လွယ်လွယ်နဲ့မလိုက်လျောချင်တဲ့သဘော။ ဒါကြောင့် ဒီကောင်မလေး သက်သက်ရစ်နေတာရယ်လို့ တစ်ဖက်သတ်ပဲ သတ်မှတ်ပစ်လိုက်သည်။ သူမဟာ နတ်သမီးယောင်ဆောင်ထားတဲ့ လူညစ်မလေးပဲ ဟုတွေးရင်း ဖုန်းဆက်ဖို့ဆုံးဖြတ်လိုက်၏။

"…."

"သူဇာလား၊ အင်း မနက်စာတူတူစားမယ်ဆိုတော့ မနက်ဖြန်ဘယ်မှာဆုံကြမလဲ"

လေသံအေးအေးလေးနှင့်သူဇာက…

"သူဇာမနက်ဖြန် မဟာမြိုင်မှာ သင်တန်းတစ်ခုရှိတယ်။ မနက်၉နာရီမှာ။ ဒီတော့ ၈နာရီခွဲလောက် အဲဒီလမ်းထိပ်မှာပဲဆုံမယ်လေ"

"အိုကေလေ ဒါဆိုမနက်ဆုံခါနီးကျမှပဲ ဖုန်းထပ်ဆက်လိုက်မယ်"

"ကောင်းပါပြီရှင်"

"ဒါပဲနော်… ကောင်းသောညပါသူဇာ"

ဖုန်းချလိုက်သည်။

လမင်းခြွေချလိုက်သည့်လေပြေဟာ ညချမ်းကို တချက်တချက်ပုတ်ခတ်နေသည်။ လမ်းမပေါ်က နီယွန်မီးရောင်တွေကလည်း ဝါးရုံတာမှာ ဖုန်းတစ်လုံးနှင့် အလုပ်ရှုတ်နေသည့် ကျွန်တော့်ကို လှောင်ချင် လည်းလှောင်ရယ်နေမည်။ မည်သို့ပင်ဖြစ်စေ ဂရေဟာမ်ဘဲလ်နှင့်တွေ့သည့်အခါတော့ မက်ဆေ့ချ်ပို့နည်း ကျွန်တော်သူ့ကို သင်ပေးရဦးမည်။

စမ်းချောင်းလေးကို

ကောင်းကင်မှာချိတ်ဆွဲဖို့

(ဘယ်သူကများ)

ခေါင်းပန်းလှန်ခဲ့ပါလိမ့်

(ကျွန်တော်တော့)

ဒီနက္ခတ်လေးကိုပဲ

ကိုးကွယ်ပစ်လိုက်တယ်။

# အခန်း (၆)

"သားရေ ထတော့လေ... ဧနာရီခွဲသွားစရာရှိတယ်ဆို ဧနာရီတောင်ထိုးနေပြီ"

ညက တော်တော်နှင့် အိပ်မပျော်။ မိုးလင်းခါနီးမှအိပ်ပျော်သွားတော့ မေမေ့နှိုးသံကြားမှ အိပ်ယာက နိုးလာသည်။ လူကနိုးနိုးချင်း စိတ်က မဟာမြိုင်မှာ မျက်လုံးကနာရီဆီသို့။ ဧနာရီတိတိ။ ချက်ချင်းပဲ အိပ်ယာထသိမ်း ရေချိုးခန်းဝင်။ နောက်နာရီဝက်ဆို ကျွန်တော်မဟာမြိုင်ကိုရောက်နေရတော့မည်။

ကိစ္စဝိစ္စတွေကိုအသည်းအသန်လုပ်နေရသည်။ နောက်ကျတာမျိုးလည်း မဖြစ်စေချင်။ ပထမဆုံးချိန်းဆိုပြီး ကျွန်တော်ကပဲနောက်ကျတာမျိုးမဖြစ်ချင်။ သည်လိုမနက်ခင်းမျိုးနှင့်ပေါင်းမိမှပဲ ကျွန်တော်လည်း သွက်လက် တက်ကြွနေတော့သည်။ အားလုံးပြင်ဆင်ပြီး မှန်ရှေ့ရပ်တော့ အလင်းအရှိန်နဲ့အပြိုင်ခရီးသွားနေသည့်ပုဂ္ဂိုလ်နှင့်တူနေသည်။မျက်လုံးကလည်းနာရီကိုတကြည့်ကြည့် နှင့်။ အိမ်ကထွက်လာခဲ့လိုက်သည်။ မဟာမြိုင်ရောက်တော့ ၈နာရီခွဲတိတိ။ လက်ထဲက ဖုန်းလေးကလည်း ပင်ကိုယ်အတိုင်း အိပ်မောကျ နေတုန်း။ သူမပြင်ဆင်နေတာပဲ ကြာနေတာလား။ ချိန်းထားတာပဲ မေ့များသွားလို့လား။ အိပ်ယာထပဲ နောက်ကျနေတာလား။ ဒါမှမဟုတ်....။ လမ်းထိပ်မှာဟိုဘက်လျှောက် လိုက်ဒီဘက်လျှောက်လိုက်နှင့် ကျွန်တော်ကိုလူတွေကလည်း သတိထားမိသလောက်ဖြစ်နေပါပြီ။ မတတ်နိုင်တဲ့အဆုံး...

"ဟဲလို...သူဇာလား။ ကျွန်တော်နေပိုင်...။ အင်းမဟာမြိုင်မှာရောက်နေပြီ အဲဒါဘယ်မှာစောင့်နေရ မလဲလို့.."

သူမထံမှ အားနာနေတဲ့အသံလေးတစ်ခုနှင့်...

"အင်းနေပိုင်..ရောက်နေပြီလား သူဇာလာနေပြီနော်။ အဲဒီ့လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှိတယ်။ အဲဒီကပဲစောင့်နေပေါ့"

"အိုကေ..ခဏနေဆုံမယ်နော်"

ဖုန်းချသွားတော့ လက်ဖက်ရည်ဆိုင်ကို လိုက်ရှာရသည်။ လက်ဖက်ရည်ဆိုင်တွေ့တော့ ဆိုင်ထဲဝင်ထိုင် လက်ဖက်ရည်မှာရင်း.... ပတ်ဝန်းကျင်ကို အကဲခတ်နေလိုက်သည်။ ဆိုင်လေးက တိတ်တဆိတ်ရှိသလို လူလည်းရှင်းနေသည်။ စားပွဲထိုးလေး သုံးယောက်လေးယောက်ကလွဲ၍ ဘယ်သူမှမရှိ။ ဆိုင်ထဲမှာလည်း ကျွန်တော်တစ်ယောက်ထဲ။ လက်ဖက်ရည်သောက်ရင်း ဆေးလိပ်ဖွာရင်း သူမလာမည့်လမ်းဆီပဲ ငေးနေလိုက်သည်။ ၉နာရီထိုးတော့ အိပ်လေးတစ်လုံးကိုလွယ်ပြီး လာနေသည့် သူမကို လှမ်းတွေ့လိုက်သည်။ သူမကလည်း ကျွန်တော့်ကိုတွေ့ပါသည်။ ဆိုင်ထဲဝင်ထိုင်ရင်း...

"ရောက်နေတာကြာသွားပြီလား sorry နော်။ နည်းနည်းနောက်ကျသွားတယ်။"

"ရပါတယ် လာမယ်ဆိုတာသိနေလို့စောင့်နေတာပဲ ကိစ္စမရှိပါဘူး။ "

သူမကဘေးနားကစားပွဲထိုးလေးကို

“လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်”

သူမကြည့်ရသည်မှာ လက်ဖက်ရည်ကို သောက်နေကျနင့်တူပါသည်။ ကျွန်တော်လည်း ချိန်းတုန်းကချိန်းပြီး ဘာပြောရမှန်းမသိ။

“တခုခုစားဦးလေ သင်တန်းသွားရဦးမယ်ဆို”

သူမကပွင့်လင်းစွာပဲ

“ဟင့်အင်း..မစားတော့ဘူး မနက်က မေမေက အိပ်ယာနိုးတော့ သင်တန်းသွားရမှာဆိုပြီး မုန့်ကျွေးလိုက်တယ်။ လက်ဖက်ရည်ပဲသောက်တော့မယ်။”

ခဏနေတော့ လက်ဖက်ရည်ရောက်လာသည်။ ကျွန်တော်ကဘာပြောလျှင်ကောင်းမည်လဲ စဉ်းစားရင်း တချက်တချက်သူမကို အကဲခတ်ကြည့်ရင်း။သူမ လက်ဖက်ရည်ခွက်လေးကို ကိုင်ပြီး ပုခုံးလေး တွန့်ပြီးစုပ်သောက်လိုက်သည်။ သူမပုံစံက ဒီမနက်ခင်းနဲ့ကျွန်တော့်ကို အသက်ရှူဖို့မေ့သွားအောင် လုပ်ရမည်ဟု အမိန့်ချခံထားရသည့် နတ်သမီးလေးတစ်ပါးလို။ လက်ကလည်း ခေါင်းမှ ဆံပင်လေးတွေကို လိမ်လိုက် ပြန်ဖြန့်လိုက်နင့် ရှက်ကိုးရှက်ကန်းဖြစ်နေသည့်ပုံပါပဲ။ ကျွန်တော်လည်း စကားရှာစရာမရှိ စားပွဲဝိုင်းလေးက တိတ်ဆိတ်လို့ကောင်းတုန်း....

“သူဇာ့မွေးနေ့ကဘယ်နေ့လဲ”

“၁၉၉၉- နိုဝင်ဘာ ၁၆”

ကျွန်တော့်စိတ်ထဲကအမိပွါယ်လေး ပေါ်လွင်အောင် ပြုံးပစ်လိုက်သည်။ သူမကပဲဆက်ပြီး...

“ဘာပြုံးတာလဲ”

“မွေးနေ့တူနေလို့... ကျွန်တော်က ဖေဖော်ဝါရီ”

သူမက နှစ်နှစ်ချိုက်ချိုက်ရယ်မောရင်း...

"သြော် lucky seven သမားတွေလေ…"

သည်တစ်ခါအပြုံးကိုသဘောမပေါက်ခဲ့သူက ကျွန်တော်

"ဘာဖြစ်လဲ lucky seven က"

သူမက ကလေးဆန်ဆန် ပွင့်လင်းစွာနဲ့

"lucky seven သမားတွေက စိတ်သဘောထား ဖြူစင်တယ်တဲ့…ဟီဟိ"

ကျွန်တော်သဘောကျသည်နှင့် ရယ်နေလိုက်သည်။ သူမအပြုံးလေးက ဒီမနက်ခင်း၏ ခမ်းနားခြင်းတစ်မျိုး ဖြစ်နေပါသည်။ အရောင်အဆင်းလုံးဝမပါ။ ဟန်လုပ်ပြုံးနေခြင်းမဟုတ်တော့ သည်အပြုံးကိုဖတ်ရသည်မှာ စိတ်ထဲအေးချမ်းစေသည်။

"ဒါနဲ့စကားမစပ် သူဇာ အားတဲ့အချိန်တွေဆို ဘာတွေလုပ်တတ်လဲ။ ဝါသနာတစ်ခုခုပေါ့ ကျွန်တော်သိချင်လို့"

သူမက မေးစေ့လေးကို ၄၅ဒီဂရီပင့်ရင်း….

"အင်း…ထွေထွေထူးထူးတော့မရှိပါဘူး။ သီချင်းနားထောင်တယ်။ ဒါမှမဟုတ်အိပ်တယ်။ နေပိုင်ရော"

"ကျွန်တော်က စာရေးတယ်။ အထူးသဖြင့် ကဗျာပေါ့ ကြုံမှပေးဖတ်ရဦးမယ်။ နောက်ပြီး ဂစ်တာတီးတယ်။ မဟုတ်ရင်တော့ သူဇာ့လိုပဲပေါ့"

သူဇာ့လိုပဲဆိုသည့်အသုံးအနှုန်းကို နားမလည်သလို မျက်မှောင်ကျုံ့ပြ၏။ကျွန်တော်ကပဲဆက်ပြီး

"အိပ်တယ် လို့ပြောတာ"

သူမ ကိုယ်လုံးလေး တသိမ့်သိမ့်တုန်အောင် ရယ်နေ၏။ ပြီးမှ…

"သူဇာလည်း ဂစ်တာတီးတတ်ချင်တယ်"

"ဟာ မိန်းခလေး ဂစ်တာတီးတာတော့အားမပေးဘူး။ လက်မလှတော့ဘဲ နေလိမ့်မယ်။ မတီးပါနဲ့ သူဇာနားထောင်ချင်ရင် ကျွန်တော်ကြုံတဲ့အခါ တီးပြမယ်လေ"

တကယ်တမ်း ကျွန်တော့်စိတ်က သူမလက်လှလှလေးတွေ မာကျောသွားမည်ကို မလိုလားခြင်းပါ။ နူးညံ့မှုတစ်ခုကို အသွင်ပြောင်းပစ်လိုကရန်အတွက် ကျွန်တော့်အသည်းမမာနိုင်ခဲ့တာလည်း ဖြစ်ပါသည်။ လက်ထိပ်ကလေးတွေ နာကျင်သွားဖို့မပြောနှင့် လေတိုက်၍ ကေသာလေးတွေ လွင့်စင်သွားမှာတောင် ကျွန်တော်တိတ်တိတ်လေး စိုးရိမ်တတ်နေခဲ့ပြီလေ။ ဒါတွေကိုသူမကတော့မသိ။ သမရိုးကျသူမပုံစံလေးအတိုင်း ခေါင်းညိတ်ပြသည်။ ခေါင်းလေးက လေတိုက်လို့ နွဲ့ယိမ်းလေး ယိမ်းခါပြနေတဲ့သစ်ရွက်လေးတွေလို။ ကျွန်တော်လည်း ကြည်နူးနေသည်နှင့် လောကကြီးကိုတောင်မေ့လို့။ အမှတ်တမဲ့ နာရီကြည့်မိတော့။ ၉နာရီခွဲဖို့ ငါးမိနစ်အလို။

"သူဇာ…သင်တန်းက ၉နာရီဆို ခု ၉နာရီတောင်ခွဲတော့မယ်"

သူမက သဘောကျစွာပြုံးရင်း…

"ရပါတယ် ဆရာကို ဒီနေ့၉နာရီခွဲမှ လာမယ်လို့ ပြောထားတယ်။ ခဏနေသွားမယ်လေ။"

"မမကလည်း သားသားက သိမှမသိတာကို"

ကျွန်တော် နောက်လိုက်သည်။ သူမကလည်းချက်ချင်း…

"ဟင်း…သားသားမသိတာတွေကလည်းအရမ်းများတာပဲနော်"

စားပွဲလေးမှာ ကျွန်တော်တို့နှစ်ယောက်ရယ်သံတွေ ညံသွားလေရဲ့။ ခဏနေတော့ သူမလည်း သင်တန်းပေါ်ကိုတက်သွား၏။ အပြန်လမ်းမှာ ကျွန်တော့်ခမျာ တစ်ယောက်ထဲကိုဖြစ်လို့…။

ဒီနေ့ မနက်ခင်းလေးက ကျွန်တော်တို့ နှစ်ယောက်အတွက် မိုးတောင် တကူးတက တိတ်ပေးထားသည်။ မကြာသေးခင်က ရယ်သံတွေညံခဲ့သည့် စက္ကန့်လေးတွေက ခုတော့လည်း သူတို့မဟုတ်ကြသလို။ ခဏလေးတွေ့လိုက်ချိန်မှာပင် အမှတ်တရလေးတွေ

ဖြစ်ပေါ်တတ်သေးပါက အချိန်အတိုင်းအတာ တစ်ခုထိ ကြာမြင့်သွားသည့်အခါ ပမာဏဘယ်လောက်ကြီးမားလိမ့်မည်လဲ။ ကျွန်တော်မသိပါ။ ကျွန်တော်တကယ်ကိုမသိခဲ့ပါ။

လက်ဖက်ရည်တစ်ခွက်ကသာ

မနက်ခင်းတစ်ခုလုံးကိုခမ်းနားစေမယ်ဆိုရင်

နာရီမကြည့်ဘဲ

မော့မော...

သောက်ချင်မိပါရဲ့။

နန္ဒာက ကျွန်တော့်အသံကို မှတ်မိနေ၏။

# အခန်း (၇)

"ဟဲလို...နန္ဒာလား"

နန္ဒာက ကျွန်တော့်အသံကို မှတ်မိနေ၏။

"အေးနေပိုင်ပြော.."

"နင်အခု အိမ်မှာလား ငါနဲ့ခဏလောက်လိုက်ခဲ့ပေးပါလားဟာ။ ငါ သန်ဘက်ခါ ရဟန်းခံတဲ့အလှူ သူဇာ့ကိုသွားဖိတ်ချင်လို့။ "

နန္ဒာက သိပ်စိတ်ပါတဲ့ပုံမပေါ်။ မလိုက်ရင်လည်း ကျွန်တော်အတင်းခေါ်နေမည်ကို (တနည်းအားဖြင့် ရစ်နေမည်ကို) သူမ ရိပ်မိနေပုံရပါသည်။

"အာ.... အေးဟာ လိုက်ခဲ့ပေးမယ်။"

"အေးဒါဆိုအောက်ဆင်းလာခဲ့တော့ ငါနဲ့လုံးလုံးနဲ့ အောက်မှာစောင့်နေတယ်"

"အေးအေး ခဏစောင့်"

ဖုန်းချလိုက်သည်။

တစ်နေကုန်ဖိတ်စာလိုက်ဝေသည့်ကိစ္စတွင် ကျွန်တော်နှင့်အတူ လုံးလုံးက အဖော်လိုက်ပေးသည်။ မလိုက်ပေး၍လည်းမရ အလှူမှာ ဖိတ်ထားသည့်သူတွေက ကျွန်တော့်အသိတွေသာများသည်။ အလှူနေ့တွင် လုံးလုံးကိုပဲ ဧည့်ခံရန်ကူညီခိုင်းရသည်။ မိုးနံ့သင်းနေသဖြင့် ထင်သလောက်တော့မပင်ပန်း။ စိတ်က ငြိမ်းငွေ့သော်လည်း လူကလန်းဆန်းနေသည်။ လက်ထဲက နံမည်တပ်ထားသည့် ဖိတ်စာအဖြူရောင်လေးက ညကိုလှောင်ပြုံးပြုံးပြနေသလို ခံစားရသည်။ ညလည်းဖြူဖြူစင်စင် မှောင်ချင်ရာမှာပေါ့လို့ ကျွန်တော်ကပဲ ကိုယ်ချင်းစာပေးလိုက်သည်။ နန္ဒာကတော်တော်နဲ့ဆင်းမလာ။ သူပြောသွားသည့် ခဏဟာ တော်တော် ကြာပါသည်။ နန္ဒာဆင်းလာတော့ လုံးလုံးက...

"နင်ကဟာ လှမှာလည်းမဟုတ်ဘဲနဲ့ ပြင်နေတာ ကြာလိုက်တာ"

နန္ဒာက ရယ်လည်းရယ်ချင်နေပုံပါပဲ။ ဒေါသထွက်ကြောင်းလည်း လုံးလုံးကို ပြချင်သေးတော့...

"နင်ကတော့သေတော့မယ် ။ ဒါနဲ့နေပိုင် နင်က သူဇာ့ကို သွားဖိတ်ရုံပဲလား"

"မဟုတ်ဘူးဟ အဲဒီဘက်မှာ ငါ့အမျိုးအိမ်တစ်အိမ်ရှိတယ် သူတို့ကိုပါတစ်ခါထဲဝင်ဖိတ်မလို့"

ကျွန်တော်တို့စကားပြောရင်းထွက်လာခဲ့လိုက်သည်။ လုံးလုံးနဲ့ နန္ဒာက တကျက်ကျက်။ စလိုက်နောက်လိုက်နှင့်။ ကျွန်တော်ကတိတ်တဆိတ်ပဲ တွေးနေလိုက်မိသည်။ အရင်ကဆို ကျွန်တော်ရယ် လုံးလုံးရယ် နောက်သူငယ်ချင်းတစ်ယောက်ရယ် နန္ဒာရယ်။ တော်တော် ချစ်ကြသည့် သူငယ်ချင်းတွေဖြစ်ကြသည်။ ခုမတွေ့ဖြစ်တာကြာသွားသော်လည်း စိမ်းမသွား။ ကျွန်တော်ပြန်လာချိန်မှာ နောက်သူငယ်ချင်းတစ်ယောက်က နိုင်ငံခြားရောက်နေသည်။ သူက ပြန်လာတော့မည့်ပုံလည်းမပေါ်။ ခုတော့ ကျွန်တော်တို့ သုံးယောက်သာ ကျန်ခဲ့တော့သည်။အရင်ကဆို ဘယ်သွားသွားဘယ်လာလာ ကျွန်တော်တို့သူငယ်ချင်းလေးယောက် တတွဲတွဲ။ မဆီမဆိုင် အဝေးရောက်နေသည့် သူငယ်ချင်းကိုတောင် သတိရမိနေသည်။ တွေးနေရင်း သူဇာ့အိမ်ရောက်တော့...

နန္ဒာကပဲ ဦးဆောင်ပြီး အိမ်ထဲဝင်သွားသည်။ ကျွန်တောနှင့်လုံးလုံးက အပြင်မှာပဲနေခဲ့လိုက်သည်။ ခဏနေတော့နန္ဒာပြန်ထွက်လာသည်။ နောက်မှာက ပန်းရောင်မလေး။ အိမ်နေရင်းပုံစံလေးနဲ့လည်း တစ်မျိုးလှနေသည်။ အချိန်မရွေးနေရာမရွေး ကျွန်တော့်ရင်ခုန်သံကို သူမစိမ်ခေါ်နေမည်ထင်သည်။

အပြင်ထွက်လာပြီးမှ နန္ဒာနဲ့ပြောလို့ဆိုလို့မပြီးနိုင်။ ကျွန်တော်နဲ့လုံးလုံးက ကြောင်တောင်တောင်ကြီးကို ဖြစ်လို့။ ခဏနေတော့ စကားပြောစရာကုန်သွားမှ နန္ဒာက...

"နေပိုင် နင်ဖိတ်စာပေးမလို့ဆို"

ကျွန်တော်ကလည်း ခပ်တင်းတင်းပဲ

"အေးလေ နင်တို့က ပြောလို့ဆိုလို့မှ မပြီးနိုင်တာကို"

နန္ဒာက ရယ်မောရင်း...

"ဩော်အေးအေး sorry sorry!"

ပြောရင်းငြိမ်သွား၏။ လုံးလုံးဘက်ကိုလှည့်ပြီး ဘာတွေပြောနေလဲမသိ။ ကျွန်တော့်အလှည့် ရောက်ပြီဆိုတော့...

"ရော့ သူဇာ့အတွက်ဖိတ်စာ"

သူ့ဇာ့ဆီကကျွန်တော်တို့ပြန်ဖို့ခက်တဲ့စကားက တစ်ခွန်းထဲ။ မျက်လုံးလေးပင့်ကြည့်ပြီး ရုပ်တည်လေးနဲ့

"ဘာလဲ..ယူတော့မလို့လား"

သူမအမူအရာလေးက ကလေးဆန်နေ၏။ ပင်လယ်ကိုဖြတ်တိုက်လာသော လေပြေလေးနှင့်လည်းအသွင် တူသည်။ သူမကိုင်စွဲထားသည့်မေးခွန်းက မျက်ဝန်းနှင့်အတူ စူးရှထက်မြက်နေ၏...။ ကျွန်တော်လည်း

"အင်း...ယူတော့မှာ..ဒါပေမဲ့မိန်းမမဟုတ်ဘူး..ကုသိုလ်"

အလှူဖိတ်စာမှန်းသိလျှက်နဲ့ သူမသက်သက်ပြောနေတာပါ... ကျွန်တော့်အဖြေကြားမှ နှုတ်ခမ်းလေးနှစ်ခုကိုဆွဲဆန့်ရင်း...

"ဟုတ်ပါတယ်..ကုသိုလ်ကိုပဲမေးတာပါ...သူ့ဟာသူမလုံမလဲဖြစ်နေပြီးတော့..နော်နန္ဒာ"

ဘယ်လောက်အသည်းယားချင်စရာကောင်းတဲ့ကောင်မလေးလဲဗျာ...နန္ဒာ့ကိုတောင်အဖော်ညှိလိုက် သေးသည်...။ နန္ဒာက ရီမောရင်း...

"နင်တို့ဖိတ်စာ သွားဖိတ်ဖို့ရှိသေးတယ်ဆို ငါမလိုက်တော့ဘူး နင်တို့ပြန်ရင်ဝင်ခေါ် ငါဒီမှာပဲရှိမယ်"

ကျွန်တောနှင့်လုံးလုံးထွက်ခဲ့လိုက်သည်။

အမျိုးအိမ်က မရောက်တာကြာပြီဖြစ်၍ တော်တော်နှင့်ရှာမတွေ့။ အိမ်ကို ဖုန်းဆက်ပြီး အခန်းသေချာပြန်မေးနေရသည်။ အဆင်ပြေသွားပါသည်။ ဖိတ်စာပေးရင်းနှုတ်ဆက်ရင်း ခဏထိုင်ပြီးပြန်ထွက်လာလိုက်သည်။ နန္ဒာ့ကိုပြန်ဝင်ခေါ်တော့ ပန်းရောင်မလေးက...

"နင်တို့လက်ဖက်ရည်ဆိုင် မထိုင်တော့ဘူးလား... ထိုင်ရင် ငါလည်းလိုက်ခဲ့မယ်"

ကျွန်တော်က ပါးစပ်ဟတုန်းပဲရှိသေး နန္ဒာက ကြားကနေ

"မထိုင်တော့ပါဘူးဟာ ပြန်တော့မယ်။ ဒီကောင်ခေါ်လို့လိုက်လာပေးရတာ ငါပင်ပန်းနေတာ နားချင်ပြီ"

ကျွန်တော်ဟာထားမိတဲ့ပါးစပ်က သက်ပြင်းတစ်ချို့သာထွက်ကျသွားသည်။ နန္ဒာ့ကိုလည်း အသက်အောင့်ရင်း ကျိမ်ဆဲပစ်လိုက်သည်။ တကယ်တမ်း ပန်းရောင်မလေးသာပါမယ်ဆိုလျှင် ကျွန်တော်လည်း လက်ဖက်ရည်ဆိုင်ထိုင်ချင်တာမှ ဝက်ဝက်ကွဲလို့။ ခုနန္ဒာလုပ်ချလိုက်ပုံက ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့။ သည်လိုနှင့် အပြန်လမ်းတွင် သူငယ်ချင်းသုံးယောက် ထူးထူးခြားခြား တိတ်ဆိတ်နေမိကြသည်။ ဖြတ်သွားဖြတ်လာ ကားသံမှလွဲ၍ မည်သည့်အသံမှ ထူးထူးခြားခြားမကြားရ။ မှောင်နေသည့်ညတွင် အသံမရှိသောကြောင့်လား။ ကျွန်တော် တွေးနေမိသည်။ သို့မဟုတ် ည၏အသံဟာ ကျွန်တော်ခုနကပါးစပ်ဟာပြီးမှ မပြောဖြစ်လိုက်တဲ့စကားသံ တစ်နည်းအားဖြင့် ကျွန်တော်ပြောခွင့်မရလိုက်တဲ့ အသံမျိုးပဲ ဖြစ်ကောင်း ဖြစ်မည်။

"နန္ဒာ သူဇာကလှတယ်နော်"

တိတ်နေရာက အသံကြားတော့ နန္ဒာက ကျွန်တော့်ကို ရိပ်မိပုံရပါသည်။

"ဘာလဲ နင်သဘောကျလို့လား သဘောကျရင် သေချာပြောနော်။ ငါပြန်ပြီးမိတ်ဆက်ပေးမယ်။ ငါက နင်တို့ကို ဒီအတိုင်းပဲမိတ်ဆက်ပေးထားတာ။ ဒါပေမဲ့နင် အတည်တော့ဖြစ်ရမယ်နော်"

စိတ်ထဲထောင်းခနဲဖြစ်သွားပေမဲ့ ကျွန်တော်ပြုံးပဲပြုံးဖြစ်လိုက်သည်။ ကျွန်တော့်အသက်အရွယ်နဲ့ အပျော်ရည်းစားမထားဘူးဆိုတာ နန္ဒာသိသင့်သည်။ သိလျှက်နှင့်ဆိုလျှင်ကော ဘာကြောင့်သည်လိုပြောရသည်လဲ။ ကျွန်တော့်ခေါင်းထဲ စာကြောင်းတွေ ပြေးသွားသည်။ နန္ဒာက ဆက်ပြီး

"သူက မနှစ်က ကျောင်းပြီးတယ် ။ လုပ်ငန်းအတွေ့အကြုံရအောင် ပုဂံမှာ အလုပ်သွားလုပ်တယ်။ ခုပြန်လာတာ။ ကျောင်းက E-major နဲ့ပြီးတာ။ သူ့ကိုကြိုက်တဲ့သူတွေတော့ရှိတယ်။ ဒါပေမဲ့ သူရည်းစားမထားဘူး။ ဒါသေချာတယ်။ ငါနဲ့ ကျောင်းမှာထဲက ပေါင်းလာတာ ငယ်ငယ်လေးထဲက။ ဘာမှစိတ်မချစရာမရှိဘူး နေပိုင်။ ဒါနင်သိချင်နေမယ်ထင်လို့ငါပြောပြတာ"

ကျွန်တော့်လည်းမျက်နှာချိုလေးသွေးရင်း...

"ဟဲ နင်က အလိုက်သိသားပဲ"

“ဩော် ငါသဘောပေါက်ပြီ နင်က သူဇာ့ကို သွားကြောင်ချင်တာနဲ့ ငါ့ကို အဖော်လိုက်ခိုင်းတာပေါ့လေ။ ငါပင်ပန်းနေတာကို။ ခုလမ်းလည်းလျှောက်ရတာ ညောင်းတောင်ညောင်းလာပြီ”

နန္ဒာ့မျက်နှာက အချိန်ကိုက်စုပုပ်နေ၏ ။ကျွန်တော်လည်း...

“ဟာဟုတ်လား ငါ့သူငယ်ချင်းလေးပင်ပန်းသွားပြီ ငါအခုကားပြေးငှားလိုက်မယ်လေ”

ဆိုတော့ နန္ဒာရယ်ပါသည်။ နန္ဒာ့ကို အိမ်ပြန်လိုက်ပို့ပေးပြီး ကျွန်တော်နှင့်လုံးလုံးက လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်သည်။ အချိန်ပြည့် ပန်းရောင်မလေးက စိတ်ထဲရောက်နေသည် ဟုဆိုရင် ပိုရာကျမည်။ အချိန်တော်တော်များများ သူမ ကျွန်တော့်စိတ်ထဲရောက်နေသည်ကတော့ သေချာသည်။

ခုညက နီဂရိုးကို အိုးမည်းသုတ်ထားသလို မှောင်နေသည်။ လမင်းကို ထင်ထင်ရှားရှားမမြင်ရ။ တိမ်ဖုံးနေလို့လည်း ဖြစ်နိုင်သည်။ လကွယ်ညမို့လည်း ဖြစ်နိုင်သည်။ ကျွန်တော်ကိုယ်တိုင်ကလည်း မြင်အောင်မကြည့်လို့ဖြစ်နိုင်သည်။ မျက်လုံးမှိတ်ထားလို့လည်း ဖြစ်နိုင်သည်။ မြင်အောင်ကြည့်လည်း မမြင်ရသောအရာများလည်း လောကတွင်ရှိနေပါလိမ့်မည်။ ကျွန်တော်တော့ထူးထူးခြားခြားမသိချင်။ သိအောင်ကြိုးစားဖို့ ပျင်းရိနေတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော် ပန်းရောင်မလေးစိတ်ကိုတော့ မြင်အောင်ကြည့်ရဦးမည်။

ကောင်းကင်နဲ့ပြိုင်ပေါက်နေတဲ့
နွယ်ပင်လေးက...
လွယ်လွယ်နဲ့ ယိမ်းတတ်ပုံမရဘူး။

လေမတိုက်ခဲ့တာလည်း
ဖြစ်နိုင်ပါတယ်လေ။

သူမကဗျာဆန်ပုံက
သစ်ပင်နဲ့တူတယ်။

# အခန်း (၈)

မနက်ပိုင်းမှာညို့နေသည့်မိုးတွေက ရဟန်းဘဝကထွက်လာသော ကျွန်တော့်ကို ကြိုဆိုနေကြသည်။ တိမ်တွေလည်းအချင်းချင်းပွတ်တိုက်ပြီး လက်ခုပ်တီးနေကြသည်။ မိုးကတော့မရွာ။ နာရီကြည့်မိတော့ မနက် (၈) နာရီ။ စောင့်ထိန်းခဲ့ရသည့် သီလတွေပျောက်သည်နှင့် ပန်းရောင်မလေးက စိတ်ထဲကို တံခါးမခေါက်ပဲ ရောက်လာသည်။ အိမ်ပြန်ရောက်ရောက်ချင်းပဲ သူမဆီ ဖုန်းခေါ်လိုက်မိသည်။

“…”

“အင်း…ဟဲလို”

သူမ အသံလေးကြားရုံဖြင့် ကျွန်တော်မှန်းဆကြည့်လိုက်၏။ အိပ်ချင်မူးတူးသံလေးနှင့် အိပ်ရေးမဝသေးသော ကလေးတစ်ယောက်လို.. သူမနှုတ်ခမ်းလေးများဆူနေမလားဟုတွေးမိရင်း စချင်သွား၍…

“အင်း…ဒကာမလေးလား”

တဖက်က မျက်လုံးပြူးသွားပုံရပါသည်။

“အဲ..အင်း..ဟို… တင်ပဲ့အရှင် အဲ ဟုတ်သေးပါဘူး… မှန်လှပါဘုရား အဲမှားလို့..ဟို….”

ကျွန်တော်ရယ်ချင်စိတ်ကို ထိန်း၍မရတော့

“ဟဟဟ သူဇာလား ကျွန်တော်နေပိုင်ပါ… ခုပဲ ဘုန်းကြီးထွက်တယ်။ အိမ်တောင်ပြန်ရောက်နေပြီ။ သူဇာက အိပ်ယာမထသေးဘူးလား။ ၉ နာရီသင်တန်းရှိတယ်မဟုတ်ဘူးလား”

သည်တော့မှ..

“ဟာ လာနောက်နေတယ်။ နိုးပြီနိုးပြီ ခုပဲနိုးပြီ ။ သင်တန်းကသွားရမှာလေ ခုကစောသေးလို့။”

သူမဘက်က စကားကိုတိခနဲပြောလိုက်တော့ ကျွန်တော်ဘာဆက်ပြောရမှန်းမသိတော့။

“အင်း ဘာရယ်မဟုတ်ပါဘူး ကျွန်တော်လည်း ဘုန်းကြီးထွက်ပြီလို့ လှမ်းပြောတာ… ဒါဆိုလည်းနောက်မှတွေ့တာပေါ့ဗျာ”

ဖုန်းချလိုက်သည်။

တကယ်တမ်း ကျွန်တော်သူမနှင့်တွေ့ချင်သည်။ စကားတွေပြောချင်သည်။ မနက်ဇူနာရီ သင်တန်းက ကျွန်တော့်အတွက် အခွင့်အရေးတစ်ခုများ ဖြစ်နေမလားဟု တွေးမိလိုက်တော့ မျှော်လင့်ချက်လေးတစ်ခုရလိုက်သလို။ သင်တန်းမှာ သူမ မသိအောင် သွားစောင့်နေဖို့ ဆုံးဖြတ်လိုက်သည်။ ရေမိုးချိုးပြင်ဆင်ပြီးတော့ နာရီက ၈နာရီခွဲ။ မဟာမြိုင်က သူမသင်တန်းရှိရာဆီသို့ အမြန်ပြေးသွား။ ထုံးစံအတိုင်း ထိုင်ခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင်လေးအရောက် ဆိုင်လေးက တိတ်ဆိတ်နေ၏။ ဆိုင်ထဲမှာဝင်ထိုင်ရင်း လက်ဖက်ရည် မှာရင်း ဖုန်းထပ်ဆက်ကြည့်လိုက်သည်။

"ဟဲလိုသူဇာလား ဘာလုပ်နေလဲ သင်တန်းမသွားသေးဘူးလား"

တဖက်က အိပ်ချင်မူးတူးသံလေးမဟုတ်တော့...

"အင်း သင်တန်းက သွားရင်ကောင်းမလား မသွားရင်ကောင်းမလားစဉ်းစားနေတာ"

ကျွန်တော့်စိတ်ထဲ ဝုန်းဒိုင်းကျဲသွားသည်။ ဒီအတိုင်းဆို ကျွန်တော်လာစောင့်နေသည်က အလကားဖြစ်သွားတော့မည်မဟုတ်လား။

"ဟာ သင်တန်းကတော့သွားလိုက်ပါ သူဇာရယ်.. သင်တန်းဆိုတာ မပျက်ကောင်းပါဘူး။ မှန်မှန်တက်ရတယ်။

"အင်းပါသွားတော့ သွားမှာပါ နေပိုင်ကော ဘယ်သွားဦးမှာလဲ အိမ်မှာပဲလား"

ကျွန်တော့်အတွက်သူမမေးခွန်းဟာ သိပ်ကို ဆွဲ့အသွားစေပါသည်။ သူမကို ကျွန်တော် စောင့်နေကြောင်းလည်း အသိမပေးချင်။ မလာတော့လျှင်လည်း ဒုက္ခ...

"ကျွန်တော်က မင်္ဂလာဒုံမှာ အကျႌအပ်ထားတာ သွားရွေးမလားလို့ ဟုတ်ပါပြီ နောက်မှဆုံတာပေါ့"

ဖုန်းချလိုက်သည်။ သူမရောက်မလာခင်အချိန်တွေကို ကျွန်တော် ဖြတ်ကျော်ဖို့ အဖြေရှာနေသည်။ အလှူနေ့က ဓါတ်ပုံတွေ ထုတ်ကြည့်မိတော့ ပန်းရောင်မလေးက နံမည်လေးအတိုင်း ပန်းရောင်ဝမ်းဆက်လေးနှင့် လှချင်တိုင်းလှနေသည်။ သူမအလှက ပြေပြေပျစ်ပျစ်ရှာနေသော မိုးရေစက်လေးတွေလို သူတို့အလှမှာ နစ်မြောဆွတ်စိုသွားမှာစိုး၍ လူတွေ ထီးဖြင့်ကာနေရသလိုမျိုး ယဉ်ယဉ်လေးဆွဲဆောင်ထားသည်။ ကျွန်တော်ကထီးမဆောင်းမိ မိုးမိခဲ့သည့် တေလေတစ်ယောကဖြစ်ကောင်းဖြစ်မည်။ ကိုယ်တိုင်ကလည်း မိုးစိုချင်နေစိတ်ကြောင့်ဖြစ်မည်။

ဓါတ်ပုံတွေကြည့်ပြီးတော့ ကဗျာစာအုပ်။ ဘုန်းကြီးမဝတ်ခင်က ချုပ်ထားခဲ့သည့် ကျွန်တော့်ကဗျာစာအုပ်လေးက လွယ်အိပ်ထောင့်လေးထဲက ထိုးထိုးထောင်ထောင်။ သူမကိုစောင့်ရင်း ကဗျာတွေဖတ်နေလိုက်သည်။ ၉နာရီ၁၅မိနစ်ထိ သူမရောက်မလာသေးပါဘူး။ ကျွန်တော်စိုးရိမ်စိတ်တွေများလာသည်နှင့် ဖုန်းထပ်ဆက်လိုက်သည်။

"သူဇာ သင်တန်းမလာသေးဘူးလား ကျွန်တော်သူဇာသင်တန်းလာမယ်ဆိုလို့ တိတ်တိတ်လေး လာစောင့်နေတာ ၄၅မိနစ်ရှိသွားပြီ"

မတတ်နိုင်တော့ တည့်တည့်သာပြောချလိုက်မှ တဖက်က

"ဟယ်... ဘာလို့ကြိုမပြောတာလဲ သင်တန်းသွားရုံပဲဆိုပြီး အေးဆေးလုပ်နေတာ အင်း ခုလာပြီ ခဏလေးပဲစောင့်နော်"

"ဟုတ်ပြီဟုတ်ပြီ"

သူမဖုန်းချသွားတော့ ဖုန်းကိုအိပ်ထဲထည့်မလို့လုပ်တုန်း

"..."

ဖုန်းဝင်လာသည်။ ကျွန်တော့်ညီမ..အိမ့်ဟန်နီကျော်(သူမ၏ အပြောအရ အိမ်နံမည် "ငယ်"ဖြစ်နေရသည်။ သူမတွင် မောင်အငယ်တစ်ယောက်ရှိသည့်အတွက် သူမသည် အစ်မကြီးဖြစ်သည်။ မည်သည့်အတွက်ကြောင့် "ငယ်" ဖြစ်နေရသည်ကို ကျွန်တော်လည်း မစဉ်းစားတတ်။ မေးလည်းမမေးမိပါ)

"အင်း ငယ်ပြော "

"အစ်ကို ဘုန်းကြီးထွက်ပြီလား ညီမအသံတွေနာပြီးဖျားနေတာ ညီမကို သတင်းလာမေး အစ်ကိုအားရင်ပေါ့"

ကျွန်တော်ပါဖျားချင်သွားသည်။ ငယ့်ပုံစံက သတင်းလာမေးခိုင်းသည်နှင့်မတူ။ သတင်းလာမမေးပါက တစ်ခုခုပြဿနာရှာမည့်ပုံ ၊ အမှန်က သူ့ရီကျဖို့ တစ်စုံတစ်ယောက်ကို ရှာနေတာဖြစ်ပါလိမ့်မည်။

"အင်း ပြော လာမယ်လေ ဘယ်လိုလာရမလဲသာပြော"

"အကိုက မြေနီကုန်းမှာဆိုတော့ တာမွေကို ကားအရင်စီး ပြီးရင် ဇဝနကို ထပ်ပြောင်းစီး ဟာရှုတ်ပါတယ်အကိုရာ အကိုကားငှားပြီးသာလာလိုက်တော့"

"အင်းဟုတ်ပါတယ် ကားငှားလာလိုက်တာပဲပိုကောင်းလိမ့်မယ် ဟုတ်ပြီလေ ဒါဆို အကို ခဏနေထွက်လာခဲ့မယ်"

ဖုန်းချသွားတော့ ပန်းရောင်မလေးရောက်မလာသေး။ နာရီတကြည့်ကြည့်တွေသာ များလာသည်။ နာရီလေးသာစကားပြောတတ်လျှင် ကျွန်တော် အဆဲအဆိုခံရမည်က အသေအချာ။ စိတ်က ဖွဖွလေး ထွေပြားလာသည်။ writing pad လေးထဲ ကဗျာတစ်ပုဒ်ရေးချပစ်လိုက်သည်။

# ကျနော်၏ ပန်းရောင်မလေးကလွဲရင်

*ကျနော်၏ပန်းရောင်မလေးကလွဲရင်*
*စောင့်စားခြင်းဝေဒနာကို မဟာမြို့လမ်းကသိတယ်*
*ပေ့ါဆိမ့်တစ်ခွက် သိမယ်*
*ခုံပေါ်ကနေရာဦးထားတဲ့ ထီးလေး သိမယ်*
*ကျနော်၏ ပန်းရောင်မလေးကလွဲရင် သိမယ်။*

*ဆံစအဖျားက ချွေးစက်လေးတွေထဲ*
*သားလက်ပစ်ကူးကြည့်ချင်တယ်...မေမေ*
*ပုခုံးလေးတွန့်ပြီး စုပ်သောက်လိုက်တဲ့*
*သူမ ပေ့ါဆိမ့်တစ်ခွက်က*
*ကျနော့်သက်ပြင်းတွေ ပြုတ်ကျလောက်အောင်လှတယ် ကောင်းကင်ရယ်။*

*နွေမုန်းသိလျက်နဲ့*
*ဒဏ်ရာတွေမဖြစ်စေလိုပါဘူး*
*ခပ်ရှူးရှူးပဲပွင့်ခဲ့တဲ့ပန်းမို့*
*ပန်းရောင်မလေး လက်ဖဝါးထဲက ခကွေးယပင့်စသတ်လေးထဲ*
*ကျနော့်နံမည် တပ်ထားချင်မိရုံလေး။*

*ဇူနာရီလည်း ခွဲခွဲပြီရာသီ*
*အိပ်မက်ဆိုတာ*
*ကိုယ်မပိုင်တဲ့ ကိုယ်ပိုင်ပစ္စည်းအဖြစ်*
*ကျနော်၏ ပန်းရောင်မလေးကလွဲရင်...။*

*နေပိုင်*
*၁၉.၀၈.၂၀--*

ကဗျာကို ခြေဆုံးခေါင်းဆုံးပြန်ဖတ်ကြည့်သည်။ (ခြေဆုံးခေါင်းဆုံးဟူသော အခေါ်အဝေါ်အတွက် စဉ်းစားစရာရှိသည်။ ကဗျာတွင် ခြေနှင့်ခေါင်းပါနေမည်လား။ တကယ်တမ်းတွင်ကျွန်တော်လည်း တိတိကျကျမသိပါ။ ကဗျာသည် ကဗျာသာဖြစ်သည်။ လူတစ်ယောက်၏ဖွဲ့စည်းပုံမျိုးဖြစ်နေမည် ဆိုပါကလည်း သည်ကဗျာသည် ပန်းရောင်မလေးလို ယဉ်ယဉ်လေးဖြစ်နေမည်ဖြစ်သည်။) စိတ်ထဲတွင် ကဗျာအတွက် ကျေနပ်မိသလိုရှိသည်။ ကျေနပ်ရင်းပြုံးမိနေတုန်း...

"ရောက်နေတာ ကြာသွားပြီလား"

ပန်းရောင်မလေး မျက်လုံးက ကျွန်တော့်ကိုမကြည့် ။ နံဘေးတွင်တိတ်တဆိတ်ဝင်ထိုင်လိုက်သည်။

"အတိအကျပြောရရင်... ၅၅ မိနစ်"

ကျွန်တော်ပြန်ဖြေလိုက်သည်ကို သူမပြုံး၏။ သူမအပြုံးကခန့်မှန်းရခက်လွန်းနေသည်။ အိတ်ထဲက စာရွက်လေးတစ်ရွက် သူမကထုတ်ပေးရင်း....

"နေပိုင် ဘုန်းကြီးဝတ်တဲ့နေ့က ဥပုသ်သွားစောင့်ရင်း လှူထားတာ"

စာရွက်လေးကို ကြည့်လိုက်တော့

"မောင်နေပိုင် မိသားစုကောင်းမှု" အလှူခံဖြတ်ပိုင်းလေး....။ ကြည်နူးမှုလေးတစ်ခုက ရင်ဘတ်ထဲ ခပ်စိမ့်စိမ့်လေး ဖြတ်ဆင်းသွားသည်။ ကျွန်တော်လည်း ကင်မရာလေးထိုးပေးရင်း...

"ကျေးဇူးပဲသူဇာ ဒါက အလှူနေ့ကပုံတွေလေ ။ သူဇာအဲဒီနေ့ကသိပ်လှနေတယ်နော်။ ခုပြန်ကြည့်မိမှ သိလိုက်တယ်။"

ကျွန်တော့်စကားလုံးတွေကို သူမမျက်စောင်းလေးနှင့်အကဲဖြတ်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်စွာ ဓါတ်ပုံလေးတွေကိုကြည့်နေ၏။ ကလေးလေးတစ်ယောက်က စူးစမ်းလေ့လာမှုတစ်ခုကို သဘာဝကျကျပြုလုပ်တော့မည့်ပုံစံလို သူမသိပ်ချစ်ဖို့ကောင်းနေသည်။ ပုံတွေအားလုံး ကြည့်ပြီးသွားတော့....

"လှတာကအဲဒီနေ့မှမဟုတ်ပါဘူး အမြဲလှနေတာ ဟဟဟ"

ပြောရင်းသူမရယ်နေလေရဲ့။ ဒီအဖြေကို ကျွန်တော်မြတ်မြတ်နိုးနိုးလေးပဲ လက်ခံလိုက်သည်။ ဟုတ်ပါရဲ့ခုလည်း သူမလှနေသည်ပဲ။

"ဒါနဲ့ မနက်ကဖုန်းဆက်တုန်းက..."

သူမကိုယ်လုံးလေးတသိမ့်သိမ့်တုန်အောင်ရယ်မောလို့။ မနက်က ဖုန်းပြောတုန်းက အကြောင်းကို သူမကိုယ်တိုင်လည်း သတိရသွားပုံရပါသည်။ချက်ချင်းပဲ...

"အာ...မပြောပါနဲ့တော့ နဂိုထဲကမှ ဘုန်းကြီးနဲ့စကားအပြောအဆို မတတ်ပါဘူးဆို"

"အင်းလေ မှန်လှပါဘုရားတွေကော တင်ပါ့အရှင်တွေကော စုံနေတာပဲ... ဖုန်းပြန်ထူးတဲ့အသံက အိပ်ချင်မူးတူးလေးဖြစ်နေလို့ ကျွန်တော်နောက်လိုက်တာ"

သူမ မျက်လုံးလေး ဖျက်ကို တိတိလေးစေ့သွားသည်အထိ ရယ်နေလေတော့သည်။ ကျွန်တော်လည်း သူမအပြုံးလေးမှာ ကူးစက်ခံလိုက်ရသလိုမျိုး ရယ်မောရင်း တမေ့တမောတွေကိုဖြစ်လို့။ ပြီးမှ စားပွဲပေါ်က writing pad လေး သူမကိုလှမ်းပေးရင်း...

"ရော့ ဒါက သူဇာ့ကို စောင့်နေရင်း ခုလေးတင်ရေးထားတာ"

သူမဆီမှဘာအသံမှထွက်မလာ။ ငြိမ်သက်စွာ ဖတ်နေလေရဲ့။ မျက်မှောင်လေးက ကျုံ့သွားလိုက်။ နှုတ်ခမ်းလေးက ကွေးသွားလိုက်။ ပါးပြင်ပေါ်မှာ ကောက်ကြောင်းလေးရေးဆွဲလိုကနှင့်။ အသေအချာ ကိုဖတ်နေ၏။ ပြီးမှ မျက်ဆံလေးကို မျက်ခုံးပေါ်ပစ်တင်ရင်း ပကတိကလေးငယ် တစ်ယောက်၏ အရိုးရှင်းဆုံးပုံစံလေးနှင့်

"ဒါ...ကဗျာလား"

ခေါင်းထဲမှာ အဖြေပေါင်းများစွာ စုပြုံထွက်ကျလာသည်။ ကဗျာကိုဖတ်ကြည့်ရုံနဲ့ သူမတိုက်ရိုက်ကို သဘောပေါက်မှာ သေချာနေ၏။ ကျွန်တော်ဖွင့်ပြောလိုက်သင့်ပြီလား။ ကိုယ့်ကိုကိုယ်လည်း ဝေခွဲမရ။ ဖွင့်ပြောမည်ဟု ရင်ဘတ်အံကြိတ်လိုက်ပေမဲ့...

"ဟုတ်တယ်"

ရင်ထဲကအဖြေနဲ့ ပါးစပ်က အဖြေက ဘာကြောင့်လွဲသွားမှန်း ကျွန်တော်ကိုယ်တိုင်လည်းမသိလိုက်။ နားလည်လိုက်ချိန်မှာတော့ နောက်ကျသွားပြီမှန်း ကိုယ့်ကိုကိုယ်သိလိုက်သည်။သို့သော် ပြန်ပြင်၍ မရတော့။ ကျွန်တော့်အဖြစ်က နာချေဖို့အားယူပြီးမှ အရှိန်ကျသွား၍ နာမချေပစ်လိုက်သည့် လူတစ်ယောက်၏ မျက်နှာလို ရင်ဘတ်ထဲမှာ တော်တော်ဖရိုဖရဲဆန်သွားသည်။ လုပ်မိလုပ်ရာ လျှောက်လုပ်နေမိသည့် အမူအရာတွေကလည်း ကသောင်းကနင်းနိုင်နေမှာသေချာသည်။ ကိုယ့်ကိုကိုယ်တော့ပြန်သတိမထားမိ။ ပန်းရောင်မလေးကတော့ရိပ်မိချင်ရိပ်မိနိုင်သည်။ သူမက writing pad လေးပြန်ပေးရင်း....

"နေပိုင် ဒီကပြန်ရင်ဘယ်သွားဦးမှာလဲ"

"ညီမတစ်ယောက်နေမကောင်းတာ သတင်းသွားမေးမလို့...သင်္ချိုင်းကျွန်းဘက်မှာ သူဇာကော သင်တန်းက ဘယ်တော့သွားမှာလဲ"

သူမမျက်နှာက ချက်ချင်း အရောင်ပြောင်းသွား၏။ ဖြေရှင်းချက်တစ်စုံတစ်ရာအတွက် ကောက်ချက်ချနေသလိုမျိုး။ သို့မဟုတ် အခွင့်အရေးသာသာ မျှော်လင့်ချက်လေးအတွက် ရှေ့ဆက်ဖို့ခက်နေသလိုမျိုး။

"သင်တန်းကသွားရင်ကောင်းမလား မသွားရင်ကောင်းမလားစဉ်းစားနေတာ"

ကမ္ဘာကြီးပူနွေးလာသည်က ကျွန်တော့်အသွေးအသားထိ ကူးစက်သွားသည်။ သူမသာ ကျွန်တော်နှင့်အတူ လိုက်ခဲ့မည်ဆိုလျှင်ဆိုသည့် အတွေးက သည်မနက်ခင်းကို ခေတ္တရပ်တန့်ထားပစ်နေသလို...။ ကျွန်တော်လည်း မရဲတရဲနဲ့ပဲ

"သူဇာဘယ်သွားစရာများ ရှိလို့လဲ။ တကယ်လို့မရှိဘူးဆိုရင် ကျွန်တော်နဲ့လိုက်ခဲ့ပါလား။"

ကျွန်တော့်အသံက မျှော်လင့်ချက်တွေ ရောထွေးနေသည်။ သူမကတော့ ချက်ချင်းပဲ...

"ဟွန်း ဒီက အဖော်လိုက်ပေးမလို့ ဘယ်သွားမှာလဲလို့ ဖုန်းထဲမှာထဲက မေးနေတာကို ။ ခေါ်မယ့်လူက ခေါ်ချင်မှန်းမသိ မခေါ်ချင်မှန်းမသိ"

ပြောရင်း မျက်စောင်းလေးတစ်ချက် ကံစမ်းမဲဖောက်ပစ်လိုက်၏။ စိတ်ထဲမှာတော့ သွန်းနေစိုး၏ ရည်းစားစကား(၂) ထဲမှစာပိုဒ်လေးတောင် သွားသတိရမိလိုက်သေး

*မျက်စောင်းတစ်ချက်မှာ*
*အချစ်တွေဆပွားတိုးလာတယ်*
*မျက်စောင်းတွေသိပ်မထိုးပါနဲ့အချစ်ရယ်*
*ဒီမှာ...*
*အချစ်တွေလျှံပြီးပေါက်ထွက်တော့မယ်။*

တော်တော်တော့ ပျော်သွားမိသည်။ ချစ်သူက ကိုယ်နဲ့အတူအဖော်လိုက်ပေးမည်တဲ့ ။ ဒီကလည်း ချစ်သူသာပါမယ်ဆိုရင် နာရီချွတ်ပြီး ရာသီတစ်ခုလုံးကို ရှုပ်ရှုပ်ချုံချုံ တိုက်ချင်နေတဲ့ကောင်...

"မဟုတ်ပါဘူးသူဇာရာ... ကျွန်တော်က အတင်းကြီးခေါ်ဖို့စိတ်က မရဲဘူးဖြစ်နေတာ... အဖော်လိုက်ပေးမယ်ဆိုရင်တော့ အတိုင်းမသိပဲပေါ့ဗျာ"

"ဒါဆိုခုသင်္ကန်းကျွန်းဘယ်နားကိုသွားရမှာလဲ"

စိတ်ကောက်ပြေခါစ ကလေးတစ်ယောက်၏ အသံလေးနှင့်တူနေ၍ ကျွန်တော် ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

"သင်္ကန်းကျွန်း Zawana Center နားမှာ တစ်ခေါက်တော့ အဲဒီနားကိုရောက်ဖူးတယ်။ သေချာတော့မသွားတတ်ဘူး။ ကားငှားသွားတာပဲပိုအဆင်ပြေမယ်ထင်တယ်"

"ဟာ ကားကဘာလို့ငှားမှာလဲ လိုင်းကားနဲ့ပဲသွားမယ်။ သူဇာသွားတတ်တယ်"

"အိုကေဗျာ"

ကျွန်တော်တို့ဆိုင်ကထထွက်ခဲ့လိုက်ကြသည်။

# အခန်း (၉)

ရန်ကုန်မြို့ပြဟာ မိုးရာသီကို အရွဲ့တိုက်ပြီး ဆူညံနေသည်။ ပန်းရောင်မလေးကတော့ ကျွန်တော်နှင့်လမ်းတွဲလျှောက်နေရင်း ဘယ်လိုနေမည်လဲမသိ။ ကျွန်တော်ကတော့ ကမ္ဘာကြီးတစ်ခုလုံး တစ်ယောက်ထဲ အပိုင်ရထားသလို ခံစားရသည်။ မနက် ၁၀ နာရီဆိုသောအချိန်သည် လူသူရှင်းလင်းဖို့ လုံလောက်နေပါသည်။ ကျောင်းသွားရုံးတက်များလည်း သည်အချိန်ဆို ကုန်သလောက်ဖြစ်နေပြီ မဟုတ်လား။ နေကလည်း မိုးရာသီကို ကြောက်လို့ မခို့တရို့လေးသာနေပုံရသည်။ လမ်းလျှောက်နေရင်း ကျွန်တော်တို့ နှစ်ယောက် သဘောထားတူညီစွာ တိတ်ဆိတ်နေမိကြသည်။ကားဂိတ်ရောက်တော့မှ...

"နေပိုင် ဇဝနကိုသွားမယ်ဆိုရင် တာမွေကိုအရင်သွားရမယ်... ပြီးမှ ကားပြန်ပြောင်းစီးရမယ် လာဒီကားရောက်တယ်"

"ဟုတ်လား ရောက်ရင်သွားမယ်လေ သားကဘာမှသိတာမဟုတ်ဘူး"

ကျွန်တော်ရုတ်တရက် စလိုက်သည်ကို သူမပင်လယ်ဆန်ဆန် ရယ်မောနေ၏။ ရှင်းလင်းပြတ်သားတဲ့အပြုံးမျိုးနှင့်...

"သားသားမသိတာတွေကလည်း အရမ်းများတာပဲနော်... လာလာ မမသိတယ်။ ဒီကားရောက်တယ်"

စကားလည်းပြောရင်းကားပေါ်တက်သွားလေရဲ့။ တက်မသွားခင် ကျွန်တော့်နားကို စကားတစ်ခွန်း တိုးတိုးလေးကပ်ပြောသွားသေးသည်။

"ရောင်းစားလို့ ရပြီ" တဲ့....။

ကားပေါ်ရောက်တော့နှစ်ယောက်တူတူ နေရာရသည်။ ကားထွက်လာပြီး တော်တော်ကြာ သည်အထိ တိတ်ဆိတ်နေမိကြတုန်း။ ကျွန်တော်ကပဲစပြီး...

"သူဇာက သောကြာသမီးလား"

သူမခေါင်းညိတ်ပြ၏ ။ကျွန်တော်ကပဲဆက်ပြီး..

"သောကြာသမီးသာဆိုတယ် စကားလည်းမများဘူး"

"ဒီလိုပြောတာနေပိုင်ပထမဆုံးပဲ အရမ်းစကားများတာ သူဇာက"

ပြောရင်း သူမ ပါးစပ်ကိုလက်လေးအုပ်လို့ ရယ်နေသည်။ ကျွန်တော့်မျက်စိကလည်း သူမလက်သည်းနီလေးတွေကို တွေ့ဖြစ်အောင်တွေ့လိုက်သေး၏။ သူမလက်ဖြူဖြူလေးမှာ ဆိုးထားသည့် အရောင်ခပ်ဖျော့ဖျော့လေးက ကျွန်တော့်မျက်စိထဲတွင် နေသားတကျမဖြစ်ဘူး ဖြစ်နေသည်။

"သူဇာ ကျွန်တော်လက်သည်းနီကောင်းကောင်းဆိုးတတ်တယ်"

"ဟုတ်လား ကြုံရင်ဆိုးပေးပေါ့"

သူမက စကားကို ခပ်ပြတ်ပြတ်ပြောလိုက်တော့ ကျွန်တော်စကားဆက်ဖို့ခက်သွားသည်။ လမ်းတစ်လျှောက်လုံး နှစ်ယောက်သား မတိုင်ပင်ဘဲတိတ်ဆိတ်လို့။ သည်လိုနှင့်ပဲ ဇဝနကိုရောက်တော့...။ သူမဟိုကြည့်ဒီကြည့်နဲ့ အဖြေရှာနေပုံရပါသည်။ သည်နေရာတွင် သူမရင်းနှီးကျွမ်းဝင်မှုမရှိတာ သေချာမှန်း ကျွန်တော်ရိပ်မိလိုက်၏ ။

"သူဇာ ဒီနားကိုမသိဘူးလား"

"အင်း မသိဘူး"

သူမပွင့်လင်းစွာပဲ ဝန်ခံသည်။ ဒါနဲ့ပဲ ကျွန်တော်လည်း တိုးတိုးလေးကပ်ပြီးပြောလိုက်သည်။

"ဟဲ...ရောင်းစားလို့ရပြီ"

ကျွန်တော့်ကို လှည့်ကြည့်ပြီး သူမ မျက်စောင်းကို စနက်တံဖြုတ်လိုက်သည်။ သည်လိုဖြင့် ငယ်တို့အိမ်ကိုရောက်သွားသည်ဆိုပါတော့........။

ငယ့်ပုံစံက ဖျားနေသည်ထက် တစ်ယောက်ယောက်ကို ဂျီကျချင်နေသည့်ပုံပါ။ လည်ချောင်းက နာပြီး အသံဝင်နေသည်။ ကျွန်တော်တို့ရောက်ရောက်ချင်း စာကြည့်ခန်းထဲမှာပဲ ဝိုင်းဖွဲ့ပြီး စကားပြောဖြစ်ကြ၏။ ငယ့်သူငယ်ချင်းမလေး နှစ်ယောက်လည်း ရှိနေသည်ကိုး။ ကျွန်တော်က အခန်းထောင့်မှာ ထောင်ထားတဲ့ ဂစ်တာကိုပဲ ယူတီးနေလိုက်သည်။ ငယ်ကတော့ ကျွန်တော့်ဂစ်တာလက်သံကို အမြင်ကပ်ကပ်နှင့် နားကိုလကဖြင့်ပိတ်ပြလိုက် မဲ့ပြလိုက်နှင့်။ ပန်းရောင်မလေးက ကျွန်တော့်မျက်နှာနှင့် လိုက်လာသည်ဖြစ်၍ ငယ်တို့နှင့်စိမ်းနေပြီး သိပ်အဖွဲ့မကျဘူးဖြစ်နေသည်။ ကျွန်တော်လည်း သူမ ပျင်းနေမှာစိုး၍ ကျွန်တော့်ကဗျာစာအုပ်လေး ထုတ်ပေးလိုက်သည်။ ကျွန်တော့်ကဗျာတွေကို သူမ အသည်းအသန်လေး ဖတ်နေသည်။ ကျွန်တော်လည်းနာရီတကြည့်ကြည့်နဲ့ အချိန်မှတ်ထားလိုက်သည်က ၄၅မိနစ်တိတိ ကြာပါသည်။ စာအုပ်လည်းဖတ်ပြီးသွားတော့ ကျွန်တော်ဂစ်တာတီးနေတာကို စူးစိုက်ပြီး ကြည့်လာသည်။ သီချင်းတစ်ပုဒ်အပြီး ကျွန်တော်လည်းသူ့ကိုခပ်တည်တည်ပဲ ပြန်စိုက်ကြည့်လိုက်တော့ သူမက...

"ဂစ်တာတီးချင်တတ်ချင်တာ..."

ပြောလည်းပြောရင်း နှုတ်ခမ်းလေးကလည်း ဆူထားသေးသည်။ မျက်ဝန်းတွေမှာလည်း ပကတိ နူးညံ့မှုတွေ ကျွန်တော်တွေ့နေရ၏။

"ကဲပါဗျာ ဂစ်တာတော့မတီးပါနဲ့ ဘာသီချင်းတီးရမလဲသာပြော..."

ချက်ချင်းပဲ ခေါင်းလေးမော့ပြီးစဉ်းစားသည်။ စကားတတ်ခါစ ကလေးလေးက သုတေသနလုပ်ငန်းတစ်ခုကို စကားပပီကလာပီကလာနဲ့ လူတတ်ကြီးလုပ်နေသည့် ဟန်နှင့်တူနေပါသည်။

"ချစ်သုဝေ ရဲ့ လမ်းနဲ့အလွမ်း"

ဂစ်တာကော့ဒ် တွေကို ကျွန်တော်လျှင်လျှင်မြန်မြန်ဖိလိုက်၏။ အခန်းတစ်ခန်းလုံး ဂစ်တာသံ ခပ်အုပ်အုပ်လေးကလွှဲ၍ အရာရာငြိမ်သက်တိတ်ဆိတ်လို့။ ကြိုးတစ်ချောင်းစီကို ကျွန်တော်ဟန်ချက်ပါပါနှင့် တီးခတ်လိုက်သည်။

"ဒီမနက်တိုင်းမှာ ငါလေ လွမ်းတတ်ခဲ့ပြီပဲ...xxx ... xxx... xxx... ငါစောင့်နေတယ် ဒီလမ်းလေးမှာ အလွမ်းတွေရယ် ရစ်ဝိုင်း ... ဒီလမ်းမှာမြူတွေဆိုင်း နေချိန်တိုင်း..."

ငယ်နှင့် သူ့သူငယ်ချင်းမလေး နှစ်ယောက်က အလိုက်သိစွာ တိတ်ဆိတ်ပေးကြသည်။ မိန်းခလေးသီချင်းဖြစ်သော်လည်း ကျွန်တော် သူမနှင့်အတူ လိုက်ဆိုနေလိုက်သည်။ သူမက အသံအနိမ့်အမြင့် အတက်အကျ မှန်မှန်ဆိုနေသည်။ သူမကို မော့ကြည့်လိုက် ဂစ်တာကော့ဒ်လေးတွေကို မျက်စောင်းထိုးလိုကနှင့် ရင်ထဲမှာ သာယာလွန်းနေ၏။ သီချင်းလေးပြီးလို့ ရပ်သွားတော့ ငယ်က...

"အကိုကတော့ သိပ်မြန်တာပဲနော် "

လို့... ပန်းရောင်မလေးကို မျက်စပစ်ပြသည်။ ပန်းရောင်မလေးကို အားနာမိသွား၍ ချက်ချင်းပဲခေါင်းခါပြလိုက်ရသည်။ အခြေအနေမဟန်သောကြောင့် ကျွန်တော်ရောင်ထွက်သွားသင့်

နေပြီမှန်း ကျွန်တော်နားလည်လိုက်သည်။ ဝါးရုံတာမှာ ဆေးလိပ်ထွက်သောက်နေလိုက်၏။ ကျွန်တော်ပြန်ဝင်လာတော့ ပန်းရောင်မလေးအခန်းထဲမှာ မရှိ။ ငယ်က…

“အကို အကိုတို့က ရည်းစားတွေမဖြစ်သေးဘူးလား”

ငယ်က ကျွန်တော်မရှိတုန်း ပန်းရောင်မလေးနှင့် တစ်ခုခု တီးတိုးပြောထားပုံရပါသည်။ သိသိကြီးနဲ့သူမေးလာတဲ့မေးခွန်းက အရှိုက်ကိုတော်တော်ထိပါသည်။

“အင်းမဖြစ်သေးဘူးငယ်ရ…ဒါဖတ်ကြည့်”

ပြောရင်း မနက်က ကဗျာထုတ်ပြလိုက်သည်…။ငယ်က ဖတ်ပြီး ချက်ချင်းသဘောပေါက်သွား၏။

“အကိုသူ့ကိုပေးမဖတ်လိုက်ဘူးလား”

“ပေးဖတ်တယ်”

“ဟာဒါဆိုပြီးပြီပေါ့…ဒီမှာအကိုရေးထားတာ တည့်တည့်ကြီးပဲကို သူသိမှာပေါ့”

ကျွန်တော်လည်းကိုယ့်ရဲ့ညံ့ဖျင်းချက်ကို ညီမရှေ့မှထုတ်ပြရမှာ နည်းနည်းတော့သိမ်ငယ်သွားမိသည်။

“အင်း…သိရင်လည်းသိမှာပေါ့ မနက်ကပေးဖတ်လိုက်တော့ဘာပြန်ပြောတယ်ထင်လဲ”

ငယ်တင်မကပါဘူး။ ငယ့်သူငယ်ချင်းမလေးနှစ်ယောက်ကပါ သိချင်ဇောနှင့် ငြိမ်ပြီး ကျွန်တော့်ကိုကြည့်နေကြသည်။ သုံးယောက်လုံးမျက်လုံးအဝိုင်းသားဆင်တဖြင့်။ ငယ်က…

“ဘာပြန်ပြောလဲ”

“ဒါကဗျာလား တဲ့”

“အင်း အကိုက ဘာပြန်ပြောလိုက်လဲ”

သည့်မေးခွန်းကိုဖြေရမှာ ကျွန်တော်ရှက်သလိုလိုဖြစ်နေသည်။ ကျွန်တော်ကိုယ်တိုင်ကိုကလည်း ညံ့ဖျင်းခဲ့သည်ကိုး။

"အကိုက ဟုတ်တယ်လို့ဖြေလိုက်တယ် ငယ်"

ငယ်ကနဖူးကို လက်နဲ့ရိုက်ချလိုက်ပြီး...

"ဟာ သေလိုက်ပါတော့အကိုရာ..."

"အကိုက တစ်ခါထဲဖွင့်ပြောလိုက်ရမှာ"

"အင်းလေ"

ငယ်တို့သူငယ်ချင်း သုံးယောက်သား အချင်းချင်း ထောက်ခံနေကြသည်။ တစ်ယောက်တစ်မျိုး ထင်ကြေးတွေပေးကြနှင့် ကျွန်တော်တကယ်ပဲ အားငယ်သွားမိသည်။ရုတ်တရက် ပန်းရောင်မလေး အခန်းထဲပြန်ဝင်လာ၍ ကျွန်တော်စကားအကြောင်းအရာ ချက်ချင်းပဲ ပြောင်းပစ်လိုက်ရသည်။

"ငယ်.. လည်ချောင်းနာနေတာဆို ရေနွေးကြမ်းကို သကြားခတ်ပြီးသောက်ကြည့် တော်တော်သက်သာတယ်... အကိုဖျော်ပေးမယ်လေ သောက်မလား"

ငယ်က ကျွန်တော့်ကိုခေါင်းညိတ်ပြသည်။ မီးဖိုခန်းထဲဝင်ပြီး ရေနွေးကို လက်ဖက်ခြောက်ခတ်လိုက်သည်။ ၍ များသွားလားနည်းသွားလားတောင် သတိမထားမိ။ သကြားကိုတော့ သုံးဇွန်းခပ်ထည့်လိုက်သည်။ ရေနွေးက မတ်ခွက်နဲ့အပြည့်။အခန်းထဲပြန် ဝင်လာခဲ့လိုက်ပြီး

"ရော့ငယ် လက်ဖက်ခြောက်ခတ်ထားတာ ခဏလောက်နပ်ထားလိုက်... ပြီးရင်သောက်လို့ရပြီ"

ငယ်က ပန်းရောင်မလေးနှင့် စကားကောင်းနေသည်။ ကျွန်တော်တော့ ဆေးလိပ်သောက်ဖို့ ဝါးရုံတာကိုထွက်လာလိုက်သည်။ ခဏနေ အထဲပြန်ဝင်လာတော့ ငယ်ကအခြောက်တိုက် အာပြဲကြီးနှင့်...

"ဟင်း...အကို့ရေနွေးကြမ်းအကိုလည်းပြန်သောက်ကြည့်ဦး..."

ပြောရင်း လက်ဖက်ခြောက်တွေ ဇွန်းနဲ့ ခပ်ပြနေသည်။ တစ်ဇွန်း ... နှစ်ဇွန်း... သုံးဇွန်း... ဖြေ့ဇွန်းလောက်ခပ်ထုတ်လိုက်မှ လက်ဖက်ခြောက်တွေ ကုန်သွား၏။

"ဟိုက် လွဲပြီဟ"

စိတ်ထဲမှာတော့သိလိုက်သည်။ ပန်းရောင်မလေးက မျက်လုံးလေးပြူးလို့ ငယ်ကတော့ အငိုမတိတ်သေး။ ကျွန်တော်ကပဲ

"ကဲကဲ ငိုမနေနဲ့တော့ အကိုလက်ဖက်ခြောက်ခတ်တာများသွားတာ ထားလိုက်တော့ သောက်လို့မရရင်သောက်မနေနဲ့တော့..."

"ငိုမှာပဲ ငိုမှာပဲ နေမကောင်းပါဘူးဆိုမှ လာနှိပ်စက်နေတယ်"

ကျွန်တော်စကားလမ်းကြောင်းလွှဲဖို့ စဉ်းစားလိုက်သည်။ အရေးအကြောင်းဆို ဦးနှောက်ကလည်း တစ်မှောင့်....။ ရုတ်တရက်...

"ဒါနဲ့ ငယ် ငယ့်မှာ လက်သည်းဖျက်ဆေးနဲ့ ဆိုးဆေးရှိလား"

ငယ်ကလည်း ချက်ချင်းသဘောပေါက်သွားပုံရပါသည်။

"အင်းရှိတယ်...ဘာလဲ အစ်မကို ဆိုးပေးမလို့လား"

ကျွန်တော်က သူဇာ့ဘက်ကို မျက်လုံးဒေါင့်ကပ်ပြီးကြည့်လိုက်တော့ သူမလည်း ကျွန်တော့်အကြည့်ကို သဘောပေါက်ပါသည်။

"စမ်းဆိုးရင်ဆိုးကြည့်လေ" တဲ့။

ငယ်ကပြောပြောဆိုဆို လက်သည်းဖျက်ဆေးနှင့် ဆိုးဆေးယူလာပေးသည်။လက်သည်းတွေကို တယုတယလေးဖျက်ပေးပြီး အနီရင့်ရောင်လေးကို ရွေးယူလိုက်၏။ ပန်းရောင်မလေးက ကျွန်တော်လုပ်သမျှကို ငြိမ်ပြီးကြည့်နေသည်။ ဘာကြောင့်မှန်းတော့မသိ ။ ကျွန်တော့်ရင်ထဲမှာလည်း တလှပ်လှပ်နဲ့ရယ်...။ ပထမတစ်ချက် ဆိုးလိုက်တော့ တွန့်သွားသည်။ ကိုယ်ကိုကိုယ်

ပြန်သတိထားကြည့်တော့ လက်တွေတုန်နေ၏။ သူဇာက ကျွန်တော့်ကိုလှောင်ရီလေးရီပါသည်။ နောက်တစ်ချက်ထပ်ဆိုးလိုက်၏။ ဒါလည်းပထမတစ်ချက်အတိုင်း တွန့်သွားပြန်ရော။ သူဇာက ဘာမှမပြော လက်လေးကျွန်တော့်ရှေ့ချထားရင်း ငယ်နဲ့စကားတွေပြောနေလေရဲ့။ လက်ငါးချောင်းလုံးဆိုးပြီးသွားတော့ မျက်လုံးထဲမှာ အဆင်ပြေသလိုရှိသွားသည်။ သူမလက်ကလေးကို ကျွန်တော့်လက်ထဲထည့်ပြီး ခြောက်သွားအောင်မှုတ်နေလိုက်၏။ ပါးစပ်ကတိုးတိုးလေး...

"လက်သည်းနီလေးရေ မခြောက်သွေ့ချင်ယောင်ဆောင်ပေးထားနော်"

သူဇာဒီစကားကိုကြားပါသည်။ ခေါင်းလေးငုံ့ကြည့်ပြီး နှုတ်ခမ်းလေးတစ်ဖက်တွန့်ရယ်သည်။ ကျွန်တော်လည်း ကိုယ့်ကိုကိုယ်ပဲရေရွတ်သလိုနဲ့ ရူးချင်ယောင်ဆောင်နေလိုက်၏။ ကမ္ဘာကြီးတစ်ခုလုံး ကိုယ့်လက်ထဲ ရောက်နေသလို စက္ကန့်နဲ့အမျှ ချိုမြလို့ပေါ့။

အဲဒီ့နေ့က ငယ်တို့အိမ်မှာ ကျွန်တော်တို့ အချိန်တော်တော်ကြာကြာ နေဖြစ်ကြသည်။ စကားပြောလိုက် ဂစ်တာတီးလိုက် တစ်ယောက်နှင့်တစ်ယောက် စလိုက်နောက်လိုကနှင့်။ ပြန်ခါနီးမှာ ကျွန်တော်လှူလည်ကျပြီး ထီးကိုမေ့ချင်ယောင်ဆောင်ထားပစ်လိုက်သည်။ ဒါမှ ပန်းရောင်မလေးနှင့် ထီးကပ်ဆောင်းလို့ရမည်မဟုတ်လား။ သို့သော် ငယ်တစ်ယောက်က အလိုက်ကန်းဆိုးမသိစွာနှင့် အိမ်အဝထိ ထီးလိုက်ပေးလေရဲ့။သည်လိုနဲ့ ကျွန်တော်တို့နှင့်ယောက် ငယ်တို့အိမ်က ထွက်လာခဲ့လိုက်ကြသည်။ အပြန်လမ်းကားပေါ်ရောက်တော့ ကျွန်တော့်အရှေ့မှာချိတ်ထားသည့် ထီးလေး နှစ်ချောင်းကိုငေးနေရင်း အတွေးလေးတစ်ခုရလိုက်သည်။ သူဇာက

"နေပိုင်... ဘာတွေသဘောကျနေတာလဲ"

ကျွန်တော်ချာလီထီးကောက်လေး နှစ်ချောင်းကို မေးငေါ့ပြရင်း...

"တွေ့လား..ခုနကကားစီးတုန်းက ထီး၂ချောင်းကို လက်ထဲမှာပူးကိုင်ထားတော့ သူတို့၂ယောက် တစ်ဖက်ဆီကို မျက်နှာလှည့်ပြီး စိတ်ကောက်နေကြတယ်လေ။ ခုကျတော့ အတူတူ ဦးတည်ဖက်တစ်ချက်ထဲကို ငေးလို့"

"နေပိုင်က စကားအရမ်းတတ်တာပဲ"

ပြောရင်း သူမ ပြုံးလည်းပြုံးနေသည်။ သူလည်းကျွန်တော့်လိုများ ကြည်နူးနေမည်လား။ ကျွန်တော်အတိအကျမပြောရဲသေးပါ။

"စကားတတ်တာပေါ့ သားက မမလို ကျူရှင်မှမပြေးတာ…"

ပါးစပ်ကိုလက်လေးအုပ်ပြီး ရယ်နေပါတော့သည်။ မိုးရွာနေသော်လည်း ရင်ဘတ်ထဲမှာသာယာနေ၍ သည်နေ့လေး ကုန်သွားမှာတောင် ကျွန်တော်ကြောက်နေမိသည်။ **အချိန်ဆိုတာ ကုန်ခမ်းမသွားအောင် သိမ်းဆည်းထားလို့ရမယ်ဆိုလျှင် ကျွန်တော်တို့အားလုံး နေ့ဖို့ညစာချန်ထားကြမှာမလွဲပေ။** ခုတော့ ဒီနာရီတွေကိုပဲကျွန်တော် မုန်းပစ်လိုက်သည်။ စက္ကန့်တံလေးတစ်ချက်အရွေ့ဟာ နှလုံးသားကို ပွတ်တိုက်အက်ကွဲသွားစေသလို….။ နာရီတွေကို ကျွန်တော် တရားမျှတစွာ မုန်းပစ်လိုက်ပါသည်။

# အခန်း (၁၀)

ကွန်ပြူတာဖန်သားပြင်ပေါ်က မြားလေး ဘယ်ပြေးလိုက်ညာပြေးလိုက်နှင့် နန္ဒာတစ်ယောက် ကျွန်တော့် ကင်မရာထဲက ဓါတ်ပုံတွေ ကူးယူနေသည်။ သူ့ဇာက နန္ဒာ့အနောက်ဖက်မှာ ထိုင်နေရင်း ဖန်သားပြင်ကို ငေးကြည့်နေသည်။ သူမညာဘက်လက် လက်သည်းခွံလေးတွေပေါ်မှာ ကျွန်တော်ဆိုးပေးထားသည့် အနီရောင်ဆေးသားလေးတွေ အိပ်မောကျနေသလိုမျိုး

အခန်းတစ်ခန်းလုံးတိတ်ဆိတ်နေကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း သူဇာ့ကိုငေးကြည့်ရင်း ဆွံ့အနေမိသလိုမျိုး....

"ဒီ ဂိမ်းလေး ကောင်းတယ်ဟ "

ဆိုပြီး နန္ဒာက သူ့မကွန်ပြူတာထဲက ဂိမ်းလေးအကြောင်းရှင်းပြနေသည်။ သူဇာက မျက်လုံးအဝိုင်းသားလေးနှင့် နားထောင်နေ၏။ ကျွန်တော်ကတော့အဲဒီ့စကားလမ်းကြောင်းထဲ စိတ်မရောက်မိ။ မကြားတစ်ချက်ကြားတစ်ချက်နှင့်သာဖြစ်သည်။ မနက်လင်းထဲက ချစ်ရသောသနှင့် တစ်နေကုန်ရှိနေသည့်အရသာလေးကို ပြန်ငေးရင်း ပြန်တွေးရင်း ပြန်ဆွေးရင်းပေါ့။ သည်ညသူဇာ အင်္ဂလိပ်စာ ကျူရှင် ခုနစ်နာရီသွားရမယ်ဆိုသည့်အသိက ကျွန်တော့်ကို နာရီတကြည့်ကြည့်ဖြစ်စေပါသည်။ စိတ်ကလည်း သူမကိုဖွင့်ပြောချင်နေပြီ နာရီကလည်း ၇နာရီထိုးတော့မည်။သည်လိုနှင့် မက်ဆေ့ချ် (message) ပို့လိုက်သည်။

"how abt your fingers"

ပို့ပြီးသည်နှင့် ကျွန်တော် ဖုန်းကိုဖွက်လိုက်သည်။ သူဇာ့ဖုန်းက message tone လေး ထမြည်လာ၏။ ပြီးတော့ဘာတွေရေးနေလဲမသိ။ သူလည်း ပို့ပြီးတော့ ဖုန်းကို ဖွက်လိုက်၏ ။ ကျွန်တော့်ဖုန်း message tone လေးလည်း မြည်လာပြန်ရော....။ ကျွန်တော်တို့နှစ်ယောက်က (စိတ်တူကိုယ်တနှင့်) တစ်ယောက်နှင့်တစ်ယောက် မက်ဆေ့ချ် ပို့နေကြသည်ကို နန္ဒာ့ မသိစေချင်တာပါ။ ပို့ပြီးသည်နှင့် ဖုန်းကိုဖွက်ပြီး ကိုယ်ကပဲမပို့သလိုမျိုးပေါ့။

" I'm so pleased for yr hand. I'll save it in my deeply thought! " တဲ့။

ရင်ထဲမှာ တော်တော်လေးပျော်သွားသည်။ နန္ဒာ ကတော့ ကွန်ပြူတာရှေ့မှာအလုပ်ရှုတ်လို့ ကောင်းနေတုန်း။ ပါးစပ်ကလည်း သူ့ဂိမ်းဘယ်လိုဆော့လို့ကောင်းတဲ့အကြောင်းရှင်းပြနေတုန်း။ ကျွန်တော်ကတော့ ကြားတစ်ချက်မကြားတစ်ချက်။ ကျွန်တော့်အထင် ပန်းရောင်မလေးလည်း ကျွန်တော့်လိုပဲ ကြားတစ်ချက်မကြားတစ်ချက်ပဲထင်ပါသည်။ ကျွန်တော် မက်ဆေ့ချ်ထပ်ပို့လိုက်၏။

" Thz Thu Zar. but if you don't mind me, I wanna request you to save it in your deeply heart! "

ထုံးစံအတိုင်းသူမ ဖုန်း သံလေး မြည်လာသည်။ ကျွန်တော်ကတော့ ကိုယ်မဟုတ်သလို ဖုန်းကို အိပ်ကပ်ထဲထည့်ပြီးသွားပါပြီ။ သူဇာ့မျက်နှာကိုလှမ်းအကဲခတ်ကြည့်တော့ ပကတိအသေ။ တည်ငြိမ်မှုမရှိ လှုပ်ရှားမှုမရှိ ခံစားချက်အသေသာဖြစ်နေသည်။ သူမကကိုယ်နဲ့မဆိုင်သလို မတုန်မလှုပ်တဲ့ပုံစံမျိုး။ ဒါဘာကြောင့်လဲ။ ကျွန်တော့်ကိုများ....။ ကျွန်တော်ဆက်မတွေးရဲတော့။

" ပို့ကြပေ ပို့ကြ တစ်ယောက်နဲ့တစ်ယောက် message တွေပို့နေကြတာ ငါမသိဘူး"

နန္ဒာ့အသံကြားတော့ ရုတ်တရက် ကျွန်တော်အတွေးကိုရပ်လိုက်သည်။ သူဇာကိုယ်တိုင်လည်း မငြင်းသလို ကျွန်တော်လည်းငြိမ်နေလိုက်ပါသည်။ နန္ဒာကပဲ လျင်တာလား။ ကျွန်တော်တို့ကပဲ မပိရိတာလား။ ကိုယ့်ကိုကိုယ်တောင် ဇဝေဇဝါဖြစ်သွား၏။ ကျွန်တော်စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။

"သူဇာ ခု ဂနာရီထိုးနေပြီနော်။ ကျူရှင်ရှိတယ်ဆို။ နောက်ကျနေဦးမယ်"

သူမ နာရီကြည့်သည်။ ပြီးမှ...

"ရပါတယ် ဂနာရီခွဲလောက်ရောက်သွားလည်း အဆင်ပြေပါတယ်"

နန္ဒာက...

"နေပိုင် နင်ကကောဘယ်သွားဦးမှာလဲ"

"ငါသူဇာ့ကိုလိုက်ပို့လိုက်ဦးမယ်လေ ပြီးရင်တော့ ငါလည်း အိမ်ပြန်မှာပေါ့"

နန္ဒာက ကျွန်တော့်စကားကိုကြားတော့ သူဇာ့ဘက်ကိုလှည့်သည်။ နေပိုင်လိုက်ပို့မှာကို နင်ဘယ်လိုသဘောရလဲဆိုသည့် အကြည့်...

"အင်း နန္ဒာ ဒါဆိုငါတို့သွားတော့မယ်။ ငါကျူရှင်နောက်ကျနေလိမ့်မယ်"

နန္ဒာက ပြုံးရင်း...

"အင်းသွားကြသွားကြ"

နန္ဒာ့အပြုံးက နင်တို့နှစ်ယောက်သိပ်အကြည်ဆိုက်နေကြတယ်ပေါ့လေလို့ အဓိပ္ပါယ်ရမှန်း ကျွန်တော် အသံတိတ် နားလည်လိုက်သည်။ နန္ဒာ့ကို နှုတ်ဆက်ပြီး နှစ်ယောက်သားထွက်လာခဲ့လိုက်သည်။

သည်နေ့အတွက် မိုးရေတို့က သစ်ရွက်ဖျားတို့ထံ အိပ်တန်းတက်ကြသည်။ ပြည်လမ်းမတစ်လျှောက် နီယွန်မီးလျှံတို့က သစ်ပုပင်လေးတွေကို အပေါ်ရုံခြုံထားသည်။ ညကလည်း လူနေအိမ်မီးရောင်လေးတွေကြားထဲ တိုးတိုးလေးမှောင်နေသည်။ ပလက်ဖောင်းပေါ်မှာ ထီးတစ်ချောင်း၊ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်က တရွေ့ရွေ့။ ညတစ်ခုလုံးနှင့် စီးချင်းထိုးဖို့ ပြင်ဆင်နေကြသလိုမျိုး။ သူမလည်း တိတ်ဆိတ်သလို ကျွန်တော်လည်း ဆွံ့အမိနေသည်။ အတော်လေးကြာမှ....

"နေပိုင် ဒီလိုပဲတိတ်နေတော့မှာလား"

ကျွန်တော်တိကျသည့်အဖြေတစ်ခုကို ဖွင့်အံပြချင်မိသည်။ စကားလုံးရှာမတွေ့...

"ကျွန်တော့်မှာ ပြောစရာတွေ ရှိနေတယ်"

"ဒါဆိုပြောလေ..."

တကယ်တမ်းကျတော့ ကျွန်တော်မပြောရဲ။ ကျွန်တော့် message ကိုဖတ်ပြီး ပကတိအတိုင်း ခံစားချက်မဲ့သွားသည့် သူမမျက်နှာဟာ ကျွန်တော့်စကားလုံးတိုင်းကို နှောက်ယှက်နေကြသည်။ ကျွန်တော်လည်းတည့်တည့်ပဲ...

"အဲဒါပဲစဉ်းစားနေတာ ပြောရင်ကောင်းမလား မပြောရင်ကောင်းမလားလို့ ပြောမယ်ဆိုတော့လည်း ဘယ်ကစပြောရမှန်းမသိဘူး"

သူမကို အကဲခတ်ကြည့်လိုက်တော့ ထီးလေးအတူဆောင်းနေရာကနေ ခေါင်းလေးငုံ့နေသည်။ ကျွန်တော့်ကို ဘာမှပြန်မပြော။ ပြည်လမ်းမ ပလက်ဖောင်းပေါ်မှာ လူသံတွေတိတ်နေသည်။ ကားသံတွေဖြတ်သွားနေကြရုံကလွဲ၍ အရာအားလုံးငြိမ်သက်နေဆဲ။ သူမတစ်ခုခုသာကျွန်တော့်ကို တုံ့ပြန်လိုက်လျှင် ကျွန်တော်ဖွင့်ပြောမိတော့မှာ သေချာသည်။ ခုတော့ ကျွန်တော်ရှေ့မဆက်ရဲ။ လူတစ်ယောက်ကို ချစ်တယ်လို့ဖွင့်ပြောဖို့ သည်လောက်တောင်ခက်ခဲခဲ့ပြီလား။

ကျွန်တော်သတ္တိရှိသည် သို့သော် ချစ်တယ်လို့မပြောရဲ။ မြန်မာနိုင်ငံခဏပြန်လာတုန်း အပျော်ရည်းစားထားသည်ဟု ထင်သွားမှာကို ကြောက်နေတာကြောင့်လည်းပါလိမ့်မည်။ တစ်နည်းနည်းနှင့်တော့ ကျွန်တော်ဖွင့်ပြောရန် အခြေအနေရော အခွင့်အရေးရောရနေပါပြီ။ မျက်စိစုံမှိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။ ဖွင့်ပြောရန် အရှိန်ယူလိုက်သည်။ ပင့်သက်ကို ခပ်ပြင်းပြင်းလေး ရှိုက်ယူလိုက်သည်။ ပါးစပ်ကို ခပ်ဖွဖွလေးဟလိုက်တော့... ဒါနဲ့ကျွန်တော်က ဘယ်ကဘယ်လိုစပြောမှာလဲ မသိ။ ချစ်တယ်လို့တည့်တည့်ကြီးပြောရမှာလား။ ဒါလည်းမဟုတ်သေးပါဘူး။ ဒီလိုလည်းမပြောချင်။ ဒါဆိုဘယ်လိုပြောမှာလဲ။ ခပ်ဖွဖွလေးဟထားတဲ့ပါးစပ်ကသာ ခပ်ပြင်းပြင်းရှိုက်ယူထားတဲ့ ပင့်သက်ကို သက်ပြင်းအဖြစ်ပြန်ပစ်ချလိုက်သည်။ ခုချိန်ထိ စလုံးရေမစရသေး။ ရင်ထဲမှာ ပြောင်းဆန်နေပြီ။ ရုတ်တရက်သူဇာက...

"ကဲ နေပိုင်"

သူမခေါ်သံကြောင့် အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ သူဇာက ဆက်ပြီး...

"ရှေ့မှာ ကျူရှင်ကိုရောက်ပြီ နေပိုင် ဒီကနေပဲပြန်လိုက်တော့နော်"

ထင်မထားသော စကားကြောင့် မျှော်လင့်ချက်တွေ ရင်ဘတ်ပေါ်မှောက်ကျသွားသည်။ လက်ထဲမှာကိုင်ထားသည့် သူမထီးခရမ်းရောင်လေးကို သူမလက်ထဲထည့်ပေးလိုက်သည်။ သူမမျက်ဝန်းက နူးညံ့မှုတစ်ခုကို ကျွန်တော်တွေ့လိုက်ရသည်။ ကျွန်တော်ခုချိန်ထိဘာကြောင့် ဖွင့်မပြောရဲခဲ့တာလဲ။ ကိုယ့်ကိုကိုယ်ဝေခွဲမရ။ အခြေအနေကော အခွင့်အရေးကော ရခဲ့ပါလျှက်နှင့် ကျွန်တော်သည် ကိုယ်ချစ်သည့်မိန်းခလေးကို ချစ်တယ်လို့ဖွင့်ပြောရန် သတ္တိကြောင်ခဲ့သူလား။ ချစ်တယ်လို့မပြောရဲလျှင် ကျွန်တော်ချစ်တာကို သူမသိအောင်မည်သို့လုပ်နိုင်မည်နည်း။ သူဇာကထီးလေးယူပြီးလှည့်အထွက်... တစ်လှမ်း.. နှစ်လှမ်း...သုံးလှမ်း...

"သူဇာ"

ပါးစပ်က မရည်ရွယ်ထားပဲ သည်အမည်နာမလေး ထွက်သွားသည်။ သူဇာက ပြန်လှည့်ကြည့်သည်။ သူမ၏ မျက်ဝန်းက ကျွန်တော်ဆက်ပြောမည့်စကားတွေအတွက ရွေးချယ်၍ လင်းလက်ပေးနေသလိုမျိုး...။

"ကျွန်တော်မနက်က သူဇာ့ကိုပေးဖတ်တာ ကဗျာမဟုတ်ဘူး... ရည်းစားစာ"

ရုတ်တရက် သူမ၏ လက်ကလေးတစ်ဖက် မြောက်တက်လာသည်။ ပြီးမှ လက်ဝါးလေးကိုဖြန့်ရင်း လုံးဝမထင်မှတ်ထားသောစကားတစ်ခွန်းက...

"ဒါဆို ပေးလိုက်လေ"

လက်သည်းလေးတွေပေါ်မှာလည်း အနီရောင်လေးတွေက အိပ်မောကျနေတုန်းဖြစ်သည်။ သူမအပြုအမူလေးက ငယ်ငယ်က ဖိုးလမင်းကြီးဆီမှာ ထမင်းဆီဆမ်းရွှေလင်ဗန်းနှင့် ပေးပါဟု တောင်းခံနေသလိုမျိုးနှင့်တူနေလေ၏။ မျက်ဆံလေးတွေကို မျက်ခုံးထံ ဝကွက်အပ်ထားပြီး နှုတ်ခမ်းလွှာလေးတွေကကို တင်းတင်းစေ့ထားသည်။ ပြောထွက်သွားမှာစိုး၍ တင်းထားရသော စကားလုံးတစ်စုံတစ်ရာကို တားဆီးနေသလိုမျိုး။ မိုးဖွားလေးတွေ အစက်အပြောက်အဖြစ် ကျဆင်းနေသည်။ လေပြေသဲ့သဲ့လေးတိုက်ခတ်လာသလို ရင်ထဲမှာ ဆည်းလည်းသံလေးတွေ ခါယမ်းသွားသည်။ စာရွက်လေးကို လွယ်အိတ်ထဲက ဆွဲထုတ်လိုက်တော့ကျွန်တော့်လက်တွေ ကျွန်တော်ကိုယ်တိုင်မသိလောက်အောင် တုန်ခါနေခဲ့သည်။ စာရွက်လေးကို သူမထံ ကမ်းပေးလိုက်သည်။ ကျွန်တော့်ဘက်က မလွှတ်လိုက်သေး။ စာရွက်ဖြူလေးက ကျွန်တော်တို့ လကနစ်ဖက်ကြားတွင် ထိုးစိုက်ထားသော ပန်းနရောင် တံတားငယ်လေးတစ်ခုလို...

"ကျွန်တော် အများကြီးမပြောတော့ပါဘူး ကျွန်တော် ခုလို ခဏပြန်လာတုန်းမှာ အပျော်ရည်းစားထားတယ်လို့ သူဇာထင်သွားမှာတော့ ကြောက်တယ်"

"ဟာ မထင်ပါဘူး"

သည်လိုရိုးစင်းသည့် သူမ နှုတ်ခမ်းဖျားက ဒီအဖြေတစ်ခု အပြင် သူမဘာမှဆက်မပြောတော့။ ကျွန်တော်ကပဲ

"နောက်တစ်ခုက ကျွန်တော့်ကို သူဇာ သေချာစဉ်းစားပါ ကြိုက်တဲ့အချိန်မှ အဖြေပေးလို့ရတယ်"

ကျွန်တော်ပြောသမျှကို သူမငြိမ်ငြိမ်လေးနားထောင်နေတုန်းပဲ...

"ဒီလောက်ဆို လုံလောက်သွားပါပြီ ကျွန်တော်ပြန်တော့မယ်သူဇာ... ကောင်းသောညပါ"

နှစ်ယောက်သား ကိုင်ထားသည့် စာရွက်ဖြူလေးကို ကျွန်တော့်ဘက်ကပဲ စလွှတ်လိုက်သည်။ ကျွန်တော်တစ်ယောက်ထဲ ထွက်လာခဲ့လိုက်တော့ ကျန်ရစ်ခဲ့တာလည်း သူဇာတစ်ယောက်ထဲ။

အပြန်လမ်းမဟာ ကျွန်တော့်ကို မိုးညဆန်ဆန် ခြောက်လှန့်နေကြသည်။ ဖြစ်ခဲ့သမျှအဖြစ်အပျက်တွေကို ပြန်စဉ်းစားကြည့်သည်။ ကျွန်တော်ဖွင့်ပြောခဲ့သည်ထဲတွင် ချစ်တယ်ဟု တစ်ခွန်းမှမပါ။ မရည်ရွယ်ထားသည့် အတိုင်း မသိလိုက်မသိဖာသာပဲ မြန်မြန်ဆန်ဆန် ဖြစ်ပျက်သွားခဲ့ပါသည်။ **လောကတွင် ကြိုတင်စီစဉ် အကွက်ချထား၍ရသော အရာများရှိနေမည်ကို ကျွန်တော်သံသယဝင်မိသည်။ ကြိုတင်စီစဉ်ထားပါလျှက်နှင့် အလွဲလွဲ အချော်ချော်များသည်လည်း အစီအစဉ်တကျဖြစ်သွားနိုင်သည်။** အခုကျူရှင်မှာ သူဇာတစ်ယောက် ကျွန်တော့်အကြောင်းတွေးနေမည်လား။ သို့မဟုတ် ကျွန်တော့်စကားတွေကို ယုံပါ့မလား။ ဒါတော့မဖြစ်နိုင်။ ယုံသည်ဟု သူမ ကိုယ်တိုင်ပြောသွားခဲ့သည်။ ယုံကြည်ကြောင်းကိုလည်း မျက်လုံးတွေက တဆင့် ကျွန်တော်ဘာသာပြန်ဖြစ်ခဲ့သည်။ နန္ဒာနဲ့တိုင်ပင်ကြည့်ဖို့ ကျွန်တော်ဖုန်းဆက်လိုက်သည်။

"အေး..နေပိုင်ပြော"

"ငါ သူဇာ့ကို ဖွင့်ပြောလိုက်ပြီဟ။ အဲဒါနင့်ကိုလှမ်းပြောတာ"

နန္ဒာကအားပေးသည်။ ဒီလိုသူငယ်ချင်းမျိုးရှိသည်ကလည်း ကျွန်တော့်အတွက် အားတက်စရာပါ။

"ကောင်းပါတယ်ဟာ။ နင်အချိန်ဆွဲထားပြီး ကြာနေရင်သာ မကောင်းတာ။ တစ်ခုခုတော့ ထူးခြားမှာပေါ့ဟာ။ သိပ်လည်းစိုးရိမ်မနေပါနဲ့"

"အေးပါဟာ ငါသူ့ဆီက အဖြေတော့မတောင်းခဲ့လိုက်ဘူး... ဒါပေမဲ့မျှော်လင့်ရတာပဲ"

"အင်း...ဒါနဲ့ နင်ဘယ်တော့ပြန်ရမှာလဲ မြန်မာနိုင်ငံကနေ"

ဒီမေးခွန်းက ခုမှ စိတ်ထဲကို ခပ်ပြင်းပြင်းဝင်ဆောင့်သည်။ ကျွန်တော်ဘယ်လိုမှ ထင်မထားတဲ့မေးခွန်း။

"ငါမပြောချင်ဘူးနန္ဒာ... နင်တို့အချိန်တန်ရင်တော့သိမှာပေါ့ လကုန်လို့ပဲမှတ်ထားလိုက်ပါဟာ"

နန္ဒာက အားနာသွားပုံရပါသည်။

"sorry ဟာ ငါက နင့်ကိုလက်ဆောင်တစ်ခုခုထည့်ပေးလိုက်ချင်လို့ မေးတာ"

"အေးပါ..လကုန်လို့ပဲမှတ်ထားလိုက်ပေါ့... ဒါပဲနန္ဒာ.. ငါလမ်းလျှောက်ရင်း စကားပြောရတာ သိပ်အဆင်မပြေဘူး"

နန္ဒာကလည်း အလိုက်တသိနဲ့ပဲ...

"အေးအေး တာ့တာနေပိုင်"

လကုန်လျှင်ဆိုသောအသိက နန္ဒာပြောလိုက်ကာမှ ကျွန်တော့်ကို စတင်နှိပ်စက်တော့သည်။ ရက်တွေကိုရေတွက်ကြည့်တော့ ၁၀ရက်သာသာလောက်သာ ကျန်တော့သည်။ ဖြစ်ချင်တာတွေ ဖြစ်ခွင့်မရလိုက်ခင် ဖြစ်သင့်တာတွေကို ဖြစ်အောင်လုပ်ရတော့မည်။ ဥပမာ... လူတစ်ယောက်သည် ထမင်းစားပြီးသည့်အခါတွင် သစ်သီးတစ်မျိုးမျိုးဖြစ်စေ သကြားလုံးဖြစ်စေ စားတတ်ကြသည်။ ဒါကိုအချိုတဲသည်ဟု ခေါ်ဝေါ်ကြသည်။ အချိုအရသာပါသောအရာတစ်ခုခုဖြင့် ထမင်းဟင်းအရသာကို ဖျောက်ပစ်တတ်ကြသည်။ **တနည်းအားဖြင့် အဆုံးသတ်ကို ချိုမြိန်ခြင်းများဖြင့်သာ အဆုံးသတ်ချင်ကြသည်။** ဒါဆို ကျွန်တော့်တွင် အချိုတဲခွင့် မရှိတော့ပြီလား။ ရှိခဲ့သည်ဆိုလျှင်လည်း ဗလာဖြစ်နေသော သုညတစ်လုံးပဲဖြစ်လိမ့်မည်။

ဘီလူးတွေကြမ်းတဲ့
နက္ခတ်မှာ...
မသိလို့ ဝင်ရပ်ခဲ့မိတာပါ။

ခုတော့

ငိုရမလို

.........

ငိုရမလိုပေါ့။

ကောင်မလေးရေ...

ဒီပြက္ခဒိန်မှာ ငါပိုင်ခဲ့တာ

နယ်ဝေးတစ်ခုပဲဖြစ်တယ်

ငါ့ကိုပြန်ဖတ်ပြီးရင်တော့

ငါ့ကဗျာလေးကိုပြောပြပေးပါ။

# အခန်း (၁၁)

"သားကြီး မင်းကိုနန္ဒာဘာပြောသေးလဲ"

"လာခဲ့မယ်တော့ပြောတယ် ခဏစောင့်တဲ့ ... သူ့ခဏဆိုတာ သိတဲ့အတိုင်းပဲလေ"

မနက်မနက်ထိုင်နေကျ Brother လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်နှင့်လုံးလုံး နန္ဒာအလာကို စောင့်နေရသည်။ နန္ဒာ့ခဏကလည်း ကြာလေ့ရှိတာကျွန်တော်တို့ အသိ။ ပေါင်းသင်းလာတာလည်း ကြာခဲ့ပြီဆိုတော့ ဒါအထူးအဆန်းလည်းမဟုတ်တော့။ လုံးလုံးက

"ဒါဆေးကပ်ထိုးတာကွာ တကယ့်အာရုံပဲ"

စိတ်ထဲတော်တော်ကို ကြောင်တောင်တောင်နိုင်သွားသည်။ ဆေးထိုးရအောင် နန္ဒာက ဆရာဝန်လည်းမဟုတ်။

"ဘာလဲဟ ဆေးထိုးတာက"

လုံးလုံးက လက်ဖက်ရည်ခွက်ကို မော့သောက်လိုက်ရင်း...

"ဟာကွာ အချင်းချင်းကပ်ပြီး အာရုံလာစားတာလေကွာ အဲလိုမျိုးကိုပြောတာ မင်းကလည်းပိန်းပ့ါ"

ကောင်းလိုက်တဲ့ သီအိုရီပါပဲ။ ကျွန်တော်မရှိသည့် သုံးနှစ်ကျော်လေးနှစ်ကာလမှာ ရန်ကုန်မြို့ပြောင်းလဲနေခြင်းထဲတွင် ဒါလေးတွေလည်းပါလိမ့်မည်။ ရန်ကုန်မှာ ကုန်တိုက်တွေ တစ်နေ့တခြားပိုများလာသည်။ ယခင်ကျွန်တော်ရှိစဉ်က ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းဆုံနားက စိန်ဂေဟာစင်တာမှလွဲ၍ လမ်းမတန်းဟာ ရှင်းလင်းလို့။ Bishop Home ကျောင်း ကျောင်းဆင်းကျောင်းတက်ချိန်မှလွဲ၍ ထူးထူးခြားခြားလူမစည်ကားတတ်။ ခုတော့ ထိုးထိုးထောင်ထောင်ဖြစ်နေသည့် တော်ဝင်စင်တာကြီးနှင့် ပုတက်တက်လူတွေနှင့် မိုးလောက်ကြီးတဲ့ စကားလုံးတွေနှင့်နေ့စဉ် စည်ကားနေသည်ကို သတိထားမိသည်။ ဘတ်စ်ကားတွေလည်း လိုင်းများထပ်မံတိုးချဲ့လာသည်ကို သတိထားမိသည်။ ဆက်သွယ်ရေးတွေ အဆင်ပြေလာသည်။ သာမန်လူလတ်တန်းစားအတွက် လက်ကိုင်ဖုန်းတစ်လုံးဟာ တန်ဖိုးမကြီးမားတော့။ တဖြည်းဖြည်း လူတန်းစေ့နိုင်နေပြီဖြစ်သည်။ တွေးလို့ကောင်းနေတုန်း...

" sorry ဟာ နည်းနည်းကြာသွားတယ်"

ပြောရင်း နန္ဒာ ကျွန်တော်တို့ဝိုင်းမှာဝင်ထိုင်သည်။

"ခဏလေးပဲကြာမယ်ဆိုတဲ့စကားက နင်နဲ့မှလိုက်တာ"

နန္ဒာကျွန်တော့်စကားကို နားလည်ပုံမပေါ်...

"ဒီလိုလေ ခဏလေးပဲ ဒါပေမဲ့ကြာမယ် လို့ပြောတာ"

“ကောင်စုတ်”

နန္ဒာက စားပွဲထိုးလေးကိုခေါ်ပြီး လက်ဖက်ရည် မှာသည်။

“နေပိုင် နင် သူဇာ့ကိုကောမခေါ်ထားဘူးလား”

သေလိုက်ပါလား နန္ဒာရယ်။ စိတ်ထဲကနေပဲ ကျိမ်ဆဲလိုက်ပါသည်။

“ခေါ်ချင်တာမှ လူကြားလို့တောင်မကောင်းဘူး။ သူငယ်ချင်းတွေကြားထဲခေါ်ရင် နင်ပဲ ပွစိပွစိပြောဦးမယ်။ မသိတာကျလို့”

“ဟာ ငါတို့နဲ့လည်း သူကသူငယ်ချင်းပဲကို။ နောက်ပြီးနင်နဲ့သူနဲ့က ရည်းစားတွေမှမဟုတ်သေးတာ”

မှန်ပါသည်။ ကျွန်တော်နှင့်သူမ ရည်းစားမှမဟုတ်။ သည်တစ်ခါတော့ နန္ဒာ့ကို ကျွန်တော်ဘာမှ မတုံ့ပြန်လိုက်နိုင်ပါဘူး။ နန္ဒာက သူမဆီဖုန်းလှမ်းဆက်သည်။ သည်ကိုလာဖို့ခေါ်နေသည့်ပုံပါပဲ။ စကားသံကွဲကွဲပြားပြားမကြားရ။

“သင်တန်းသွားမလို့တဲ့ ခုလာနေပြီလို့ပြောတယ်”

အချိန်က ဇနာရီခွဲနေပြီဖြစ်၍ ခဏနေလျှင် သူမသင်တန်းရှိမှန်း ကျနော်သိနေသည်။ သည်ကိုဝင်လာခဲ့မည်ဆိုတော့ နှစ်နှစ်ချိုက်ချိုက်ပြုံးလိုက်မိ၏။ နန္ဒာက...

“လာမယ်ဆိုတာနဲ့ ရုပ်ကိုက”

“မဟုတ်ဘူးဟ သူသင်တန်းရှိတာငါသိတယ်။ ခုလာနေပြီဆိုရင် နောက် ၁၅မိနစ်ဆို သူရောက်လာလိမ့်မယ်။ အတိအကျပဲ”

နန္ဒာက လုံးလုံးဘက်ကိုလှည့်ပြီး

“၁၅မိနစ်ဟုတ်လား ငါတော့မယုံဘူး။ လုံးလုံးနင်ကော”

လုံးလုံးကလည်း အရင်က နန္ဒာနှင့်ဆို တကျက်ကျက်နဲ့ရယ်။ ခုကျတော့ ဘာများဖြစ်သွားလဲမသိ...

"အေးငါလည်းမယုံဘူး"

ကျွန်တော့်ဘက်မှာ ကျွန်တော်တစ်ယောက်ထဲသာ ကျန်တော့သည်။

"ဟုတ်ပြီလေ မယုံရင် မုန့်ဟင်းခါး ကြေးလောင်းမယ်။ ငါနိုင်ရင် နင်တို့ တစ်ပွဲပဲ ကုန်မှာ။ ငါရှုံးရင် နင်တို့၂ယောက်စာ။ ၂ဆ ၁ဆ ဘယ်လိုလဲ"

ကျွန်တော့်လေသံက နည်းနည်းတော့တိကျသွားမှန်း ကိုယ့်ကိုကိုယ်ပြန်သတိထားမိလိုက်၏။ ဟိုနှစ်ယောက်ကလည်း အားကျမခံ။

"ရတယ်လေ... ကြည့်ကြသေးတာပေါ့နေပိုင်ရယ်..."

ကျွန်တော်တို့နာရီမှတ်လိုက်ကြသည်။ တအောင့်ကြာတော့

"နေပိုင် ငါးမိနစ်ရှိပြီနော်"

ကျွန်တော် လက်ဖက်ရည်သောက်ရင်း ပြုံးလို့ကောင်းတုန်း။

၁၀ မိနစ်

...

၁၃ မိနစ်

...

၁၄မိနစ်.....

လမ်းမဆီသို့ မျှော်ကြည့်ရသူက ကျွန်တော်။ စက္ကန့်နှင့်အမျှ အရေးကြီးနေပြီ။ မုန့်ဟင်းခါး နှစ်ပွဲဟာ သိပ်ကြီးကျယ်လှတဲ့ ဆုံးရှုံးမှုမျိုးမဟုတ်ပါဘူး။ သို့သော်... ပန်းရောင်မလေးနှင့်ပတ်သက်လာရင် ကျွန်တော်တစ်လောကလုံးကို အနိုင်ယူချင်မိသည်။

၁၄မိနစ် ၃၀စက္ကန့်...

....

၁၄မိနစ် ၅၀စက္ကန့်

...

လုံးလုံးနှင့်နန္ဒာက သံပြိုင်

"၅၁...၅၂...၅၃..."

လမ်းထိပ်မှာ လူတွေရှုတ်နေသည်။ ဒီအချိန်မှာ သူမကို လှမ်းတွေ့လိုကလျှင်တောင် ကျွန်တော်အရှုံးကို ငြင်းလို့ရသည်။ သို့သော်... ခုထိမတွေ့ရသေး။

"၅၇...၅၈...၅၉...ဝေးပြည့်ပြီ"

အော်လည်းအော်ဟစ်ရင်း လုံးလုံးနှင့်နန္ဒာက အောင်ပွဲခံနေကြသည်။ ကိုယ်ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ဒိုင်လူကြီးက ခရာမှုတ်သည့်အခါ ဘယ်လိုများနေမလဲ။ ကျွန်တော်ဖာဂူဆန်မဟုတ်သည့်အတွက် မတည်ငြိမ်နိုင်ပါ။ ကောင်စုတ်မလေးရေ... ဒီပွဲမှာ ငါခမ်းခမ်းနားနားကို ရှုံးသွားပါပြီ။ နောက် ငါးမိနစ်ကြာတော့မှ သူဇာရောက်လာသည်။ နန္ဒာက...

"သူဇာ... ဒီနေ့ဒီဆိုင်ကမုန့်ဟင်းခါးက စားလို့ကောင်းတယ်ဟ သိလား"

ပြောလည်းပြောရင်း လုံးလုံးနဲ့၂ယောက်သား ရီနေကြသည်။ **တကယ်တော့ အရှုံးဆိုသည်မှာ ထင်သလောက်လည်း ကြောက်စရာမကောင်းပါ။ အရှုံး၏နောက်တွင်ရှိသော စကားလုံးများကသာ နာကျင်စေတာဖြစ်ပါသည်။** ပန်းရောင်မလေးကတော့ ဘာမှမသိကြောင်တောင်တောင်လေး ဖြစ်နေသည်။ နန္ဒာကဆက်ပြီး

"ဟုတ်တယ် မုန့်ဟင်းခါးကဒီနေမှ ကောင်းကိုကောင်းနေတာ"

နန္ဒာတစ်ယောက် ပါးစပ်ကလည်းပွစိပွစိ ကျွန်တော့်ကိုစကားနာထိုးရင်း မုန့်ဟင်းခါးကို တရှုတ်ရှုတ်စားနေ၏။ ပန်းရောင်မလေးက နန္ဒာ့ကိုကြည့်လိုက် ကျွန်တော့်ကိုကြည့်လိုက် လုံးလုံးကိုကြည့်လိုက်နှင့် ဝေခွဲမရဖြစ်နေတုန်း။ ဒီအတိုင်းကျွန်တော် ငြိမ်နေရင် နန္ဒာ့အပြောအဆိုက လွတ်မှာမဟုတ်တော့။ ကျွန်တော်လည်း ငယ်ကျိုးငယ်နာဖော်ရတော့မည်။

"လုံးလုံးမင်းမှတ်မိသေးလား။ နန္ဒာက ဂူရှုးကစားတော့ သူ့ကို ငါတို့နံမည်တွေပေးခဲ့တယ်လေ"

လုံးလုံးက ကျွန်တော့်စကားကို ချက်ချင်းသဘောပေါက်ပါသည်။

"အေးလေ မှတ်မိတာပေါ့ ချစ်စနိုးနဲ့ ဝူရှူးလို့ခေါ်တယ်လေ"

နန္ဒာက ကျွန်တော်တို့ဆက်ပြောမည့်စကားတွေကို သိနေပုံရပါသည်။ မျက်နှာကြီးကို ပုပ်သိုးလို့...။

"ဒါတင်ဘယ်ကမလဲကွာ hip hop ဂီတမှာဆိုရင် အဆိုတော်က ရဲလေး သူက ရှူးလေး... Rock ဂီတဘက်မှာ အဆိုတော်က မျိုးကြီး သူက ရှူးကြီး.... Punk နဲ့ alternative ဘက်မှာဆိုရင် ဟိုက ကျားပေါက် သူက...ဟဟဟဟဟ"

ဆက်မပြောတော့သော်လည်း အားလုံး သဘောပေါက်လိုက်ကြသည်။ မနက်ခင်း လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းလုံး နန္ဒာ့ကို အပြင်းအထန်တိုက်ခိုက်နေ၏။ သူပြန်ပြောချိန်မရ။ လုံးလုံးနှင့်ကျွန်တော်ကလည်း တစ်ခုခုဆို ညီမှညီ။ အထူးသဖြင့် နန္ဒာ့ကိုစရမည်ဆိုရင် ပြောစရာမလို။ ကျွန်တော်တို့စားပွဲဝိုင်းလေးမှာ နန္ဒာကလွဲ၍ ရီမောမဆုံး။ လုံးလုံးကဆက်ပြီး...

"နေပိုင် Rock ဘက်မှာ မျိုးကြီးမကောင်းဘူးကွ.. သျှီကမှမိုက်တာ။ ဒီတော့ (နန္ဒာ့ကိုလက်ညှိုးထိုးပြီး) ရှူးသျှီ"

လုံးလုံးခေါ်လိုကသည့်အသံက ကားလမ်းတွေပိတ်နေသဖြင့် မော်တော်ပီကယ် ခရာမှုတ်နေသောအသံနှင့် တူနေ၏။ နောက်တစ်ခါ နန္ဒာ့ကို ခေါ်ရန် ခရာဆောင်ထားရင် အဆင်ပြေလောက်သည်။ နန္ဒာက

"သေချင်းဆိုးတွေ တော်ပြီ သူဇာနဲ့ပဲ စကားပြောတော့မယ်"

ပြောရင်းတစ်ဖက်ကို လှည့်သွားသည်။ ပန်းရောင်မလေး၏ စကားအတိုင်း သူမ နေ့တိုင်းလှနေသည့်ထဲတွင် သည်နေ့လည်းပါဝင်နေသည်။ စတော်ဘယ်ရီအဖျော့ရောင် နှုတ်ခမ်းလေးမှာ ကျွန်တော့်ရင်ခုန်သံတွေ ခဏခဏမှောက်ကျသည်။ ဘယ်ဘက်မျက်ခုံးအစွန်းနားအထိ ဆံစလေးများဖြင့် ဖုံးအုပ်ထားတာကလည်း ပင်လယ်ဓါးပြမလေးတစ်ယောက်နှင့် တူနေသည်။ ကျွန်တော်သာ ပင်လယ်ဖြစ်လိုက်ပါရစေတော့ ပင်လယ်ဓါးပြမလေးရယ်...။ ငေးလို့ကောင်းနေတုန်း ဖုန်းဝင်လာသည်။ အသိညီမတစ်ယောက်ဖုန်း...

"အင်း သူသူ ပြော ကျုပ်အလှူနေ့က ညည်းပေါ်မလာဘူးနော် ရှင်းပါဦး အဲဒီ့ကိစ္စ"

တဖက်က ကျွန်တော်ထင်ထားသလို သာသာယာယာမဟုတ် ငိုသံ အက်ကွဲကနှင့်…

"အကို သူသူ့ယောကျ်ားနဲ့စိတ်ဆိုးပြီး သူ သူသူ့ကိုပစ်ထားသွားတယ်။ အိမ်မှာသူသူတစ်ယောက်ထဲ ကြောက်လို့ အကိုအားရင်လာခဲ့ပါဦး သူသူကြောက်တယ်"

ငိုသံတွေထဲမှာ "သူ" တွေထပ်နေတော့ ရယ်ချင်သွားသည်။ လိုရင်းကတော့ ဒီကောင်မလေး သူမယောကျ်ားနှင့်စကားများပြီး ယောကျ်ားက အိမ်ပေါ်ကဆင်းသွားကြောင်း အကြမ်းဖျင်းတော့ နားလည်လိုက်သည်။ ညားခါစလင်မယားအိမ်မှာ ယောကျ်ားမရှိ။ ကျွန်တော်သွားဖို့လုံးဝမသင့်တော်။ တစ်ဖက်ကလည်း ရင်းနီးနေပြန်တော့ မသွားလို့မကောင်း။ သူသနှင့်လည်းသိ ကျွန်တောနှင့်လည်းရင်းနီးနေသော မခရေကို ခေါ်သွားဖို့ သည်နေ့ကစနေနေ့မို့ အဆင်ပြေနိုင်သည်။ အတိအကျတော့မပြောရဲသေး။

"ဘယ်လိုဖြစ်ကြပြန်တာတုန်းသူသူ။ သိပ်လည်းငိုမနေနဲ့ဦး အကိုလည်းလာတော့လာခဲ့မယ်။ နေ့လည်လောက်ပေါ့။ ဘာမှတော့စိတ်လိုက်မာန်ပါမလုပ်နဲ့နော်"

"ဟုတ်ကဲ့အကို သူသူစောင့်နေမယ်နော်"

ဖုန်းချသွားသည်။ ခုနက ပျော်နေသည့်အပျော်လေးတွေတောင် ဘယ်ရောက်သွားမှန်းမသိ။ စိတ်ထဲအိုက်သွားသည်။ နန္ဒာက

"နေပိုင် ဘယ်ကဖုန်းလဲ"

"အသိတစ်ယောက်ပါဟာ ယောကျ်ားနဲ့ရန်ဖြစ်လို့တဲ့ ယောကျ်ားက အိမ်ကဆင်းသွားတဲ့ပုံပဲ။ နေ့လည်တော့ငါသွားရှင်းပေးလိုက်ဦးမယ်။"

ချက်ချင်းပဲ မခရေဆီဖုန်းဆက်တော့ အဆင်ပြေပါသည်။ သူလည်း စနေနေ့မို့အားနေပုံပါပဲ။ နေ့လည် ၂နာရီတူတူသွားကြဖို့ ချိန်းလိုက်သည်။ ချစ်လို့ နှစ်ဦးသဘောတူ လက်ထပ်ထားကြသည့်သူတွေ ဘာကြောင့်များ ရန်ဖြစ်ကြသည်လဲ။ နားလည်မှုရှိလျှင် ကွာရှင်းစာချုပ်ဆိုတာမျိုးတွေ ရှိလာလိမ့်မယ်မထင်။ ဒါမှမဟုတ် ငယ်ရွယ်စိတ်နှင့်ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့သောကြောင့်များလား။ စဉ်းစားစရာ။ သို့သော်ကျွန်တော် သီးသီးသန့်သန့်ကြီးတော့ စဉ်းစားမနေချင်။ **အိမ်ထောင်ပြုလက်ထပ်ခြင်းသည် ခါတ်ခွဲခန်းတွင် မှတ်တမ်းတစ်ခုဝင်ရန် အတွက်**

**ခဏခဏစမ်းသပ်၍မရသော လက်တွေ့ထုတ်ဖော်မှုဖြစ်သည်။ ရေထဲကငါးကို မှိန်းဖြင့်ထိုးဖမ်းသလို မိပြီးမှ မကြိုက်၍ ပြန်လွှတ်လိုက်လို့မရသော သဘောတူညီချက်လေး တစ်ခုသာဖြစ်သည်။** ဒါဆိုကျွန်တော့်အလှည့်တွင် အိမ်ထောင်တစ်ခုကို ဘယ်လိုတည်ဆောက်သင့်သလဲ။ ကျွန်တော်ဆက်တွေးမနေချင်တော့။ ခုလောလောဆယ် သူဇာ့ကို သင်တန်းလိုက်ပို့ရန်သာတွေးရမည်။ ကျွန်တော်တို့ဆိုင်ကထွက်တော့ လုံးလုံးနှင့်နန္ဒာက အိမ်ပြန်ကြသည်။ ကျွန်တော်နှင့် ပန်းရောင်မလေးကတော့ မဟာမြိုင်လမ်းမအတိုင်း....

"သူဇာသင်တန်းက ဘယ်အချိန်ပြီးမှာလဲ"

"မသေချာဘူး... ဆရာက သူစိတ်ပါရင်ပါသလိုသင်တာ ဒါပေမဲ့နောက်အကျဆုံးညနေပေ့ါ"

ကျွန်တော်ခေါင်းထဲရောက်နေသည်က သူမနှင့် ညနေထပ်တွေ့ရဖို့ပါ။

"သူဇာ ဂုနာရီကျူရှင်ရှိတယ်မလား... ခုဒီသင်တန်းပြီးချိန်ကတော့ ကျွန်တော်လည်း အားမှာမဟုတ်ဘူး။ ဟိုလင်မယားကို သွားရှင်းပေးရဦးမယ်။ ညနေကျူရှင်သွားရင်တော့ လိုက်ပို့မယ်လေ"

"အင်း ဒါဆိုလည်း ညနေဆုံတာပေ့ါ"

သူမသင်တန်းပေါ်တက်သွားတော့ ရင်ဘတ်ထဲ မနက်ခင်းတန်မဲ့ နေဝင်သွားသလိုခံစားရသည်။ ရင်ဘတ်ချင်းတူလည်း ခုနကနှင့်အခုတောင်မတူချင်တော့။ ညနေ ကျူရှင်ဂုနာရီလေးကိုပဲ ရင်ထဲဖိထည့်ရင်း အိမ်ပြန်လာခဲ့လိုက်သည်။

# အခန်း (၁၂)

သြဂုတ်လမိုးက စသလိုနောက်သလိုလေး ရွာနေသည်။ ကျွန်တော့်အမြင် မမှားဘူးဆိုလျှင် မိုးက မရွာချင်ရွာချင် ရွာနေသည်။ နေရောင်ကိုမမြင်ရ မခရေနှင့်အတူ လင်မယားရန်ဖြစ်သည့်ကိစ္စကို ကျွန်တော်တို့ရေးကြီးခွင်ကျယ်လုပ်ဖို့ ထွက်လာခဲ့ကြသည်။ လမ်းရောက်တော့ မခရေက စကားစသည်။

“နေပိုင်သိပြီးပြီလား သူသူတို့ မင်္ဂလာဦးညအဖြစ်ကို”

သောက်ကျိုးနည်းဟ။ မခရေငယ်ရေ မင်္ဂလာဦးညကို ကျွန်တော်ဘယ်လိုများဆက်တွေးရမှာလဲ။

"ဘာများထူးဆန်းနေလို့လဲဗျ"

လို့ ကျွန်တော်ရှူးချင်ယောင်ဆောင်နေလိုက်သည်။

"ဒီလိုနေပိုင်ရ... သူတို့ကခိုးပြေးကြတာလေ။ တကယ်တမ်း ပွင့်ပွင့်လင်းလင်းတိုင်ပင်မယ်ဆိုရင် ကူညီကြမယ့်သူငယ်ချင်းတွေကအများကြီးပါ။ ဒါပေမဲ့သူတို့က ဘယ်သူ့ကိုမှဖွင့်မပြောဘဲ တိတ်တိတ်လေး ခိုးပြေးသွားကြတယ်လေ"

မခရေ မျက်နှာက ရယ်ချင်နေပုံရသည်။ တော်တော်လည်းထိန်းထားပုံပါပဲ။ သူကပဲဆက်ပြီး...

"ခိုးပြေးသွားတာက သာကေတဘက်ကို။ ဖြစ်ချင်တော့ အိမ်က ဘယ်လိုမှရှာလို့မရဘူးတဲ့။ နောက်ဆုံးအိမ်တစ်အိမ်ရတော့ သတို့သားနဲ့ သတို့သမီးအိပ်မယ့်အခန်းက တံခါးမပါဘူး။"

"ဟဟဟ..ဖြစ်မှဖြစ်ရလေဗျာ... အဲဒီတော့"

"အဲဒီတော့ သူတို့လည်း ဘာမှမတတ်နိုင်ဘူးလေ။ အဲဒီတံခါးမပါတဲ့အခန်းမှာပဲ မင်္ဂလာဦးညလိုက်ကြတယ်ပေါ့။ အဲဒီ့လင်မယား ၂ယောက်ဆို အမြဲပြောတယ်။ ခိုးပြေးချင်တဲ့သူများရှိရင် သူတို့ကူညီမယ်တဲ့။ ဒါပေမဲ့ သတို့သားသတို့သမီးအခန်းတံခါးကိုတော့ မင်္ဂလာဦးညမှာ ဖြုတ်ထားပါရစေတဲ့လေ။"

ပြောလည်းပြောရင်း မခရေတစ်ယောက် ဟက်ဟက်ပက်ပက်ကို ရယ်နေသည်။ ကျွန်တော်လည်းခုမှပဲ သဘောပေါက်တော့သည်။ ဒါကြောင့် အထူးအဆန်းဖြစ်နေသည်ကိုး။ တတ်လည်း တတ်နိုင်တဲ့ လင်မယား နစ်ယောက်ပါပဲ။ ခုလည်းဘယ်ကဘယ်လိုများ ရန်ဖြစ်ကြတယ်မသိ။ ဖုန်းထဲမှာဆိုတော့ သေသေချာချာလည်း မမေးမိလိုက်။ ရောက်သွားမှသာ အခြေအနေကြည့်ရှင်းပေးရတော့မည်။

ကျွန်တော်ကတော့ သူသူတို့အိမ်ကို တစ်ခေါက်သာ ရောက်ဖူးသည်။ မခရေကတော့ ခဏခဏရောက်ဖူးလောက်သည်ထင်ပါရဲ့။ သူကပဲ ဦးဆောင်ပြီးခေါ်သွားသည်။ လမ်းမှာတောင် မုန့်ဝင်ဝယ်လိုက်သေး။ သူသူတို့အိမ်ကိုရောက်တော့ မိန်းမကြီးတစ်ယောက်ရှိနေသည်။

လင်မယားနှစ်ယောက်လုံးကလည်း နားထင်မှာ ပလာစတာကိုယ်စနှင့်။ သူငယ်ချင်းကိုယ်လည်း ရောက်နေသည်။ သူသူက...

"ကိုကို ဒါသူသူ့ယောက္ခမလေ ၊ မေမေ ဒါသမီးရဲ့ နှစ်ဝမ်းကွဲ အကို"

မြတ်စွာဘုရား။ကျွန်တော်ဘုရားအဆူဆူကို တ လိုက်မိသည်။ သူသူရေ ညည်းကတော့လုပ်ချလိုက်ပြီ။ သို့သော် ကျွန်တော်လည်း အခြေအနေကို ချက်ချင်းရိပ်မိလို့ ငြိမ်နေလိုက်၏။ သူသူက သူ့ယောက္ခမနှင့် အဆင်ပြေပုံမပေါ်။ အဲဒီယောက္ခမကြီးက သူ့သားကို သည်းသည်းလှုပ်။ ဒါတောင် ကိုယ်တိုင်မွေးတာမဟုတ်။ အဲဒီသား လူမှန်းသိပြီးချိန်မှ မွေးစားထားတာ။ ကျွန်တော့်အထင် မွေးစားထားတာ သိပ်တောင်မကြာလှသေးဘူး ထင်သည်။

"အေး မင်းညီမကိုလည်းမင်းကြည့်ပြောဦး... နလုံးအားဆေးတွေသောက်နေတယ်။ ခုဆရာဝန်နဲ့ သွားပြတော့ ဘာရောဂါမှမရှိဘူး။ နောက်ပြီးအစာလည်း မစားဘူး။ ငါ့သားလေးခမျာသနားပါတယ်။ ခုလည်းဖျားနေတယ်လေ။ အန်တီ့သားဟာ အန်တီ့ဘဝပဲ။ မင်းတို့အန်တီ့ကို အပေါက်ဆိုးတယ်လို့ ထင်လည်း ထင်မှာပဲ။ အန်တီက တည့်တည့်ပဲပြောတတ်တယ်။ မင်းလည်း ပညာတတ်ပဲ စဉ်းစားတတ်တဲ့ ဦးနှောက်ရှိပါတယ်။ သူသောက်နေတဲ့ ဆေးတွေက သိပ်ပြင်းတယ်။ ကိုယ့်ကိုကိုယ်ပဲပြန်ထိမှာ။ ဒါသူနားမလည်ဘူး"

အန်တီရေ သူသူဘာဆေးသောက်သောက် လောလောဆယ်တော့ အန်တီရေသောက်သင့်တယ်။ စိတ်ထဲကနေပြောလိုက်၏။ ကြားအောင်ပြောလိုက်လည်း ဒါမျိုးဆက်ဆံလာသည့်လူတစ်ယောက်ကို ကျွန်တော် တည့်တည့်မတ်မတ် တိုက်ခိုက်ရဲပါသည်။ ဒါပေမဲ့မဖြစ်။ သူသူ့မျက်နှာကရှိသေး။ ကျွန်တော်က ပြောချင်တာပြောပြီး ပြန်သွားရုံဖြစ်သည်။ နောက်ပိုင်းမှာ ငြိုးခံရမှာက သူသူ။ ဒါကြောင့်မကြားချင်ယောင်ပဲ ဆောင်နေလိုက်ပါသည်။ ဘေးကိုကြည့်တော့ မခရေက (သူသူ့ယောက္ခမ မြင်မှာစိုးလို့ထင်သည်) ကျွန်တော့်ဘက်ကို လှည့်ပြီး ပြုံးနေသည်။ ဟုတ်လည်းဟုတ်သည်။ ခုကျွန်တော့်အမြင်မှာတော့ သူ့သားက ခွေခေါက်ပြီးအိပ်ပျော်နေ၏။ သူသူက မျက်ရည်နှင့်မျက်ခွက်။ ဒါနှင့်များ သူ့သားကပဲ သနားဖို့ကောင်းတယ်ပြောရသေးသည်။ ကျွန်တော့်ကိုပြောလို့ပြီးတော့ တစ်ယောက်ပြီးတစ်ယောက်ကို မှာတမ်းချွေနေသည်။ ဆေးတွေပြလိုက်နှင့်စုံစိနေအောင် ပြောသည်။ အဆိုးဆုံးက အန်တီ့သားကအန်တီ့ဘဝ ဆိုတဲ့စကား။

နောက်ဆုံးတော့ ပြန်သွားသည်။ သည်တော့မှ သူသူ့ကိုမေးရသည်။

"ညည်းကတော့ လုပ်ချလိုက်ပြီ။ မပြောမဆိုနဲ့ နှစ်ဝမ်းကွဲအစ်ကိုဆိုတော့ ကျုပ်ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားတယ်"

"မဟုတ်ဘူးကိုကိုရ သူသူက ကိုကိုလို့ခေါ်တာနူတ်ကျိုးနေတော့ ယောက္ခမရှေ့မှာ အဆင်မပြေဘူးလေ။ အဲဒါကြောင့်"

"ကဲပြောပါဦး ဘာဖြစ်ကြတာလဲ"

သူသူက သူ့ဘက်ကခံစားချက်တွေကိုပြောပြသည်။ သူသူက အိမ်မှာ တော်တော်ကို အေးရာအေးကြောင်းနေလာရသည့် မိန်းခလေးတစ်ယောက်။ ယောက်ျားရပြီး အိမ်ထောင်တာဝန်တွေကို လုပ်ကိုင်ရသောအချိန်တွင် သူ့အတွက် အဆမတန် ပင်ပန်းလွန်းသည်။ သည်အတွက်လည်း သူမငြီးညူခဲ့။ ဒါတော့ ချီးကျူးစရာကောင်းသည်။ **အေးနေသည့်ဖန်ခွက်ကို ရေနွေးထည့်လိုက်ပါက ဖန်ခွက်အက်ကွဲသွားနိုင်သည်။** သူသူပြောင်းလဲပစ်လိုက်ရသော ဘဝနေထိုင်မှုပုံစံက သိပ်ကို ကြမ်းနေသည်။ ခုပြဿနာက ယောက်ျားက အမေ့အိမ်ကို သွားသည်။ ညကြီးမိုးချုပ်သွားပြီး မိန်းမကို စိတ်မချဖြစ်သည်။ အိမ်တံခါးကို သော့ပိတ်ထားခဲ့သည်။ သူသူက အကယ်၍ အိမ်ထဲမှာ မီးလောင်နေလျှင် သူသူသေမှာပဲလို့လည်း ပြောသည်။ ဟုတ်ပါသည်။ မိန်းမကို သဝန်တိုစိတ်ကြောင့် ဒီလိုလုပ်တာကတော့ မဖြစ်သင့်။ သို့သော် လောလောဆယ် သူတို့ပြန်ပြေလည်သွားဖို့သာ အရေးကြီးသည်မဟုတ်လား။ သူသူရင်ဖွင့်နေတုန်း သူ့ယောက်ျားက အမေကို ပြန်ပို့ရာက အိမ်ထဲပြန်ဝင်လာသည်။ ကျွန်တော်ကပဲ စကားလမ်းကြောင်းလွှဲပစ်လိုက်သည်။

"ကဲကဲ မှာသွားတယ်နော်။ ထမင်းချက်စားပြီးမှပြန်ကြတဲ့။ ဒီတော့ အိမ်မှာဘာရှိလဲ"

မခရေက

"ဈေးအရင်သွားဝယ်ကြမယ်လေ။ "

"အင်းဟုတ်တယ် ကိုနေပိုင်အိမ်မှာနေခဲ့လိုက်လေ"

မရေစကားကို ကိုငယ်က ဝင်ထောက်ခံသည်။ ဒါပေ့ါ ဒီလင်မယားနှစ်ယောက်ထဲထားခဲ့လို့မဖြစ်။

"ဟာဟ ဟုတ်ပြီဗျာ ဒီနေ့တော့ နေပိုင်တို့ လက်စွမ်းပြရပြီပေါ့"

မခရေနှင့် ကိုငယ်တို့ ဈေးဝယ်ထွက်သွားကြသည်။ ကျွန်တော်က ဟင်းချက်ဖို့ နောက်ဖေးဝင်လာခဲ့လိုက်သည်။ မွှေနောက်ကြည့်လိုက်တော့ ကြက်သားနှင့်အာလူးကို မဆလာလေးနှင့် ကုလားချက်လေး ချက်လို့အဆင်ပြေနိုင်သည်။ ဟင်းချိုတစ်ခွက်နှင့် အသီးအရွက်ကြော် တစ်ခွက်လောက်ပါပြီဆိုလျှင် ထမင်းမြိန်မှာသေချာသည်။ လောလောဆယ် မီးဖိုက ဂက်စ်မရှိ။ သည်တော့ဟင်းချက်ဖို့ပြင်ထားလိုက်သည်။ ကြက်သွန်နီဆီသတ်ရန် ပါးပါးလှီး... အာလူးကို အခွံနွှာ အတုံးလေးတွေ တုံးထားလိုက်သည်။ ထို့နောက် ခရမ်းချဉ်သီး ရေဆေး နတ်နတ်စင်းပြီး ပန်းကန်ထဲထည့်ထားလိုက်သည်။ ရုတ်တရက်....

"ဒုန်း ဒုန်း ဒုန်း....."

လှမ်းကြည့်လိုက်တော့ သူသူက အခန်းတံခါးကို အတင်းထုနေသည်။ ကြည့်ရသည်က အထဲကို သူ့ယောကျ်ားဝင်သွားပြီး အထဲက တံခါးပိတ်လိုက်ပုံပါ။ ကျွန်တော်ထွက်လာခဲ့လိုက်ပြီး...

"သူသူ စိတ်လျော့လေ။ အကိုက ဖျားလည်းဖျားနေတာကို ။ ပြီးမှ အေးအေးဆေးဆေး ညှိနှိုင်းကြပေါ့"

သူသူက ကျွန်တော့်စကားကို နားဝင်ပုံမရ။ သူလုပ်ချင်သည်ကို ဖွတ်လုပ်နေသည်။

"တံခါးဖွင့်လို့ပြောနေတယ်။ မဖွင့်ဘူးလား။ အေးမဖွင့်ရင် နင်ငါ့ကိုဘယ်တော့မှမမြင်စေရဘူး"

သူသူပြောလိုက်သည်က ဘာအဓိပ္ပါယ်လဲ။ ကျွန်တော်စဉ်းစားနေတုန်း.... သူသူ အိမ်ရှေ့ဘက်ကို ပြေးထွက်သွားသည်။ ဝါးရုံတာကို ခြေတစ်လှမ်း တက်လိုက်သည်။ လက်တန်းကို အားပြုပြီး နောက်ခြေတစ်ဖက် ထပ်အတက် ထမိန်နှင့် တုပ်နေ၍ နောက်သို့ခြေထောက်ပြန်ကျသည်။ လက်တန်းကို အားပြုနေတဲ့လက်တဖက်ဖြင့် ထမိန်ကို အနည်းငယ်မတင်သည်။ ကျွန်တော်သိလိုက်ပြီ။ တိုက်ပေါ်ကခုန်ချတော့မယ့်အနေအထားမှန်း....

ကျွန်တော် ပြေးထွက်သွားလိုက်သည်။ ကျွန်တော်နောက်က သူသူ့ယောကျ်ားလည်း ပြေးထွက်လာပုံရသည်။ ကျွန်တော်သူ့ကို လှည့်ကြည့်နေဖို့ အချိန်မရ။ နောက်ပြီး သူ့မိန်းမကို သူကိုယ်တိုင်ဆွဲချင်မှာပေါ့လေ ဟု ကိုယ်ချင်းစာပေးရမည့် အနေအထားလည်း မဟုတ်တော့။ သူသူ့ကို ပုခုံးကနေဆွဲချလိုက်သည်။ တော်ပါသေးရဲ့။ ဝိုရင်းတန်းလန်းနှင့် သူသူ အိမ်ထဲပါလာသည်။ ယောကျ်ားဖြစ်သူက သူသူ့ကို ရင်ခွင်ထဲထည့်ပြီး နှစ်ယောက်သား ငြိမ်နေကြသည်။ ကျွန်တော်လည်း

ဘာမှ ဆုံးမမနေချင်တော့ ယောကျ်ားနှင့်မိန်းမ သည်လိုပါပဲ။ အဆင်ပြေလောက်ပြီထင်ပြီး အိမ်နောက်ဖေးပြန်ဝင်လာလိုက်သည်။

ချက်ပြုတ်ဖို့ ပြင်ဆင်ထားတာတွေတော်တော်ပြည့်စုံနေပြီ။ ကြက်သားလှီးရန်သာ ကျန်တော့သည်။ ကြက်သားကို အနေတော် အတုံးလေးတွေလှီးပြီးပြင်နေတုန်း…

"ဒုန်း ဒုန်း ဒုန်း…"

သည်နေ့တနေကုန် ဒုန်းနေတော့မည်ထင်သည်။ လှမ်းကြည့်လိုက်တော့။ ယောကျ်ားက နံရံကို လက်သီးဖြင့်သုံးချက်ထိုးသည်။ မိန်းမကလိုက်ထိုးသည်။ ယောကျ်ားက မိန်းမကိုသူလက်သီးဖြင့် ထိုးသလို လိုက်ထိုးရကောင်းမလားဆိုပြီး ထပ်ထိုးသည်။ မိန်းမကလည်း ထပ်ထိုးသည်။ ကျွန်တော်ဝင်ပြောမှဖြစ်တော့မည်။ အိမ်ရှေ့ထွက်လာခဲ့လိုက်ပြီး…

"သူသူ အဲလိုမလုပ်ရဘူးလေ အိမ်ထောင်သည်တွေပဲဖြစ်နေပြီ။ အကိုကလည်း စိတ်လျှော့လိုက်ပါတော့ဗျာ။ ကိုယ်တိုင်လည်း နေကောင်းတာ မဟုတ်ဘူး။ အကိုအိပ်နေလိုက်တော့နော်။ သူသူ အကို့ကို သိပ်လိုက်တော့။ ထပ်ဆိုးမနေကြနဲ့တော့ဗျာ"

နှစ်ယောက်သား ကျွန်တော့်ကို ဘာမှပြန်မပြော။ ခဏနေတော့ မခရေနှင့် ကိုငယ်တို့ပြန်ရောက်လာသည်။ ဟင်းရွက်တွေလည်းဝယ်လာတာမနည်း။ ဂက်စ်ပူးတပ်ပြီး ဟင်းစချက်ရန်မီးဖိုပေါ်တင်လိုက်တော့ မခရေဝင်လာသည်။

"ဟာ မခရေ အိမ်ရှေ့မှာ သွားနေပါဗျာ ဟိုနှစ်ယောက်ကိုကျွန်တော် စိတ်မချဘူး။ ခရေတို့မရှိတုန်းကလည်း သူသူက ဝါးရုံတာက ခုန်ချမလို့။ ကံကောင်းလို့ဗျာ ကျွန်တော်ဆွဲတာမှီသွားတယ်။ "

"ဟယ် ဟုတ်တယ်။ ဘုရား ဘုရား။ အင်း အင်း ဒါဆိုနေပိုင်ချက်ပြီးရင်ခေါ်လိုက်"

ပြောရင်းမခရေ အိမ်ရှေ့ထွက်သွားသည်။ မီးဖိုပေါ်က အိုးပူလာတော့ဆီထည့်သည်။ ဆီပူလာတော့ အာလူးအရင် ထည့်ကြော်သည်။ အာလူးအနေတော်လောက်ဖြစ်တော့ ကြက်သွန်နီ ပါးပါးလှီးထားတာထည့် ဆီသတ်သည်။ ပြီးမှ ခရမ်းချဉ်သီး နုတ်နုတ်စင်းထားတာ ထည့်သည်။ ခရမ်းချဉ်သီး နည်းနည်းပျော့လာတော့ ရေထည့်သည်။ နောက်ဆုံးကြက်သားထည့်သည်။ ပြီးတော့အဖုံးအုပ်ပြီး ခဏထားလိုက်သည်။ ခဏလောက်နေမှ မဆလာ ထည့်သည်။

အပေါ့အငန်အတွက် ဆားထည့်သည်။ အဖုံးပြန်အုပ်ပြီးတင်ထားလိုက်သည်။ ၁၅မိနစ်လောက်နေတော့ ဆီပြန်ပြီး ကြက်သားလည်း နူးလာပြီ။ မဆလာနံ့လေးလည်းသင်းလာသည်။ အရသာမြည်းကြည့်တော့ ကွက်တိ။ အဖုံးပြန်အုပ်ပြီး မီးလျှော့ကာ ငါးမိနစ်လောက်နပ်ထားလိုက်သည်။ ဟင်းကျက်တော့ အိမ်ရှေ့ထွက်လာပြီး မခရေနှင့် လူချင်းလဲရသည်။

ခုကျတော့လည်း ဟိုလင်မယားနှစ်ယောက်က သူတို့မဟုတ်သည့်အတိုင်း။ မိန်းမလက်ကို ယောကျ်ားက နနုရွရွလေး ကိုင်ပြီး ဆေးလိမ်းပေးနေသည်။ ကြည့်ရတာ ကြည်လည်းကြည်နူးစရာ အမြင်လည်းကပ်ချင်စရာ။ ခုနကဝင်ဆွဲထားရတဲ့ကောင်ကတော့ ငပေါကြီးကိုဖြစ်လို့။

"မခရေ ကျနော့်ဟင်းတော့ကျက်ပြီ "

"ဟုတ်ပြီဒီတစ်ခါခရေ့အလှည့်"

ပြောရင်း မခရေ အိမ်နောက်ဖေးဝင်သွားသည်။ အမှတ်တမဲ့နာရီကြည့်မိတော့ ၆နာရီခွဲ။ သေပြီ။ ပန်းရောင်မလေးကို ကျူရှင်လိုက်ပို့မယ်ပြောထားတာ ကျူရှင်က ၇နာရီ။ ခေါင်းထဲမှာထူပူသွားသည်။ ခုနက လင်မယားနှစ်ယောက် အပြိုင်အဆိုင်ထိုးနေကြသည့် လက်သီးတွေက နံရံကိုမထိဘဲ ကျွန်တော့်ရင်ဘတ်ကိုများ ထိသွားလားထင်ရသည်။ခုနေမှ သူဇာ့ဆီ ထွက်သွားလျှင်လည်း မမှီနိုင်တော့။ ဖုန်းပဲဆက်လိုက်သည်။

"ဟဲလိုသူဇာလား"

တဖက်က အသံက အေးအေးချမ်းချမ်းပါပဲ။

"အင်းနေပိုင် ... ဘယ်လိုလဲ လင်မယားနှစ်ယောက် အဆင်ပြေသွားပြီလား"

"ပြေစတော့ ပြုနေပါပြီ ခုလည်း သူငယ်ချင်းတွေစုံတော့ ထမင်းချက်စားဖို့လုပ်နေကြတယ်လေ။ ကျွန်တော်သူဇာ့ဆီလာဖို့တော့ မမှီလောက်တော့ဘူး။ အဲဒါ..."

ကျွန်တော့်စကားမဆုံးခင် သူဇာက

"ရပါတယ်။ အဆင်ပြေအောင်သာ ရှင်းပေးလိုက်ပါ။ ဒီနေ့မတွေ့တော့ရင်လည်း မနက်ဖြန်ပေါ့"

"ဒါဆိုမနက်ဖြန်ဘယ်မှာတွေ့မလဲ"

ချက်ချင်းပြန်မဖြေ။ တစ်ခုခုကို စဉ်းစားနေပုံရပါသည်။

"မနက်ဖြန် ဓနာရီလောက်သူဇာ ဘုရားသွားမလားလို့ နေပိုင်လိုက်မလား"

ဘာပြောကောင်းမလဲဗျာ။ ဒါမျိုးဆို ဒီရင်ဘတ်ကြီးက ကြိုက်မှကြိုက်။

"အင်းလိုက်မှာပေါ့။ ဒါပေမဲ့ ဓနာရီခွဲလောက်ထားလိုက်ပါလား"

ကျွန်တော်ဈေးဆစ်ကြည့်လိုက်သည်။

"အင်း ဟုတ်ပြီလေ ဓနာရီခွဲဆိုလည်းဖြစ်ပါတယ်။ မြေနီကုန်းကားဂိတ်မှာပဲဆုံမယ်လေ"

"အင်း အသေးစိတ်ကို ကျနော်ညမှဖုန်းပြန်ဆက်လိုက်မယ် ဒါပဲနော်သူဇာ"

ဖုန်းချသွားသည်။

မနက်ဘုရားသွားမယ်လို့ပြောသွားသည့် သူဇာ့အသံဟာ ထူးခြားနေ၏။ တိတိကျကျ ကောက်ချက်မချရဲသော်လည်း တစ်မျိုးဖြစ်နေတာတော့သေချာသည်။ သူသူက သူ့ယောကျ်ားရင်ခွင်ထဲက တိုးဝှေ့နေရင်း...

"ကိုကို ဘယ်သူနဲ့ဖုန်းပြောနေတာလဲ။ မျက်နှာကလည်း မချိုမချဉ်နဲ့"

ကိုယ့်ကိုကိုယ်တောင် စိတ်ထဲ မသိုးမသန့်ဖြစ်သွားမိသည်။ သူဇာနဲ့ဖုန်းပြောတဲ့ အချိန်လေးအတွင်း ဖြစ်ပေါ်လာသည့် ခံစားချက်ဟာ အမူအရာတွေ အဖြစ် ပြောင်းလဲသွားသည်လား။

"ပန်းနရောင်ကောင်မလေးတစ်ယောက်နဲ့ ဖုန်းပြောနေတာ"

"ဟယ် .. ဒါဆိုကိုကို တစ်ယောက်ထဲမဟုတ်တော့ဘူးပေါ့"

သူသူကတော့ အထင်နဲ့မှန်းပြောလိုက်တာပါ။ ကျွန်တော့်အတွက်ကတော့ တော်တော်လေးကို ဆွဲအသွားစေပါသည်။

"ဟာဟာ အဲလောက်လည်း အထင်မကြီးပါနဲ့ ခုမှ ဖွင့်ပြောထားတုန်းပဲရှိသေးတယ် အဖြေတောင် ဘယ်တော့မှရမလဲမသိဘူး"

"ငါ့ကိုကို ကံကောင်းပါစေ"

ပြောပြီး လင်မယားနှစ်ယောက် အကြည်ဆိုက်နေကြသည်။ ခဏလောက်အကြာမှာပဲ ကျွန်တော်တို့ချက်ပြုတ်တဲ့အစီအစဉ် ပြီးသွားသည်။ အားလုံးဝိုင်းဖွဲ့စားသောက်ကြရတာလည်း တော်တော်ပျော်စရာကောင်းပါသည်။ တစ်ယောက်တစ်ခွန်း စကားများလိုက် တစ်ယောကနှင့် တစ်ယောက် စလိုက်နောက်လိုက်နဲ့ ကျွန်တော်တို့စိတ်တွေ လွတ်လပ်နေကြ၏။

"နောက်တစ်ခါ ဒီအိမ်လာရင်တော့ အခြေအနေကြည့်လာရမယ်"

"ဘာဖြစ်လို့လဲမခရေရ"

" ဒီလင်မယား၂ယောက်ထိုးထားကြတာ နံရံတွေက ဖြူဖြူကျော်သိန်းဖြစ်နေလောက်ပြီ"

ရီသံတွေညံသွားတယ်။ နံရံတွေက တကယ်ပဲ ဖြူဖြူကျော်သိန်းအတိုင်း အတွင်းကြေနေလောက်ပါပြီ။

"ဒီအခန်းပြန်အပ်တဲ့ နေ့ကျရင် အိမ်ရှင်က လက်ခံပါ့မလားတောင်မသိဘူး"

"ဘာလို့လဲ နေပိုင်ရ..."

"ဟုတ်တယ်လေဗျာ နံရံတွေက အတွင်းကြေနေမှတော့ နောက်ဘယ်သူက နေရဲတော့မှာလဲ"

"ဟာဟာ ဟုတ်တယ်ဗျို့"

ဟိုလင်မယားနှစ်ယောက်ကတော့ စပ်ဖြဲဖြဲနှင့် တစ်ယောကနှင့်တစ်ယောက် ဟင်းထည့်ပေးလိုက် စကားပြောလိုက် ခွံကျွေးလိုက်နှင့် မြင်ရတာ ကြည်နူးစရာကောင်းသလို တော်တော်လေးကို အမြင်ကပ်ဖို့လည်း ကောင်းနေပါတယ်။ ခုတော့ ရန်ဖြစ်ထားကြသည်မှာ သူတို့မဟုတ်သည့်အတိုင်း။

ထမင်းစားသောက်လို့ ပြီးတော့ စကားခဏတဖြုတ်ပြောပြီး ပြန်ဖို့လုပ်သည်။ ကျွန်တော်ဖိနပ်စီးနေတုန်း...

"ကိုကို ကိုကို့ကောင်မလေးနဲ့အဆင်ပြေရင် ခေါ်လာပြီးမိတ်ဆက်ပေးဦးနော်"

ကြားထဲက မခရေက အလန့်တကြား။

"ဟယ် နေပိုင် ကောင်မလေးရသွားပြီလား"

"ဟာ မရသေးပါဘူးဗျာ ဖွင့်တော့ ပြောထားတယ်။ အဖြေရရင်တော့ ကြွားရသေးတာပေ့ါ။ မနက်ဖြန်တော့ မနက်စောစော ဘုရားမှာချိန်းထားတယ်"

အားလုံးက ရယ်လို့မောလို့။ မခရေက...

"ဟုတ်တယ်ဟေ့လူ အဆင်ပြေရင်လည်း လှမ်းကြွားဦးဗျ..ကဲကဲ ကျုပ်တို့သွားတော့မယ် ၂ယောက်သား အဆင်ပြေအောင်လည်းနေကြဦး... "

ပြောရင်းသူသူတို့ကိုလှမ်းနှုတ်ဆက်သည်။ ကိုငယ်ကတော့ ခဏနေမှပြန်မယ်ဆိုပြီး ကျန်နေခဲ့သည်။

ညဟာ နှစ်နှစ်ချိုက်ချိုက်ကို မှောင်နေပါပြီ။ လူသူအသွားအလာကျဲပါးနေပြီး လေပြေလေးကလည်း ရှရှလေး တိုက်ခတ်နေ၏။ မခရေနှင့်ကျွန်တော်က အိမ်ချင်းနီးနေသဖြင့် အတူတူပြန်လာခဲ့ကြလိုက်သည်။ ကားဂိတ်မရောက်ခင် မခရေက...

"တကယ်တမ်းကြတော့ သူသူက သနားဖို့ကောင်းတယ်။ အိမ်မှာဆို သူဒီလိုပင်ပင်ပန်းပန်းလုပ်ဖူးတာမဟုတ်ဘူး"

"ဟုတ်တယ် ဒီအပြောင်းအလဲက သူ့အတွက်သိပ် ပြင်းထန်လွန်းတယ်။ ဒါကို မငြီးမညူဘဲနေနိုင်တာကိုတော့ ကျွန်တော် ချီးကျူးတယ်"

မခရေကလည်း ဆက်ပြီးထောက်ခံသည်။

“ဟုတ်တယ်နေပိုင် သူ့အိမ်မှာဆို ဒီလိုနေရမှာမဟုတ်ဘူး။ နောက်ဆိုးတာက သူ့ယောက္ခမ။ ဒါတောင်သူ့သားက မွေးစားထားတာ သိပ်မကြာသေးဘူး။ အနန်တို့သားက အနန်တို့ဘဝတောင်လုပ်လိုက်သေးတယ်”

ကျွန်တော်ငြိမ်နေလိုက်ပါသည်။ တကယ်တမ်းက ဆက်ပြီးဝေဖန်ချင်နေသေးသည်။ သို့သော် ကိုယ်နှင့်မဆိုင်။ ဒါကို ရေးကြီးခွင်ကျယ် ကွယ်ရာမှာ ပြောလျှင် အတင်းပြောတယ်ဖြစ်ဦးမည်။ သည်တော့ မပြောတော့တာပဲကောင်းမည်။ မခရေကတော့ တော်တော်ကိုစကားပြောပွင့်လင်းသလို ခင်ဖို့လည်းကောင်းပါသည်။ ကားပေါ်ရောက်တော့လည်း သူကပဲစကားစ၏။

“ဒီညမှာလေတဖြူးဖြူးနဲ့ အပြင်ထွက်ရတာကောင်းတယ်နော် မိုးလည်းမရွာဘူး အေးနေတာပဲ”

“ဟုတ်တယ် ကားစီးမှမဟုတ်ဘူး လမ်းလျှောက်ရတာလည်းကောင်းမယ်”

ကျွန်တော့်ကို မခရေက ဘုကြည့်ပြန်ကြည့်သည်။ ပြီးမှ တဖက်ကိုလှည့်ပြီး နှုတ်ခမ်းကိုဆူထားရင်း

“လမ်းလျှောက်ရတာတော့မကောင်းဘူး ခြေထောက်ညောင်းတယ်”

သေလိုက်ပါတော့လား မခရေရယ်။ ဒါများလာပြီးခံစားပြနေရတယ်လို့။ ကားခေါင်မိုးပေါ်မှာ ခင်ဗျားလေးကို ချိတ်ထားချင်စိတ်တောင်ပေါက်သွားသည်။ ဒီလနှင့် မြေနီကုန်းရောက်တော့ မခရေနှင့် လူချင်းခွဲကြသည်။ သူလည်းအိမ်ပြန် ကျွန်တော်လည်းအိမ်ပြန်ပေါ့။

အိမ်ပြန်ရောက်တော့ ဗိုက်ကလည်းမဆာသလို အိပ်လို့လည်း မပျော်ဘူး။ သူဇာအိမ်ပြန်ရောက်လောကမည့်အချိန်ကို မှန်းပြီး ဖုန်းခေါ်ကြည့်နေမိသည်။

“…”

လိုင်းမအား။

နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်သည်။ ဒါလည်းမထူးခြား။ အချိန်ဆယ်မိနစ်ကြား တစ်ခါလောက်ခေါ်ကြည့်သည်။ တစ်နာရီလောက်ကြာသွားသည် အထိ မထူးခြား။ တစ်နေကုန် လူကနန်းချိနေသည့် အရှိန်နှင့် အိပ်ချင်နေပါပြီ။ သို့သော် စိတ်ထဲမှာလည်း ကြောက်လန့်စိတ်နှင့်။ သူမ ဘယ်သူနဲ့ပြောနေတာလဲ။ ဘာအကြောင်းလဲ။ ထို့ပြင် ဒီညဖုန်းခေါ်လို့အဆင်မပြေလျှင် မဖြစ်။

မနက်ဖြန်မနက်စောစော ဘုရားသွားရန် ချိန်းရဦးမည်။ဒါကြောင့် အိပ်ယာထဲမှာလှဲနေရင်း ဖုန်းခေါ်ဖို့ကြိုးစားနေမိသည်။

ဖုန်းခေါ်ရင်းအိပ်ပျော်သွားပြီးတဲ့နောက်မှာတော့…

အိပ်ပျော်သွားပြီးတဲ့နောက်မှာတော့…

အိပ်ပျော်သွားပြီးတဲ့နောက်မှာတော့…

အံစာတုံးလေးကို
ဖက်အိပ်မိခဲ့သလိုမျိုး
မနက်ဖြန်ဘယ်အပွင့်ကျမယ်မှန်း
မသိလိုက်တော့ဘူး။

အကြွေစေ့ကိုပြောက်နေမယ့်အစား
နွေ မိုး ဆောင်း ကိုပဲ
လှန်ကြည့်လိုက်ချင်တော့တယ်။

ဖမ်းဆုပ်မိတော့မလိုနဲ့
လွတ်ထွက်ထွက်သွားတာ
မနက်ဖြန် ဆိုလားပဲ...။

# အခန်း (၁၃)

တစ်စုံတစ်ယောက်က တံခါးလာခေါက်နေသည်။ ခေါက်သည့်အချက်တွေက ညီညီညာညာ ထွက်ပေါ်လာနေရင်းက တဖြည်းဖြည်းစိပ်လာသည်။ တံခါးကိုဆွဲဖွင့်ကြည့်သော်လည်း ဖွင့်လို့မရဘဲ ကြပ်နေသည်ကို ကျွန်တော်သတိထားမိလိုက်၏။ အားနည်းနည်းထပ်ထည့်၍ ဆွဲကြည့်သည်။ မရ။ တံခါးပတ်လည်တဝိုက်ကို စူးစမ်းကြည့်လိုက်တော့ လျှပ်စစ်ပလပ်ပေါက်လေး တစ်ခုက တံခါးလမ်းကြောင်းမှာ မထိတထိလေးခံနေ၏။ တံခါးခေါက်သံက

အဆက်မပြတ်ထွက်ပေါ်နေ၍ ပလပ်ပေါက်လေးကို ဖယ်ဖို့လက်လှမ်းလိုက်သည့်အခါ တစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံလိုက်ရသမျိုး ထုံကျင်သွားသည်။ လက်ကိုပြန်ရုတ်ရန်အားယူလိုက်သည့်အခါ.... အား.... ကျွန်တော်အိပ်မက်မက်နေသည်ပဲ။ နိုးနိုးချင်း ဖုန်းဆက်နေရင်းအိပ်ပျော်သွားမှန်း သတိက ဝင်လာသည်။ ဖုန်းကိုယူကြည့်လိုက်တော့ မနက် ၄နာရီ ၂၁ မိနစ်။ ဖုန်းမှာ မဖတ်ရသေးသည့် မက်ဆေ့ချ် (message) တစ်စောင်ရောက်နေသည်။ ဖွင့်ကြည့်လိုက်တော့ သူဇာ....

"I'm finished! Sorry naw "ko" , Thz for waiting!"

ဖတ်ကြည့်ပြီး ဇဝေဇဝါ ဖြစ်သွားသည်။ ဘာသဘောလဲ။ ကို ဆိုသောအသုံးအနှုန်းက မှားရိုက်တာဘယ်လိုမှမဖြစ်နိုင်မှန်း ကျွန်တော်တစ်ဖက်သတ်ပဲယူဆလိုက်၏။ ဖုန်းခေါ်ရန်ဘယ်လိုမှ မသင့်တော်တော့သည့်အချိန်ဖြစ်နေ၍ ပြန်ပဲအိပ်လိုက်ရသည်။ စိတ်ထဲကတော့ ကို ဆိုသည့်အသုံးလေးကို သူမထံမှာ ပြင်းပြင်းထန်ထန်မေးချင်နေရင်းဖြင့်။

မေမေနှိုးစရာမလိုပဲ ကျွန်တော်မနက်စောစောနိုးလာပါသည်။ စိတ်ကတစ်ခုခု လုပ်စရာရှိလျှင်ဖြစ်ဖြစ် ချိန်းထားတာပဲရှိလျှင်ဖြစ်ဖြစ် ဘယ်သူမှမနှိုးဘဲ နိုးနေကျဆိုတာ ကျွန်တော့်အတွက် အထူးအဆန်းမဟုတ်တော့ပါဘူး။ နာရီကိုကြည့်မိတော့ မနက်၆နာရီ ၂၁ မိနစ်။ သူဇာနှင့်ဘုရားသွားရန် ချိန်းထားတာ၆နာရီခွဲဖြစ်သောကြောင့် ကျွန်တော်သွက်သွက်လက်လက်လေး ရေချိုးခန်းဝင်လိုက်သည်။ ရေချိုးခန်းထဲမှ ထွက်လာတော့ ပထမဆုံးမြင်လိုက်ရသည်က ပြက္ခဒိန်။ ၂၁မှာ အဝိုင်းလေးဝိုင်းထားသည်။ ဒါတိုက်ဆိုင်မှုပဲလား။ တစ်ညလုံးလည်း ၂၁တွေနဲ့ကျွန်တော် ကျင်လည်ခဲ့ပြီးပြီ။ ထားပါ။ ဆက်တွေးနေရင် နောက်ကျနေတော့မည်။ ဖုန်းဆက်ရန်သင့်တော်နေပြီမို့ ဖုန်းဆက်ကြည့်တော့ သူဇာလည်း ထွက်လာဖို့ပြင်ဆင်နေပြီ။ အဲ့ဒီနောက်မှာတော့ ကျွန်တော်လည်း အိမ်က ထွက်လာခဲ့လိုက်သည်။

မြေနီကုန်းရောက်တော့ သူမ ရောက်မလာသေးဘူး။ ၇နာရီထိုးခါနီးမို့ လူသူကျဲပါးနေတုန်းပဲ။ မိုးကတော့ ထုံးစံအတိုင်းခပ်ကျဲကျဲလေးရွာနေသည်။ ဖြတ်သွားဖြတ်လာတွေကို ငေးနေတုန်း တဖက်လမ်းက ကားလမ်းကူးလာနေတာက ပန်းရောင်မလေး။ သည်နေ့တော့သူမဟာ အပြာရင့်ရောင်ဝမ်းဆက်လေးနှင့် ကဗျာဆန်နေ၏။ ကျွန်တော့်ဘေးမှာ မရို့တရို့လေးဝင်ရပ်ရင်း ကားတူတူစောင့်နေမိကြသည်။ သည်လိုနဲ့ပဲ ကျွန်တော်တို့တိတ်တဆိတ် ဘုရားရောက်သွားသည် ဆိုပါတော့...

ဖိနပ်အပ်ရန်မှာ ကျွန်တော်တို့ဖိနပ်ဝင်အပ်ကြသည်။ ဒီနေ့လူတွေရဲ့မျက်ဝန်းတွေက ကျွန်တော့်အတွက် အမှတ်မထင်ချိုနေ၏။ သူတို့စိတ်ထဲမှာ ကျွန်တော်တို့ကို

သမီးရည်းစားလို့များထင်နေလားမသိပါဘူး။ ကွက်ကြည့်ကွက်ကြည့်နှင့်ဖြစ်နေကြသည်။ သို့မဟုတ် သိပ်လှသည့် ကောင်မလေးတစ်ယောက်နှင့် အတူတူတွဲလျှောက်လာသည့် ကျွန်တော်ကတုံးကို ဟာသဆန်ဆန် ကြည့်နေတာလည်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဆက်မတွေးတော့ပါဘူး။ ဖိနပ်အပ်ပြီးတော့ ကျွန်တော်အမှတ်မထင်လှမ်းတွေ့လိုက်သည်က ဖိနပ်အပ်ရန်က အမျိုးသမီးဝန်ထမ်းပေးလိုက်သည့် ကဒ်ပြားလေး။ ၂၁ဟု ထင်ထင်ရှားရှားကိုတွေ့နေရသည်။ စိတ်ထဲတော်တော်လည်း အံ့အားသင့်မိသွားသည်။ ခုချိန်ထိလည်း ကျွန်တော်တို့တစ်ယောက်နှင့် တစ်ယောက် စကားမပြောဖြစ်ကြသေးဘူး။ ဘုရားပေါ်တက် ဘုရားရှိခိုး။ ရင်ပြင်တော်တစ်ပတ်ပတ်ပြီး ရွှေတိဂုံစေတီတော် ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက် အဆောက်အအုံရှေ့က ဆောင်းတန်းလေးမှာ ထိုင်ဖြစ်ကြသည်။ ကျွန်တော့်ရင်ထဲမှာက မေးခွန်းတွေ အပြည့်နှင့်။ ဒါလည်း ဘယ်က ဘာကိုစမေးရမှန်းမသိ။ ရုတ်တရက်…

"နေပိုင် ဟိုမှာကြည့် ဟိုမှာကြည့်"

လှမ်းကြည့်လိုက်တော့ ဆက်ရက်လေးတစ်ကောင်။

"အဲဒါဆက်ရက်လေ ဘာဖြစ်လို့လဲ"

"ဆက်ရက်က တစ်ကောင်ထဲကိုတစ်ယောက်ထဲကမြင်ရင် ဝမ်းနည်းရတတ်တယ်တဲ့ အဲဒါကြောင့် ဝမ်းမနည်းရအောင် နှစ်ယောက်ကြည့်တာ"

ပြောရင်း သူမသဘောကျကျရယ်နေသည်။ တော်တော်လည်း ကပ်သီးကပ်သပ်နိုင်သည့် ကောင်မလေးပါပဲ

"အဲဒီ့အစွဲအလမ်းတွေ မထားပါနဲ့ စိတ်ဖိစီးတယ်"

"ထားပါဘူး ဒါပေမဲ့ ၂ယောက်ကြည့်လိုက်တော့ စိတ်ထဲပေါ့သွားတာပေါ့"

ပြောချင်တာပြောပြီး နှုတ်ခမ်းလေးက ဆူထားသေးသည်။ ဘယ်လိုကောင်မလေးလဲဗျာ။

"သူဇာ ကျွန်တော်မေးစရာရှိတယ်"

သူမဘက်က ဘာသံမှထွက်မလာ။ ကျွန်တော်က ဖုန်းလေးကိုထုတ်ပြီး ညက သူမပို့ထားသည့် မက်ဆေ့ချ် (message) လေးကိုပြရင်း...

"ဒီထဲမှာရေးထားတာမရှင်းလို့"

သူမက ကျွန်တော့်ဖုန်းထဲမှစာကို အသေအချာဖတ်သည်။ မျက်နှာသေလေးနှင့်...

"ဘာမရှင်းလို့လဲ။ ရှင်းနေတာပဲကို။ နေပိုင်ဖုန်းဆက်တုန်းက သူငယ်ချင်းတစ်ယောက်နဲ့ ဖုန်းပြောနေတာလေ။ အဲဒါစောင့်နေရလို့ sorry လို့ရေးလိုက်တာလေ ရှင်းပါတယ်"

ပြောပြီးတော့ တဖက်ကိုလှည့်သွားသည်။ သူမရှုးချင်ယောင်ဆောင်နေတာက သိပ်ကိုသိသာနေပါသည်။

"ဟာ မဟုတ်ဘူးလေ ကျန်တာရှင်းတယ်။ ဒီထဲက ကေ အို (ko) ဆိုတာကိုမရှင်းတာ"

ကျွန်တော်ကိုယ်တိုင်လည်း ကို ဟုအသံထွက်ပြရမည်ကို စိတ်မရဲဘူးဖြစ်နေသည်။ သူမကတော့ချက်ချင်းပဲ...

"ကေ အို (ko) လား ...အင်း... ကေ အို ဆိုတော့ ကအိုပေါ့..."

သေလိုက်ပါတော့ ကောင်စုတ်မလေးရယ်။ ကေအိုဆိုတော့ ကအို တဲ့။ သူ့အသံထွက်နှင့်သူတော့ဟုတ်နေသည်ပဲ။ ဒါတောင် E-major နဲ့ကျောင်းပြီးလို့သာပေါ့။ စိတ်ရှိလက်ရှိ အဲဒီနှုတ်ခမ်းလေးကို ဖက်နမ်းပစ်လိုက်ရရင်တော့လား။ သူမကတော့ ကလေးဆန်ဆန်ရယ်မောနေ၏။ ကျွန်တော့်စိတ်ထဲတော်တော်လေး ညစ်သွားမိသည်။ လူညစ်မလေးရေ... ဒီအတိုင်းဆို ကြာရင်ရှူးရချည်သေးရဲ့။

"ဟာ မဟုတ်ဘူးလေ ကေအို ဆိုတာ ကို လေ။ မိန်းခလေးတွေ ကိုယ့်ချစ်သူကိုကိုယ် အဲလိုမျိုးခေါ်တတ်ကြတယ်လေ"

သည်တစ်ခါတော့ သူမကျွန်တော့်ကို ပြင်းပြင်းထန်ထန်လေး စိုက်ကြည့်လာသည်။ သူမမျက်ဝန်းက တစ်စုံတစ်ခုအတွက် တည်ကြည်ဖို့လုံလုံလောက်လောက် ပြင်ဆင်ထားတဲ့ အကြည့်မျိုးပါ။ ချက်ချင်းပဲ တဖက်ကို ပြန်လှည့်သွားပြန်ရော။ တကယ်ကို ဘယ်လိုကောင်မလေးလဲမသိပါဘူးဗျာ။

ကျွန်တော်လည်း စိတ်ညစ်ညစ်နှင့်ငြိမ်နေလိုက်သည်။ သိပ်မကြာခင်မှာပဲ သူမဆီက ခပ်တိုးတိုးစကားသံလေးတစ်ခွန်းက..

"သိရင်လည်း ဘာလို့လာရှင်းပြခိုင်းနေသေးလဲ" တဲ့။

ဒါသွေးလွှတ်ကြောနဲ့သွေးပြန်ကြော အတော်လေးကို အလုပ်ရှုတ်သွားတဲ့အချိန်ပါပဲ။ ရင်ဘတ်ကြီးတစ်ခုလုံးကလည်း ခုန်လို့...

"ဒါဆို ကျွန်တော် ပျော်ရမှာလား ကြည်နူးရမှာလား"

သူမခေါင်းလေးကို အသည်းအသန်ငုံ့ထားရှာသည်။ လက်ဖျားမှာလည်းဆံပင်လေးတွေကို လိမ်လို့။ သူမပြောလာတဲ့ နောက်စကားတစ်ခွန်းက

"ပျော်တာနဲ့ကြည်နူးတာ ဘာကွာသွားမှာမို့လို့လဲ လူလည်လေးရဲ့"

"ကမ္ဘာကြီးကလည်တယ်။ သံသရာကလည်းလည်တယ်။ ဝဋ်ကလည်းလည်တယ်။ ဒီတော့ကျွန်တော်လည်တာမဆန်းပါဘူး"

ဘုရားဆောင်းတန်းလေးတစ်ခုလုံး ကျွန်တော်တို့အပြုံးတွေ ပြည့်နှက်သွားသည်။ ဒါချစ်တယ်လို့ တစ်ခွန်းမှမပါတဲ့ အဖြေတစ်ခုကို ကျွန်တော်ရလိုက်ခြင်းပါ။ ကျေးဇူးပါ ပန်းရောင်မလေးရယ်။ ကျွန်တော်ကထပ်ပြီး...

"ထင်တော့ထင်သား ကျွန်တော်နိမိတ်တွေတွေ့တွေ့နေတာ ညထဲကပဲ"

"ဘာတွေတွေ့လို့လဲ"

ကျွန်တော် တစ်ညလုံးကြုံခဲ့တဲ့ ၂၁ တွေကိုရှင်းပြလိုက်သည်။

"ညက တစ်ရေးနိုးတော့ ဖုန်းကို ကြည့်လိုက်တယ်လေ။ နာရီက ၄နာရီ ၂၁ မိနစ်။ ပြီးတော့ မနက်အိပ်ယာနိုးတော့လည်း ၆နာရီ ၂၁မိနစ်။ အဲဒါလည်း အမှုမဲ့အမှတ်မဲ့ပဲ။ ပြီးတော့ နောက်တစ်ခုက အိမ်ကထွက်ခါနီးပြက္ခဒိန်ကိုကြည့်လိုက်တော့ ဒီနေ့၂၁ ရက်နေ့။ နောက်ဆုံးတစ်ခုက ခုနက ဖိနပ်အပ်တုန်းကလည်း နံပါတ်က ၂၁။"

"ဟယ် ဟုတ်လား"

"အင်း မယုံရင် ကဒ်ပြားလေးထုတ်ကြည့်လေ..."

သူမက သူမအိပ်ထဲက ကဒ်ပြားလေးကို အသည်းအသန်ထုတ်သည်။ မြန်မြန်ဆန်ဆန်လေး ကြည့်လိုက်တော့ ကဒ်ပြားလေးပေါ်မှာ နံပါတ် ၂၁ က အထင်အရှား...

"ထူးဆန်းတယ်နော်"

"ကျွန်တော်က တစ်ညလုံးကြံခဲ့တာသူဇာရ"

သူမ ကြည်ကြည်နူးနူးလေး ပြုံးပြသည်။ ဒါလည်း ကျွန်တော်မက်မောလောက်သော သင်္ကေတလေးတစ်ခုပါပဲ။

"သူဇာ ဒီကပြန်ရင် ဘယ်သွားဦးမှာလဲ"

"မရှိပါဘူး နေပိုင်ကော"

သိပ်ရှိတာပေါ့ ပန်းရောင်မလေးရယ်။ ခင်ဗျားလေးသာပါမယ်ဆိုရင်ပေါ့...

"မနက်စာသွားစားကြမယ်လေ။ နောက်ပြီး မင်္ဂလာဒုံမှာ အကျီၤ အပ်ထားတာ သွားရွေးမလားလို့။ တူတူသွားမယ်လေ"

သူမကြည်ကြည်ဖြူဖြူပဲ ခေါင်းညိတ်ပြသည်။ သည်နေ့မနက်ဟာ အမှတ်မထင်ဘဲ တပိုင်တနိုင်လေး လှနေလေသည်။ မိုးရေစက်လေးတွေကလည်း တစ်ချက်ချင်းစီ ဒလိမ့်ကောက်ကွေးပြုတ်ကျနေသည်။ ဘုရားကအပြန် မြေနီကုန်းက လက်ဘက်ရည်ဆိုင်ထဲမှာ သူမနှင့်ကျွန်တော်....။ ပတ်ဝန်းကျင်ကဆူညံနေကြသော်လည်း ကျွန်တော်တို့နှစ်ယောက်က ရှိတယ်လို့တောင်မထင်။ ချစ်သူအနားမှာရှိလျှင် ပတ်ဝန်းကျင်တစ်ခုလုံးကို လျစ်လျူရှုလို့ရသည်မှာ ဒါမျိုးပင်ဖြစ်နိုင်၏။ မနက်စာစားဖို့ခေါ်ထားသည့်နန္ဒာလည်း ခုထိရောက်မလာသေး။သူဇာက...

"နေပိုင် နန္ဒာက ဘာလို့ကြာနေလဲမသိဘူးနော်။ ဒီဆိုင်များမတွေ့လို့လားမသိဘူး"

“ဟာ မဟုတ်တာ တခြားကိုမတွေ့ရင်တောင် နေပိုင့်ကိုသူတွေ့မှာပါ”

သူဇာက နားမလည်တဲ့ပဖြင့် မျက်မှောင်လေးကျုံ့ပြရင်း..

“ဟင်..ဘာလို့လဲ”

ကျွန်တော်လည်း ခေါင်းကိုကိုင်ပြလိုက်သည်။ ဘုန်းကြီးထွက်တာမကြာသေးတော့ ဆံပင်တွေက အလည်လွှန်နေကြသည်မဟုတ်လား။ သူမက ချက်ချင်းပဲသဘောပေါက်သွားပြီး တသိမ့်သိမ့်နှင့် ရယ်နေတော့သည်။ ခဏနေတော့နန္ဒာရောက်လာ၏။

“ကြာပြီလားရောက်နေကြတာ”

“နည်းနည်းပါ…”

စောင့်နေရတာကို ပျော်နေသည့် ကျွန်တော်တို့နှစ်ယောက်ကို တွေ့တော့နန္ဒာက ချက်ချင်းရိပ်မိပုံရပါသည်။ ပထမဦးဆုံး ကျွန်တော့်ကို မျက်မှောင်ကျုံ့ကြည့်သည်။ ပြီးတော့ သူဇာ့ဘက်ကိုလှည့်ကြည့်သည်။ နှစ်ယောက်စလုံးမျက်နှာတွေက စပ်ဖြဲဖြဲတွေနှင့်မို့ နန္ဒာရိပ်မိလည်းရိပ်မိချင်စရာပါ။နန္ဒာကပဲဆက်ပြီး…

“ပြောစမ်း နင်တို့ ၂ယောက်ရည်းစားတွေဖြစ်သွားကြပြီမဟုတ်လား”

သူဇာကချက်ချင်းပဲ…

“ဟုတ်ပါဘူး”

“ဘာမဟုတ်ရမှာလဲ… ငါကတော့်းဆိုတော့ဟုတ်တယ် နင်တို့ရုပ်တွေ ကြည့်တာနဲ့သိတယ်”

ကျွန်တော်ကကြားကနေဝင်ပြီး

“သားတို့ကရည်းစားတွေမဟုတ်ဘူး ချစ်သူတွေဖြစ်သွားတာ”

နန္ဒာက ရီရင်းတဝက်တပျက်နှင့်...

"နင်တော့သေတော့မယ်"

ဟုအစချီပြီး စကားကိုတရစပ်ကိုပြောနေတော့သည်။ သူပြောသည့်အကြောင်းအရာများတွင် နိုင်ငံခြားသီချင်းတွေပါသည်။ မနေ့ညက ရုပ်ရှင်ဇာတ်လမ်းတွဲပါသည်။ ကွန်ပြူတာဂိမ်းပါသည်။ သူ့အကိုညဘက်အိမ်ပြန်မအိပ်သည့်အကြောင်းပါသည်။ သူ့ကျောင်းက စာမေးပွဲအကြောင်းပါသည်။ ပြောရင်းတန်းလန်း စားနေသောမုန့်ဟင်းခါးတွေပွလာ၍ ဟင်းရည်ထပ်ထည့်ခိုင်းလိုက်သေးသည်က နှစ်ခါ။

"ဟဲ့နန္ဒာ နင်မုန့်ဟင်းခါးစားနေတာ စကားပြောလိုက်စားလိုက်နဲ့ဆိုတော့ ခဏခဏဟင်းရည်ထည့်ခိုင်းနေရလိမ့်မယ် ဒီလိုလုပ်ပါလား"

နန္ဒာက ဒီတစ်ခါတော့ကြားဖြတ်မပြော သေသေချာချာ စူးစူးစိုက်စိုက်နားထောင်နေသည်။ ကျွန်တော်က မီးဖိုဘက်ကိုလက်ညှိုးထိုးပြရင်း

"နင်စားနေတဲ့မုန့်ဖတ်ကို ဟိုအိုးထဲ ထည့်စားပါလား အဲဒါပိုအဆင်ပြေမယ်ထင်တယ်"

မလှမ်းမကမ်းမှာမြင်နေရတာက အငွေ့တထောင်းထောင်းနှင့် မုန့်ဟင်းခါးဟင်းရည်အိုးကြီး

"အေးပြောပြောနေပိုင် နင်တွေ့ဦးမယ်"

ဘေးနားက ချစ်သူလေးက ဘာမှဝင်မပြော ရယ်လို့မောလို့ပြုံးလို့ရွှင်လို့။ ခဏနေတော့နန္ဒာကျူရှင်သွားသည်။ နန္ဒာ့ကို လိုက်ပို့ပြီးနှစ်ယောက်သား မင်္ဂလာဒုံဘက်မှာ ကျွန်တော့်အကျီ သွားရွေးရန် ချိန်းဆိုရင်း အိမ်ခဏပြန်ဖြစ်ခဲ့ကြသည်။

# အခန်း (၁၈)

မင်္ဂလာဒုံဈေးထဲတွင် မိုးသံဖွဖွလေးနှင့် လက်ဖက်ရည်ဆိုင်တွေက ထွက်ပေါ်လာသော သီချင်းသံတစ်ချို့မှလွဲ၍ အရာရာငြိမ်သက်နေ၏ ။ အပ်ထားသောအင်္ကျီ က အဆင်မပြေဘဲ ကြယ်သီးထပ်တပ်ရန်လိုနေသေး၍ ထပ်စောင့်နေရသည်။ ဆိုင်မှာဒီအတိုင်းစောင့်ရန် စိတ်မပါ ။ သူဇာနှင့်လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သည်။

"သူဇာ လက်ဖက်ရည်သောက်တတ်တာ ကြာပြီလား"

“အင်းဟုတ်တယ် အစကချိုစိမ့်သောက်တာ နောက်မှ ချို့ဆိမ့်က မိန်းခလေးတွေနဲ့သိပ်မတည့်ဘူးလို့ စာအုပ်ထဲမှာဖတ်လိုက်ရလို့ ပေါ့ဆိမ့်ပြောင်းသောက်တာ”

ကျွန်တော်လက်ဖက်ရည်ကိုမော့သောက်လိုက်သည်။ နားထဲမှာက သီချင်းသံခပ်တိုးတိုး…

“မသေချာမရေရာတာတွေများတဲ့ကောင်းကင်အောက် xxx ကျန်ခဲ့တဲ့ငါ့စိတ်တို့ ချစ်သူမင်းအပါးက တစ်ဖဝါးမခွာကြဘူး xxx မင်းရင်ထဲမှာ ဘယ်သူများရှိလို့နေမလဲ xxx စွဲလမ်းစိတ်နဲ့ ကိုယ်အိပ်စက်မရနိုင်ပါ တကယ်အလေးအနက်ထားပြီးငါ့အပေါ်ချစ်ရဲ့လားxxx”

မာရဇ္ဇ သီချင်းမှန်းသိနေသော်လည်း ခေါင်းစဉ်မသိ။ နားထဲတွင်ရင်းနှီးကျွမ်းဝင်သလိုရှိနေသော်လည်း သေချာနားမထောင်ဖူး၍ စာသားသိပ်မရ။

“သူဇာ အဲဒီ့သီချင်းသိလား နေပိုင်သိပ်ကြိုက်တာ။ မာရဇ္ဇဆိုမှန်းတော့ သိတယ် ခေါင်းစဉ်မသိလို့”

သူမကသေချာလေး အာရုံစိုက်နားထောင်ကြည့်သည်။

“ဟင့်အင်း သီချင်းသိတယ် ခေါင်းစဉ်မသိဘူး”

စားပွဲဝိုင်းကထလိုက်သည်။ ခြေလှမ်းတွေက ကောင်တာက ထိုင်နေတဲ့ ကောင်လေးတစ်ယောက်ဆီ။

“အကို အခုဖွင့်ထားတဲ့ သီချင်းခေါင်းစဉ်သိချင်လို့”

“အိပ်ရေးပျက် လေ မာရဇ္ဇ ဆိုတာ”

“ဩော်ဟုတ်ကဲ့ ကျေးဇူးပဲဗျာ”

စားပွဲဝိုင်းလေးကိုပြန်ရောက်တော့ သူဇာက လက်ဖက်ရည်သောက်ရင်း…

“ဘယ်သွားတာလဲ”

“သီချင်းသွားမေးတာ ခေါင်းစဉ်က အိပ်ရေးပျက်တဲ့”

ပြောရင်း သီချင်းလေးကိုကျွန်တော်လိုက်ညည်းနေလိုက်သည်။

“စွဲလမ်းစိတ်နဲ့ ကိုယ်အိပ်စက်မရနိုင်ပါ။ တကယ်အလေးအနက်ထားပြီးငါ့အပေါ်ချစ်ရဲ့လား။”

ဘာရယ်မဟုတ်ဘဲ ကျွန်တော်လိုက်ဆိုတာကို သူမ ရုပ်တည်လေးနှင့်စိုက်ကြည့်လာသည်။ ပြီးမှ မျက်လုံးအဝိုင်းသားလေးဖြင့် ခေါင်းလေး နှစ်ချက်ညိတ်ပြသည်။ ချစ်တယ်ပေါ့။ ကျွန်တော်လည်း ပွင့်လင်းစွာပြုံးပြလိုက်ရင်း....

“သူဇာ့ကိုမေးဦးမယ်။ နေပိုင့်ကိုဘယ်အချိန်တုန်းက စပြီးချစ်သွားတာလဲ”

ရုတ်တရက် သူဇာက ခပ်ဟဟလေးရယ်သည်။ ပြီးမှ...

“နေပိုင် ဘုန်းကြီးဝတ်တဲ့နေကလေ အလှူကလည်းပြန်ရော ဥပုသ်စောင့်ဖြစ်တယ်။ ညဘက်ကျတော့ ဘာဖြစ်မှန်းမသိဘူး။ စိတ်ထဲမှာ ဦးဇဉ်းမျက်နှာကြီး မြင်ယောင်နေတာ တော်တော်နဲ့ အိပ်လို့မပျော်ဘူး”

ဟိုက်။ သိပ်လာသည့်အဖြေပါပဲ။ ပြောလည်းပြောရင်း သူမဆက်ရယ်နေသည်။ ကျွန်တော့်မှာဘာပြန်ပြောလို့ပြောရမှန်းတောင်မသိ။ အသည်းတောင် အတုံးလိုက်အတစ်လိုက် ယားသွားသလို။

“ဟုတ်လား သားသားတောင်မသိလိုက်ဘူး”

သူမက

“ဟုတ်လား ခုမမပြောလိုက်တော့သားသားသိသွားပြီမလား”

ကျွန်တော်တို့နှစ်ယောက်စကားဝိုင်းလေးက ခြေရည်တူ ရီသံလေးတွေနှင့် လှပနေပါသည်။ တစ်အောင့်ကြာတော့ ဆိုင်ကနေထထွက်ဖြစ်ခဲ့ကြသည်။ အကျီ ပြန်ဝင်ရွေးပြီး အပြန် ....

“သူဇာညနေဘယ်သွားဖို့ရှိသေးလဲ”

“နန္ဒာတို့နဲ့တော့ချိန်းထားတယ်... လိုပါသေးတယ်။ သားသားကဘယ်သွားချင်လို့လဲ”

ကောင်းရောဗျာ ။ ဒီကောင်မလေး ကျွန်တော့်ကိုတောင်လာနောက်နေသေးသည်။ မျက်နှာကလည်း မချိုမချဉ်ပြုံးစိစိနှင့် တော်တော်လေးကိုကြည်နူးနေပုံရပါသည်။

“အင်းလျားကန်ဘောင်မှာ အကြော်သွားစားမလားလို့ ရန်ကုန်ပြန်ရောက်ပြီးကတည်းက တစ်ခါပဲရောက်သေးတယ်။”

“ဒါဆိုလည်းသွားမယ်လေ”

မိုးက ဒီနေ့အတွက် ပြိုတလှည့်ညိုတလှည့်ရွာနေသည်။ ကောင်းကင်ကိုကြည့်ရသည်က ရွာတော့မည်ဟု ကြိုတင်ပြောနေသောတိမ်တိုက်တွေနှင့် နိမိတ်ပုံပေါ်အောင်လုပ်နေသည်။ ကောင်းကင်က တိမ်ညိုတွေကိုဆုပ်ကိုင်ထားသော လက်ဖဝါးတစ်ခုလို ကျွန်တော်လည်း အနီရင့်ရောင်လက်သည်းခွံလေး အုပ်ထားသော စကားဝါပွင့်လေးတစ်ခုကို ဆုပ်ကိုင်ထားနေမိသည်။ အင်းလျားကန်ဘောင် ရောက်တော့....

“သူဇာ တွေ့လား တိုက်တိုက်ဆိုင်ဆိုင်ခြေလှမ်းတွေတူနေတယ်”

သူမက တူတူလျှောက်လာနေသောခြေလှမ်းတွေကို ငုံ့ကြည့်သည်။ ဟုတ်ပါသည်။ ကျွန်တော်ဘယ်ဆို သူမလည်း ဘယ်။ ကျွန်တော်ညာဆိုသူမလည်း ညာ။ သူမကျွန်တော်ဘက်လှည့်ပြီး မျက်စောင်းလေးနှင့်ပေါက်သည်။ ခြေလှမ်းကိုမတူအောင် လမ်းမကို သုံးချက်လောက် ခြေထောက်ပေါက်သည်။ သူမပုံစံက တူနေသောခြေလှမ်းတွေ မတူတော့အောင်လုပ်နေတာနှင့်မတူ။ လိုချင်တာမရ၍ စိတ်ကောက်နေသည့် ကလေးငယ်လေးနှင့်တူနေသည်။ သူမခြေထောက်ပေါက်ပြီး ခြေလှမ်းပြန်အလှမ်း...။ ယခင်အတိုင်း တူနေပြန်သည်။

“ဟဟ ကဲကြည့်ဘယ်လိုလုပ်လုပ်တူနေမှာပဲလေ ပြင်မနေပါနဲ့တော့ သူတို့လည်းတူချင်ရှာမှာပေါ့”

သူမမျက်နှာလေး အနည်းငယ်တည်သွားသည်။ ဘာမှတော့ပြန်မပြော။ အင်းလျားကန်ဘောင်မှာ မိုးစက်လေးတွေက တစ်စက်တစ်မျိုးကျနေသည်။ ကျွန်တော်မရည်ရွယ်ဘဲပြောလိုက်သည့် စကားတစ်ခွန်းကို သူမဘယ်လောက်ထိ လေးနက်အောင်တွေးနေလေသလဲ ကျွန်တော်မသိလိုက်ပါ။ ဆိုင်ရောက်သည်အထိ ငြိမ်သက်နေမိကြသည်။ မိုးရွာနေသောကြောင့် ဆိုင်ထိုင်ရတာတော့ သိပ်အဆင်မပြေလှ။ သူမကိုမိုးစက်လေးတွေ ပုတ်ခတ်နေမှာကို စိုးရိမ်နေမိသည့်စိတ်ကများသည်။

"မမ ဟုတ်ပါဘူးယောင်လို့ အဲဒီမမနဲ့သားသားက စရင်းနောက်ရင်းကနေ အကျင့်ပါသွားတော့မှာပဲ"

သူမက နှစ်နှစ်ချိုက်ချိုက်ရယ်မောရင်း

"အကျင့်ပါသွားလည်း ကောင်းတာပေါ့ ဘယ်သူနဲ့မှမတူတော့ဘူးလေ"

ကျွန်တော်ဘာဆက်ပြောရတော့မှန်း မသိလောက်အောင် ဖြစ်သွားသည်။ သူမအပြောကလည်း ဟုတ်နေတာပဲ။

"မမဟိုမှာကြည့် မိုးစက်လေးတွေ အင်းလျားကန်ထဲကို ကျနေတယ်"

သူမက ကန်ရေပြင်ကို တစ်ချက်ငေးကြည့်သည်။

"အင်းလေ အဲဒါဘာဖြစ်လို့လဲ"

**"မိုးစက်လေးတွေက ကန်ရေပြင်ထဲကို ကျချင်နေပုံမရဘူး။ ကျပြီးတာနဲ့ ချက်ချင်းပဲ ကောင်းကင်ဘက်ကိုဦးတည်ပြီး ပြန်တက်ဖို့ကြိုးစားကြတယ်။ ဒါပေမဲ့သူတို့မအောင်မြင်ကြဘူး။ ကန်ရေပြင်ထဲပဲ နစ်မြုပ်သွားကြတယ်လေ"**

သူမ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေပုံရပါသည်။ တကယ်တမ်း ကျွန်တော်တို့ဘဝတွေဟာ ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရွေးချယ်နိုင်ခွင့်မရှိတော့သလိုမျိုးပဲလား ကျွန်တော်တိတိကျကျမပြောတတ်ပါ။ မိုးစက်လေးတွေလို ဆန္ဒမပါဘဲ နစ်မြုပ်သွားမည့်အတူ အစထဲက မိုးမရွာခဲ့ပါက ပိုကောင်းလိမ့်မည်ထင်သည်။ ခုတော့ ကျွန်တော်တို့ကိုယ်တိုင်အပြင် လွတ်မြောက်ရန် မည်သူတတ်နိုင်မည်နည်း။ ကျွန်တော်တွေးမိနေတုန်း ...

"..."

"ဟဲလို"

တစ်ဖက်ကနန္ဒာဆက်လာသည့်ဖုန်းထင်ပါသည်။ သူ့ဇာ့ကို တစ်နေရာရာလာဖို့ခေါ်နေသည့်ပုံပါ။

"အင်းပါအင်းပါ ငါနောက်ခဏလောက်နေရင်ရောက်ပြီ"

ဖုန်းချသွားတော့....

“မမ ဘယ်သူ့ဆီကဖုန်းလဲ”

“နန္ဒာဆက်တာ ညနေသူတို့နဲ့ လှည်းတန်းသွားဖို့ချိန်းထားတယ်လေ”

ပြောလည်းပြောရင်း သူမနာခေါင်းလေးရှုံ့ပြီးမဲ့ပြသည်။

“အင်းလေ ဒါဆိုလည်းသွားကြတာပေါ့ ဒီမှာထိုင်နေတာတောင် တော်တော်ကြာနေပြီပဲကို”

မိုးမတိတ်သေးပေမဲ့ ကျွန်တော်တို့ နှစ်ဦးသဘောတူ ဆိုင်ကထွက်လာလိုက်ကြသည်။

၄၈ အထူး။

ကားပေါ်မှာ စက်သံနှင့် မိုးသံက ရောထွေးပြီး တစ်လုံးတစ်ခဲ နိုင်စွာ ဆူညံနေသည်။ ကားနောက်ဆုံးမှာ ကျွန်တော်တို့ နှစ်ယောက် နေရာရသည့်အတွက် ကားတစ်စီးလုံးကိုခြုံပြီးမြင်နေရသည်။ ကျွန်တော့်ဘယ်ဘက် ပုခုံးပေါ်မှာ ခေါင်းလေးတစ်လုံး အလိုက်သင့်နားခိုနေသည်။

“မမ”

သူမ ကျွန်တော့်ကို မော့မကြည့်...။

“ဟင်...”

“မမ နံပါတ်တွေထဲမှာ ဘယ်နံပါတ်အကြိုက်ဆုံးလဲ”

သူမက ချက်ချင်းပဲ...

“မမ က အဲလိုမျိုးတွေမရှိပါဘူး....”

"သားသားက တော့ သုညကို ချစ်တယ်။ သူ့ကို ကြည့်ရပုံက အေးချမ်းသလိုပဲ...။ ဘယ်ကကြည့်ကြည့် သုညဖြစ်နေတော့ ရိုးသားတယ်လို့လည်း ခံစားမိတယ်"

သူမခေါင်းလေးမော့မလာ ကျွန်တော်ပြောသမျှကို ငြိမ်ငြိမ်လေး နားထောင်နေပုံပါပဲ။ ကျွန်တော်ကပဲ ဆက်ပြီး...

"မမ မင်းခိုက်စိုးစန် ရဲ့ သုညဆိုတဲ့ဝတ္ထုဖတ်ဖူးလား... ဖတ်ပြီးရင်တော့ မမ သုညကို ချစ်သွားလိမ့်မယ်"

သူမကခေါင်းလေး မှီထားရာကနေ...

"မမ က သုညကို မချစ်ချင်ပါဘူး"

ခဏတာငြိမ်သက်သွားသည်။ ပုခုံးပေါ်မှီနေရာနေ ခေါင်းလေးမော့လာသည်။ သူမ၏ ဝိုင်းစက်သောမျက်ဝန်းတို့ဖြင့် စကားလေးတစ်ခွန်း...

" ရှင့် ကိုပဲ ချစ်ချင်တာ"

ကျွန်တော်ဘာဆက်ပြောရမှန်းမသိတော့။ သူမ၏ ဆန္ဒရိုးရိုးလေးက ဆွဲဆောင်မှုခပ်ပြင်းပြင်း ရှိလှသည်။ အချိန်အတိုင်းအတာတစ်ခုလေးက ကျွန်တော့်ကို ဆွဲငင်ယူဆောင်သွားခဲ့လေပြီ။ ဆွံ့အ..လို့ အဖြေမဲ့နေမိသည်။

နန္ဒာ့ဆီရောက်တော့ နန္ဒာ့မျက်နာက ရှစ်ခေါက်ချိုး။ သူနှင့်ချိန်းထားပြီး နောက်ကျနေ၍ ကျွန်တော်တို့ကိုစိတ်ကောက်နေပုံရပါသည်။ ဘာမှမေးလို့လည်းမရ စကားပြောလို့လည်းမရ။ နန္ဒာ၊ အိမ့်မြတ်၊ နှင့် သူဇာ သုံးယောက်သား လှည်းတမ်းထွက်သွားကြသည့်မဟာမြိုင်ကားဂိတ်လေးအထိ ကျွန်တော်လိုက်ပို့ပေးဖြစ်သည်။ သူတို့သုံးယောက်သားစီးနင်းလိုက်ပါသွားသော လိုင်းကားကို ကျွန်တော့်ရင်ခုန်သံတွေ ကျွတ်ထွက်လို့ပါသွားတာ အဲဒီကားပေါ်က ကောင်မလေးကြောင့်ပေါ့ လို့ငေးရင်း ဘတ်စ်ကားဂိတ်မှာ တစ်ယောက်ထဲ ကျန်ရစ်နေခဲ့မိသည်....။

ချစ်သူတွေဘဝမှာ ထူးထူးခြားခြား သမီးရည်းစားစုံတွဲတွေ ဘာလုပ်ကြလဲမသိပါ။ ကျွန်တော်တို့နှစ်ဦးက ကိုယ့်နည်းကိုယ်ဟန်နှင့် အမှတ်တရလေးတွေ တည်ဆောက်ကြသည်။ မှတ်မှတ်ရရ လက်ကိုင်ပုဝါအဖြူရောင်လေးကို ရင်ဘတ်မှ ဆင်တူထိုးထားခဲ့ကြဖူးသည်။ ဘယ်သွားသွားဘယ်လာလာ ရင်ဘတ်မှာ အဖြူရောင် လက်ကိုင်ပုဝါလေးက တစ်ပူးတွဲတွဲ။ အများဆုံးသွားဖြစ်သောနေရာက လက်ဖက်ရည်ဆိုင်ဖြစ်သည်ဟု ဆိုရမည်။ အမှတ်တရတွေထဲမှာ မနက်ဘက် လှမ်းနှိုးရသည့်ဖုန်းခေါ်သံလေးတွေ ပါဝင်သည်။

ကျူရှင်အကြိုအပို့တွေ ပါဝင်သည်။ မမနှင့်သားသား ဆိုသည့် အခေါ်အဝေါ်လေး ပါဝင်သည်။ မှတ်မှတ်ရရ ကျူရှင်လိုက်ပို့သောနေ့တစ်နေ့ လိုင်းကားပေါ်တွင်...

"မမ မမမှာ နံမည်ပြောင်ရှိလား"

သူမချက်ချင်း ပြန်မဖြေ။ နှုတ်ခမ်းလေးနှစ်လွှာကိုဖိပြီး ရယ်နေသည်ကို ကြည့်ရင်း နံမည်ပြောင်ရှိမှန်း ကျွန်တော်ရိပ်စားမိပါသည်။

"ရှိတော့ရှိတာပေါ့ ဒါပေမဲ့ မပြောပြဘူး။ သားသားမှာကော"

"သူငယ်ချင်းတွေကတော့ သားသားကို စာကလေးလို့ခေါ်တယ်"

စကားတောင်မဆုံးသေးခင် ရှိုက်သံခပ်ဖွဖွလေးပါအောင် သူမရယ်မောနေပါသည်။ ဒါလည်းသူမ၏အလှတစ်မျိုး။ ကျွန်တော်ကပဲဆက်ပြီး....

"မမနံမည်လည်းပြောပြကွာ...နော်။ သားသားဘယ်သူမှလျှောက်မပြောဘူး"

(ဤနေရာတွင် ရှင်းပြရန်လိုအပ်လာပါသည်။ ထိုစဉ်ကပေးခဲ့သော ကတိအတိုင်း ကျွန်တော်ဘယ်သူ့ကိုမှလျှောက်ပြောခြင်းမဟုတ်ပါ။ စာထဲတွင်ထည့်ရေးလိုက်ရခြင်းသာဖြစ်သည်။)

သူမက နံမည်ပြောင်မပြောလျှင် ကျွန်တော်ဆက်ဂျီကျနေမည်ကို ရိပ်မိပုံရပါသည်။

"ရှိတယ် ၆တန်းလောက်တုန်းက စာအရမ်းလုပ်တာလေ။ အဲဒီတုန်းက ဂျပိုး လို့ဝိုင်းခေါ်ကြတယ်"

"ဩော် ဒါဆို သားသားနလုံးသားက ဂျပိုးကိုက်သွားတာနေမှာ"

ပြောပြောဆိုဆို သူမ ကျွန်တော့်ကို ဗိုက်ခေါက်လိမ်ဆွဲသည်။ ကြည်နူးနေမိလွန်း၍လားမသိ မနာလည်းနာချင်ယောင်ဆောင်ထားလိုက်ရသည်။ နှစ်ဦးသားပျော်မဆုံး။

ဤသို့အမှတ်တရလေးတွေ ပါဝင်သည်။ နောက်ထပ်မှတ်မှတ်ရရ ဖုန်းပြောမိစဉ်က....

ရောင်ပြန်ကင်းစွာ အမှောင်ချထားသည့် ညတစ်ညမှာ ဝါးရုံတာက ဖုန်းတစ်လုံး၏ မီးရောင်အောက်တွင် ကျွန်တော်တစ်ယောက်...

"မမလား"

တဖက်က...

"အင်းသားသား"

"မမ မအိပ်သေးဘူးလား"

"အစကတော့ အိပ်တော့မလို့ပဲ အိပ်လို့မပျော်တာနဲ့"

ကျွန်တော့်ဘက်က ဖွင့်ပြောချင်သည့်စကားများက ချီတုန်ချတုန်ဖြင့်...

"မမကိုပြောရဦးမယ်။ မမကိုဖွင့်ပြောဖို့သားသားသေချာစဉ်းစားခဲ့ရတယ်.. အထူးသဖြင့် ရန်ကုန်ခဏပြန်လာတုန်း အပျော်ရည်းစားထားတယ်လို့ မမ ထင်သွားမှာကိုပဲ"

သူဇာက ကျွန်တော်စဉ်းစားသလို ဘောင်အတွင်းက စိုးရိမ်နေပုံမရ...

"ဒါတော့ယုံပါတယ်... မမကြောက်တာ တစ်ခုထဲ...။ နောက်တော့မှ အိမ်က သဘောတူတဲ့သူတွေဘာတွေပေါ်လာမှဖြင့်"

ကျွန်တော်လွတ်လွတ်လပ်လပ်သာ ရယ်ချလိုက်ပါသည်။

"မဟုတ်တာပဲမမရာ ဒါမျိုးတွေက ၂၀ရာစုနှောင်းပိုင်းမှာ ကျန်ခဲ့တဲ့ ထုံးစံလိုလို ရိုးရာလိုလိုတွေပါ။ နောက်ပြီး သားသားမှာ ဒါမျိုးတွေမရှိဘူး"

"အင်းပါပြီးတာပါပဲ"

ထိုနေ့ညက ကျွန်တော်တို့ နှစ်ယောက် အချိန်တော်တော်ကြာ စကားပြောဖြစ်ကြသည်။ သူမ ပြောသည့် အကြောင်းအရာတွေမှာ ကျွန်တော်ဂစ်တာတီးကောင်းကြောင်းပါသည်။ မှတ်မှတ်ရရ ပြောရလျှင် သမီးရည်းစား တွတ်တီးတွတ်တာလေးတွေ ပါသည်။သူမရှေ့တွင် သမီးရည်းစားဟုပြောလျှင်လည်း ချစ်စရာကောင်းလောက်အောင် နှုတ်ခမ်းလေးဆူပြတတ်သည်။ အထူးသဖြင့်တော့ သူမကျွန်တော့်အပေါ်မည်သည့်အကြောင်းအရာနှင့်မှ စိတ်မကောက်ခဲ့ဖူးပါ။ သမီးရည်းစားနေရာတွင် သမီးချစ်သူဟုပြန်ပြောင်းပြောမှ မျက်နှာလေးပြုံးရွှင်၍ ပုခုံးပေါ်ခေါင်းလေး လာမှီတတ်သည်။ထိုနေ့က ဖုန်းချခါနီး...

"မိုးတောင်တော်တော်ချုပ်နေပြီ မမအိပ်တော့နော်"

"အင်းသားသားလည်း အိပ်တော့နော်"

ကျွန်တော်ရိုးသားစွာနှုတ်ဆက်လိုက်သည်။

"ကောင်းသောညပါ သူဇာ"

သူဇာ့ထံမှ ရုတ်တရက်စကားသံပြန်မကြားရ။ အတန်ငယ် ဆွံ့အ နေပြီးမှ...

"လကုန်ရင်ပြန်တော့မယ်သူတစ်ယောက်ကို ကောင်းသောညပါလို့ ဘယ်လိုပြန်နှုတ်ဆက်ရမှာလဲ"

ရင်ဘတ်ထဲဟာသွားသလိုခံစားရသည်။

ထိုနေ့ညကလည်း ကျွန်တော် ကောင်းကောင်းအိပ်မပျော်သည်က အမှတ်တရဖြစ်ချင်ဖြစ်မည်။ လကုန်ရန် သိပ်မလိုတော့...။ **အချိန်သည်အမြဲတမ်းရှိသည်။ အချိန်လောက်ငသည် ၊ မလောက်ငသည်ကသာ ပြဿနာဖြစ်သည်။** အချိန်မလောက်ငခြင်းအတွက် ကျွန်တော်တို့ ဘာတတ်နိုင်မည်နည်း။ စဉ်းစားစရာ...။

**အမှတ်တရဆိုသည်မှာ အာရုံကြောတွင်တံဆိပ်ရိုက်နှိပ်ထားသလိုမျိုး... မေ့ဖျောက်ရခက်ပါသည်။**

# အခန်း (၁၉)

ဗိုလ်တစ်ထောင်ဆိပ်ကမ်းတွင် မိုးသဲ့သဲ့လေး ကျနေသည်။ ထီးလေးတစ်ချောင်းအောက်က ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်၊ ရင်ဘတ်က အဖြူရောင်လက်ကိုင်ပုဝါလေးဆင်တူနှင့်။ သူတို့နှစ်ဦး မိုးစက်တွေကို စိတ်ထဲမှာမှတ်ပြီး လှိုင်းပုတ်သံတွေကို လက်ချိုးရေတွက်ကြည့်နေကြသည်။ လှိုင်းလုံးများကတစ်ချက် ရိုက်ခတ်ပြီးတိုင်း ရန်ကုန်မြစ်အတွင်းသို့ ပြန်လည် ပျောက်ကွယ်သွားပြန်သည်။ ပျောက်ကွယ်သွားသောလှိုင်းလုံးလေးက

နောက်တစ်ကြိမ်ကမ်းကပ်ရန် ကြာမြင့်ချိန်က ၁ရက်လား၊ ၁လလား၊ ၁နှစ်လား၊ သို့မဟုတ်....။ **ကျွန်တော်တို့ ကြိုတင်ခန့်မှန်းမပြောနိုင်သော အကြောင်းအရာများသည် မနက်ဖြန်ထဲတွင် ရောထွေးပါဝင်နေသည်။** ရုတ်တရက်...

"သားသားလက်ဖဝါးခဏပြ"

ဘာမှန်းမသိသော်လည်း အလွယ်တကူပဲ လက်ဖဝါးလေး သူမဘက်ကိုထိုးပေးလိုက်သည်။ သူမက ကျွန်တော့် ညာဘက်လက်ဖဝါးနှင့် သူမ၏ ဘယ်လက်ဖဝါးကို ယှဉ်တွဲကြည့်လိုက်သည်။ လက်ဖဝါးဘယ်နှင့်ညာကို ဆက်လိုက်သည့်သဘော။ လက်ခလယ်အောက်မှ ဖြတ်ဆင်းသွားသောလက္ခဏာလမ်းကြောင်း နှစ်ခုက တိုက်ဆိုင်စွာ တူညီနေသည်။ တိတိကျကျပြောရလျှင် ပစောက်ပုံပေါ်နေသည်။ သူဇာက ခပ်ဟဟ ရယ်မောရင်း...

"သားသားတွေ့လား ဒီမှာ ပစောက်ပုံပေါ်နေတယ် လက်ဖဝါးနှစ်ခုဆက်လိုက်တာ"

"အဲလိုပေါ်နေရင်ဘာဖြစ်လို့လဲ"

"ဟာ အဲဒါ လူတိုင်းဒီလိုမဆက်ဘူးလေ ဒါသဘောက တစ်ယောက်က တစ်ယောက်ရဲ့အခြမ်းတဲ့"

ပြောရင်း ကလေးပေါက်စလေးတစ်ယောက်လို ပွင့်လင်းစွာရယ်မောနေလေ၏။ ကျွန်တော်ကတော့ ဒါမျိုးတွေကို သိပ်ယုံစားလေ့မရှိတတ်ပါ။ မည်သို့ပင်ဖြစ်စေ ချစ်သူပြောလာသော အခိုက်အတန့်လေးမှာတော့ ကြည်နူးရပါသည်။ ထိုညနေလေးထဲက ကြည်နူးစရာအချိန်လေးတွေကို ကျွန်တော် ဖြစ်နိုင်ရင် ကောက်ငင်ကာ သီကုံးထားချင်နေမိသည်။ နေမင်းအရောင်ဖျော့သွားသည်။ နေပူရင်း ရွာနေသည့်မိုးက ရောင်စဉ်တန်းလေးတွေလို အထက်အောက်တဖြတ်ဖြတ် ပြေးလွှားနေသည်။ သဘော်ဥသြဆွဲသံ ကြေကွဲကွဲကို ကျွန်တော်ကြားလိုက်ရသည်။

"နေပိုင် ဒီလကုန်ရင် ပြန်ရတော့မှာပေါ့နော်"

သူမ အသံက စို့နစ်အက်ကွဲနေသည်။ ကြိုသိထားပြီးသားဇာတ်လမ်းတစ်ခု ပြီးပါပြီစာတမ်းထိုးချိန်ကို မျှော်နေရသူလို ကြေကြေကွဲကွဲနိုင်လှသည်။

"ဟုတ်တယ်လေ... ဒါပေမဲ့ နောက်သုံးနှစ်ကြာရင် ပြန်လာမှာလေ"

“သိပါတယ် ဒါပေမဲ့မမလည်း သားသားပြန်သွားပြီးရှေ့လထဲမှာ နိုင်ငံခြားသွားမှာ။ ဟိုမှာ ၄နှစ်ကြာမယ်”

မိုးရွာနေစဉ် ကောင်းကင်က မိုးချိမ်းသွားသောအခါ ငှက်ငယ်များ အသိုက်အမြုံရှာကြသည်။ လျှပ်စီးလက်သည့်အခါတွင် လျှပ်စစ်သံလိုက်ဓါတ်ပါဝင်နေသည်။ ကောင်းကင်က လျှပ်စီးကြောင်းက ကျွန်တော့်အသွေးအသားထဲထိ စီးဝင်သွားပြီလား မသိတော့...

“ဟင် ဒါဆိုသားသားပြန်လာတဲ့အချိန် မမ ဒီမှာမရှိဘူးပေါ့”

“ဟုတ်လိမ့်မယ် ဒါပေမဲ့ မသေချာပါဘူး”

သူမ ခေါင်းလေးက ကျွန်တော်ပုခုံးပေါ်မှာ နေရာယူမှန်နေသည်။ ပြန်ဆုံချိန်ကို တိတိကျကျပြောခွင့်မရှိသော နှုတ်ဆက်လမ်းခွဲဟာ တော်တော်လေးကို ကပိုကရိုဆန်မည်ထင်ရသည်။ ကျွန်တော် သက်ပြင်းချမိ၏။ လက်တစ်ဖက်က သူမပုခုံးလေးပေါ်တင်ထားရင်း... လေပြေပုတ်ခတ်သွားသော သူမဆံဖျားလေးတွေကို ငေးနေမိ၏။

“ဘယ်တတ်နိုင်ပွဲမလဲ မမရယ် ဘာပဲဖြစ်ဖြစ် တစ်ချိန်မှာ ပြန်ဆုံကြဖို့အတွက်ပဲပေါ့”

စိတ်ကို တင်းထားပြီး အားပေးနေလိုက်ရသော်လည်း ကိုယ်ကိုယ်တိုင်ကလည်း စိုးနစ်နေသဖြင့် အားပေးစကားက သိပ်မပီပြင်လှ။ တစ်နည်းအားဖြင့် အကျိုးမဝင်သော လှည့်စားမှုဖြင့် သူမကို အားမငယ်ဖို့ လိမ်ညာခဲ့လိုက်ရသည်။ စိတ်ထဲရိုက်ခတ်လာသော သီချင်းတစ်ပုဒ်ကို ညည်းလိုက်သည်။ "နေရာတိုင်းမှာ”

“ရောင်နီကိုခြံလွှမ်းတဲ့ ပန်းလေးတွေ အချစ်ဆုံးရဲ့အနံ့အသက်ကိုယူခဲ့ပြီ xxx နေဝင်ချိန် အိပ်တန်းတက်ငှက်ကလေးတွေ အချစ်ဆုံးရဲ့ သတင်းစကားကို ဆောင်ခဲ့ပြီ xxx ဘယ်ဆီကို ရောက်လို့လေ ဘယ်လောက်ပဲ ဝေးရတယ် ဘယ်တော့မှ အထီးကျန်မဆန်ခဲ့ xxx ရင်ထဲကတမ်းတလိုက်ရုံလေးနဲ့ ကိုယ့်ဘဝရဲ့နေရာတိုင်းမှာ မင်းရှိတယ် xxx လူတွေက ကိုယ်တို့နှစ်ယောက်ခွဲရလို့ အကုန်ဝိုင်းပြီးသနားကြတယ် အချစ်လေးရယ် xxx ဒီကမ္ဘာမှာ ကိုယ်တို့လောက်နီးကပ်တာ ဘာတစ်ခုမှမရှိတော့တာ မသိဘူးတဲ့ xxx ”

နေဝင်ချိန်တွေက ကျွန်တော်တို့ နှစ်ယောက်စာ အကျည်းတန်နေကြသည်။ ခပ်ဖျော့ဖျော့နေလုံးကြီးက ကောင်းကင်ပေါ်က တဖြည်းဖြည်း ပြုတ်ကျသွားသလိုမျိုး သူမ၏ မျက်ဝန်းနက်နက်မှ....။ ရှိုက်သံလေးတစ်ချက်ကြောင့် ကျွန်တော်လှည့်ကြည့်လိုက်မိသည်။

"မမရာ ဘာလို့ငိုရတာလဲ"

ကျွန်တော့်လက်မလေးနှစ်ချောင်းအောက်တွင် ညင်ညင်သာသာ ပျောက်ကွယ်သွားသော မျက်ရည်တချို့.....။ သူမဆီမှ စကားသံမကြားရ...။ ကျွန်တော်ကပဲဆက်ပြီး...

"မမ သားသားရှေ့မှာငိုတာ ကိစ္စမရှိဘူး။ သားသားကွယ်ရာမှာတော့ မငိုစေချင်ဘူး။ သားသားရဲ့မမက စံပြချစ်သူလေးတစ်ယောက်လိုဖြစ်နေရမယ်လေ။ စိတ်ပျော့လည်း အသည်းတော့မာရမှာပေါ့ ဒီအတိုင်းဆို သားသားပြန်တဲ့အခါ လေဆိပ်ကို မမ ဘယ်လိုလိုက်ပို့မှာလဲ...."

ပြောရင်းဆိုရင်း ကျွန်တော့်နှုတ်ခမ်းကို လက်ညိုးနှင့်လက်မဖြင့် ကျွန်တော်ဆွဲယူလိုက်သည်။ သူမ၏နဖူးဗဟိုရ်ရတည့်တည့်သို့ (လက်မဖြင့်) လက်ဖွေရာနှိပ်လိုက်သည်။ ချက်ချင်းပဲ ရာသီဥတုပြောင်းလဲ၍ သူမ၏မျက်နှာပေါ်က အပြုံးလေးတစ်ခုကို ကျွန်တော် မြင်တွေ့လိုက်ရသည်။အနမ်းဖွဖွလေးတစ်ခုကို ကပ်ပေးလိုက်သည့်သဘော။ သူမက ငိုမဲ့မဲ့အသံလေးနှင့်

"မမစိတ်ကိုရအောင်ထိန်းပြီးလိုက်ပို့မှာပေါ့ သားသားရယ်"

ဆိပ်ကမ်းမှ လှိုင်းပုတ်သံကို အမှတ်တမဲ့ ကြားနေရသည်။

တဖြည်းဖြည်းနဲ့ မှောင်စပြုလာပါပြီ။ ဗိုလ်တစ်ထောင်ဆိပ်ကမ်းပေါ်က ဘောလုံးကန်နေသူတချို့ နှင့် ဖြတ်သွားဖြတ်လာ (သူလိုကိုယ်လို စုံတွဲ) တွေကလွဲ၍ ထူးထူးခြားခြား မတွေ့ရ။ လမ်းမီးတိုင်များက အချိန်မှန်လင်းနေကြပြီ။ ခုနကတွေ့ခဲ့ရသော နန်းမြေပြင်က အခုတော့ ရန်ကုန်မြစ်အောက်ကိုရောက်လို့....။ ဒီရေတက်ချိန်တွေဟာ သိပ်ကို မြန်ဆန်လွန်းနေပါသည်။ မျက်စိရှေ့တွင်ဖြတ်သန်းသွားလာနေသော သင်္ဘောတွေကလည်း သူ့တာဝန်နှင့်သူ ရှေ့ဆက်မောင်းနှင်နေကြသည်။ ကောင်းကင်က မိုးရွာထားသည့်အရှိန်နှင့် ကြယ်တွေတောင် သိပ်မမြင်ရ။ မလှမ်းမကမ်းက မီးပြတိုက်လေးကလည်း တာဝန်ကျေစွာလမ်းပြပေးနေသည်။

"ဒါဆိုဘယ်အချိန်မှ ပြန်ဆုံနိုင်မလဲဆိုတာ မသေချာဘူးပေါ့"

သူမပြောထွက်လာသည့်စကားအတွက် ကျွန်တော် အဖြေမဲ့စွာ ကိုယ်ချင်းစာပေးလိုက်ပါသည်။ တကယ်တမ်း ကျွန်တော်လည်း ပြန်ဆုံမည့်အချိန်ကိုတိတိကျကျမသိပါ။

"ဘာပဲဖြစ်ဖြစ်ပေါ့မမရယ် တစ်ယောက်နဲ့တစ်ယောက်ရင်ထဲမှာ နားလည်မှုတွေရှိနေရင် ပြီးပြီပဲမဟုတ်လား"

ပုခုံးပေါ်ကခေါင်းလေးက ဆည်းလည်းလေးအလား လှုပ်ခါသွားသည်။ ကျွန်တော့်မေးခွန်းကို လက်ခံလိုက်သည့်သဘော။

"သားသား မမကိုချစ်လား "

ပြောရင်း သူမခေါင်းလေးမော့လာသည်။ မျှော်လင့်ချက်တွေနှင့် မျက်ဝန်းက မလှမ်းမကမ်းက မီးပြတိုက်လေးအလား....။ သူမဆက်ပြီးကျွန်တော့်ကို ချွဲတော့မှာ စိတ်ကကြိုသိနေ၏။

"မေးစရာတောင်မလိုဘူး ချစ်တာပေါ့မမရယ်"

"ဒါဆို ဘယ်လောက်ထိချစ်လဲ"

သူမကျွန်တော်ထင်ထားသည့်အတိုင်း ကလေးလိုနွဲ့ဆိုးဆိုးနေ၏။ ကျွန်တော့်အဖြေကလည်း ပြတ်သားရှင်းလင်းစွာ...

"ချစ်တယ် အများကြီးမဟုတ်ဘူး... မမတစ်ယောက်စာ လုံလုံလောက်လောက်လေးပဲချစ်တယ်"

ကျွန်တော့်အဖြေကို ကျေနပ်သွားပုံရပါသည်။ သူမခေါင်းလေးငုံ့လို့ ပုခုံးလေးပေါ်မှာ ငြိမ်သက်ရင်း

"မမလည်းသားသားကို သိပ်ချစ်တယ်"

မလှမ်းမကမ်းက သင်္ဘောတစ်စီးထံမှ ဥသြဆွဲသံတို့ တုန်ရီနေ၏။

ဤသို့...
ကျွန်တော်တို့နှစ်ယောက်
နားလည်မှုတွေနှင့်
အိမ်တစ်လုံးဆောက်ခဲ့ကြသည်...။

ခွဲခွာခါနီးတည်ဆောက်ခဲ့ရသောကြောင့် အိမ်လေးမှာ ဘယ်သူမှမရှိ တိတ်တဆိတ် အထီးကျန်ဆန်လှ၏။ သို့မဟုတ် အိမ်ကလေးက ဗလာများနှင့်သာ ပြည့်နှက်နေ၏။

တစ်နည်းအားဖြင့် ကျွန်တော်တို့နားလည်မှုများဖြင့် တည်ဆောက်ခဲ့သောအိမ်ကလေးသည်.. သုညတစ်လုံးလို မရှိခြင်းများစွာနှင့်သာပြည့်နှက်နေ၏။

# အခန်း (၂၀)

မိုးကအလိုက်သင့် ခပ်ကဲ့ကဲ့လေး ရွာနေသည်။ ပြည်ပသို့ ပြန်လည်ထွက်ခွာရန် နီးကပ်လာလေလေ ရန်ကုန်တွင် ကျွန်တော်တို့သူငယ်ချင်းများ လူစုံလေဖြစ်သည်။ နယ်မှသူငယ်ချင်းများလည်း အားလုံးနီးပါး ရန်ကုန်သို့ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။ ထိုနေ့က မြေနီကုန်း Ice Berry ကော်ဖီဆိုင်ထဲတွင် ကျွန်တော်နှင့်သူဇာ ၊ မျိုးမြင့်အေးနှင့် ကလျာမိုး၊ ဝကြီးတို့စုံတွဲအလာကို စောင့်နေကြသည်။ ကလျာမိုးက…

“နင်တို့ပြန်သွားရင် ငါတို့တော့ လွမ်းကျန်နေခဲ့တော့မှာပဲဟာ”

“ကျန်ခဲ့တဲ့သူမှ လွမ်းရတာမဟုတ်ပါဘူးဟာ ထွက်သွားတဲ့သူလည်း ကြေကွဲရတာပဲလေ”

ကျွန်တော့်စကားကို ဘေးနားက ချစ်သူလေးက မျက်လုံးအဝိုင်းသားလေးနှင့်ကြည့်သည်။ ဘာမှတော့ဝင်မပြော...။ ကလျာမိုးက ဆက်ပြီး...

“ဒါတောဒါပေ့ါဟာ...ငါကမောင်နဲ့မခွဲနိုင်ဘူး”

ပြောရင်း မျိုးမြင့်အေးလက်မောင်းကို ဖက်ထားသည်။မျိုးမြင့်အေးကတော့ တစ်ကမ္ဘာလုံးမေ့ထားသလို အအေးသောက်ကောင်းနေသည်။ ကလျာမိုးခံစားပြနေတာပဲ သူနှင့်မဆိုင်သလိုလို...

“နင်ကသာခံစားပြနေ နင့်ကောင်လည်းနင်ပြန်ကြည့်ဦး”

ကလျာမိုးက မျက်စောင်းထိုးလေးလှည့်ကြည့်ရင်း...

“ကဲဟာကဲဟာ...”

ပါးစပ်ကလည်း ပြောရင်း ကလျာမိုးတစ်ယောက် သူမ၏ချစ်လှစွာသောမောင်ကို ဗိုက်ခေါက်လိမ်ဆွဲနေသည်။ သည်တော့မှ မျိုးမြင့်အေးက...

“အား...နာတယ် ချစ်ရ”

ရုတ်တရက် ကလျာမိုးမျက်နာက ချက်ချင်းပြန်တည်သွားပြီး....

“ငါမျိုးမြင့်အေးနဲ့ မခွဲနိုင်ဘူးဟာ နင်တို့နဲ့လိုက်ခဲ့လို့ရရင်ကောင်းမယ်”

ကလျာမိုးတစ်ယောက် ဝေဒနာကိုလေပင့်နေသည်။ ဆက်ပြီးနားထောင်နေလျှင် ဘေးက ချစ်သူလေးက ဝမ်းနည်းလာတော့မည်။ ကျွန်တော်စကားလမ်းကြောင်းလွှဲရင်း...

“ဒါနဲ့ ဝကြီးနဲ့ နှင်းဦးလှိုင်က ကြာလိုက်တာကွာ”

"အေးကွာ ဘာတွေဒီလောက်ကြာနေလဲ မသိဘူး"

"နှင်းဦးလှိုင်အိမ်မှာ ဆွေပြမျိုးပြတွေဖြစ်နေတယ်ထင်တယ်"

မျိုးမြင့်အေးက ကျွန်တော့်စကားကို ဝင်ထောက်ခံရင်း...

"ဒါမှမဟုတ် ငါတို့ထင်ထားသလို လူသတ်မှုများဖြစ်နေလားမသိဘူး"

ဝကြီးက လူနှင့်လိုက်အောင်ဝသည်။ အလွန်အကျွံမဟုတ်သော်လည်း ကျွန်တော်တို့အဖွဲ့ထဲမှာ သူအဝဆုံးဟုအများက ဝိုင်းသတ်မှတ်ထားကြသည်။ သူ့ကောင်မလေးက ကျွန်တော်တို့ထက် နှစ်နှစ်လောက်ငယ်သည်။ ပုံစံကလည်း ကလေးပေါက်စလေးကို ဆံပင်ရှည်တပ်ပေးထားသလိုဖြစ်၏။ ဝကြီးစွဲလမ်းလောက်အောင် သူ့ပုံစံနှင့်သူတော့လည်းလှပါသည်။ ဝကြီးလို ခန္ဓာကိုယ်ခပ်ထွားထွားနှင့် သူမ လို ခပ်သေးသေးချာတိတ်မလေး စုံတွဲဟာ ကျွန်တော်တို့သူငယ်ချင်းတွေကြားမှာတော့ စစရာနောက်စရာဖြစ်နေသည်။ ယခု မျိုးမြင့်အေး၏စကားကို သူဇာကနားမလည်... ကျွန်တော့်နားကပ်၍

"သားသား ဘာလူသတ်မှုလဲ"

"ဒီလိုလေ... ဝကြီးက မမမြင်ဖူးထားတဲ့အတိုင်း ခပ်ဝဝရယ် နှင်းဦးလှိုင်က ကလေးသာသာလေးကို ။ သူတို့နှစ်ယောက်ညားလို့ကတော့ သေချာပြီ။ ဝကြီးလူသတ်မှုဖြစ်မှာပဲ"

သူဇာက သဘောပေါက်သွားပြီး ပါးစပ်ကို လက်ဖဝါးလေးအုပ် ရယ်နေသည်။ ပြောရင်းဆိုရင်း ဝကြီးတို့စုံတွဲ ဆိုင်ထဲဝင်လာနေ၏။

"ဟော ဟိုမှာပြောလို့မှမဆုံးသေးဘူး ရောက်လာကြပါပြီ။ မြန်မြန်သေဦးမယ်"

မျိုးမြင့်အေးက ဘေးဝိုင်းမှခုံကို လှမ်းဆွဲပေးသည်။ ဝကြီးက...

"မထိုင်တော့ဘူးလေ သွားကြမယ် တစ်နေရာရာ"

"ဒိုကေ"

ကျွန်တော်တို့ဆိုင်မှ ထွက်ခဲ့လိုက်ကြသည်။

ပြည်သူ့ရင်ပြင် Happy World။

သရဲအိမ်ထဲမှ ထွက်လာသည့် ကျွန်တော်တို့ ခြောက်ယောက် ဈေးတစ်လုံးလုံးနှင့် ခွဲခွာရမည့်အချိန်ကို ခေါင်းထဲကထုတ်ထားခဲ့ကြသည်။ ပန်းခြံထဲရှိထိုင်ခုံမှာထိုင်နေရာက…

"နေပိုင် ကင်မရာပါတယ်မလား။ ငါတို့ အဖွဲ့လိုက် ဓါတ်ပုံရိုက်ရအောင်"

ကျွန်တော် ကင်မရာထုတ်ပေးရင်း…

"နေပါဦး ခြောက်ယောက်လုံးပါအောင် ဘယ်သူရိုက်ပေးမှာလဲ တစ်ယောက်ယောက်ကို အကူအညီတောင်းမှဖြစ်မယ်"

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ လူသူထင်သလောက်မကျဲပါး။ သို့သော် ပန်းခြံဖြစ်သည့်အတွက် ဖြတ်သွားဖြတ်လာရှားပါးနေသည်။ ပထမ ကောင်မလေးနစ်ယောက် ဖြတ်သွားသည်။ ခပ်ငယ်ငယ်နှင့်ဂျစ်ကန်ကန်ပုံစံ အကူအညီမတောင်းချင်။ အရွယ်ခပ်လတ်လတ် အစ်ကိုအရွယ်တစ်ယောက်ကို တွေ့တော့ ကလျာမိုးက ချက်ချင်း

"အစ်ကို ညီမတို့ကို အဖွဲ့လိုက် ဓါတ်ပုံတစ်ပုံလောက်ရိုက်ပေးပါလား"

"သြော်ဟုတ်ကဲ့ ရပါတယ်"

ကျွန်တော်တို့ ယှဉ်တွဲရပ်လိုက်ကြသည်။ ကောင်လေးသုံးယောက် ရင်ခွင်ထဲမှ ကောင်မလေးသုံးယောက်က အညီအညာ။ အမှတ်မထင်သတိထားမိလိုက်သည်က ဓါတ်ပုံရိုက်သည့် အစ်ကိုက ပြုံးစိစိဖြစ်နေသည်။ စဉ်းစားကြည့်လိုက်မှ ကျွန်တော်တို့ယောကျာ်းလေး သုံးယောက်လုံးက ဘုန်းကြီးဝတ်ခဲ့ကြ၍ ကတုံးတွေဖြစ်နေ၏။ ဒါကြောင့်လည်း လူတွေက ပြုံးစိစိဖြစ်နေကြတာ ဖြစ်နိုင်သည်။ ဓါတ်ပုံရိုက်ပေးသည့် အစ်ကိုကြီးက ကင်မရာပြန်ပေးတော့ မျိုးမြင့်အေးက…

"ကျေးဇူးပဲနော် အစ်ကို။ အစ်ကိုလည်း ရည်းစားချောချောလေး ရပါစေဗျာ"

မျိုးမြင့်အေးကတော့ လုပ်ချလိုက်ပြီ။ ကြိုက်မှန်းမသိမကြိုက်မှန်းမသိ။ ဟိုကဘာမှတော့ပြန်မပြော။ ပြုံးစိစိလုပ်ပြီးထွက်သွားသည်။ ကလျာမိုးက

"ဒီအတိုင်းထိုင်နေရတာပျင်းစရာကြီးဟာ ငါတို့ ဘယ်သွားကြရင်ကောင်းမလဲ"

ဝကြီးက...

"ပျင်းရင် နင်မော်ဒယ်လျှောက်ပြလေ"

"သေလိုက်ပါလားဟဲ့ ကောင်စုတ်ရဲ့"

ကလျာမိုးက ဝကြီးကို ကျိမ်ဆဲရင်း လေသံပျော့လေးနှင့်ဆက်ပြီး

"လျှောက်ခြင်းလျှောက်တော့ ငါ့မောင်ရှေ့မှာပဲငါလျှောက်ပြမှာပေါ့...နော်မောင့်"

ကလျာအသံက ချွဲပျစ်နေသည်။ မျိုးမြင့်အေးကတော့ ခပ်ပြုံးပြုံး။ ကျွန်တော်တို့ကတော့ နားထောင်ရသည်က ဟာသလိုဖြစ်နေ၏။ ကလျာမိုးက ကျွန်တော်တို့ထက် တစ်နှစ်နီးပါငယ်သည်။ သူငယ်ချင်းတွေလိုပေါင်းနေသော်လည်း မျိုးမြင့်အေးအပေါ်တော့ ကလေးလိုဆိုးသည်။ ထို့ပြင် အကြောင်းမရှိအကြောင်းရှာစိတ်ကောက်တတ်သည်။ ကျွန်တော်က...

"ဒါဆို ကန်ဘောင်သွားကြရအောင်"

"အေးဟုတ်တယ်"

"အိုကေ"

တက္ကစီကားတစ်စီးထဲမှာ လူခြောက်ယောက် စီးနင်းလိုက်ပါလာသည်က အတော်ကို ဗရုတ်သုတ်ခနိုင်လှသည်။ ကျွန်တော်တို့အားလုံးကလည်း ဗရုတ်သုတ်ခတွေဖြစ်နေကြ၍လားမသိ။ ပျော်မြူးလို့မဆုံး။ ကလျာမိုးက...

"သူဇာ ရှေ့အပတ်ထဲ မျှော်စင်ကျွန်းမှာ ရှိုးပွဲရှိတယ် သိလား"

"အင်းသိတယ် မြေနီကုန်းမှာ ကြော်ငြာတွေ့တယ်"

ကလျာမိုးကဆက်ပြီး

"အေးဟာ ငါတော့မကြည့်ဖြစ်လောက်ဘူး ငါရှိုးပွဲကြည့်မိရင် အဆိုတော်ဖြစ်ချင်တယ်"

မျိုးမြင့်အေးက ဒီနေ့မှ ထူးထူးခြားခြားတိတ်ဆိတ်နေ၏။ ဒါမှမဟုတ် ခွဲခွာရန်အချိန်နီးကပ်လာပြီမို့လား...။ **တကယ်တမ်း ဟန်ဆောင်ပြုံးထားရသည်မှာ စိတ်ကသိကအောက်ဖြစ်စရာ ကောင်းလှသည်။** ကျွန်တော်က ဆက်ပြီး...

"ကလျာမိုး နင်က ရှိုးပွဲကြည့်ရင် အဆိုတော်ဖြစ်ချင်တယ် ။ ရုပ်ရှင်ကြည့်ရင် မင်းသမီးဖြစ်ချင်တယ်။ တော်သေးတာပေါ့ နင်မျောက်ပွဲမကြည့်လို့"

တစ်ကားလုံးပွဲကျသွားသည်။ ကလျာမိုးက...

"အစုတ်ပလုတ်ကောင်..."

ကျွန်တော့်ကို ကိုမ်ဆဲရင်း မျိုးမြင့်အေးဘက်လှည့်ကာ ကလျာမိုးကပဲဆက်ပြီး ချွဲပျစ်ပျစ်နှင့် သူမ၏ထုံးစံအတိုင်း...

"မောင်.... ချစ်ကိုပြောနေပြီ"

"ပြောပါစေ ဟုတ်လည်းဟုတ်နေတာပဲ"

"ဟာ.....မောင်နော်..."

"မဆိုးပါဘူး မျိုးမြင့်အေးတောင် အမုန်တွေမြင်တတ်လာပြီ"

ကားတစ်စီးလုံး ရယ်သံများဖြင့် ပြည့်လျှံနေ၏။ ဤသို့ဖြင့် ကျွန်တော်တို့ အင်းလျားသို့ရောက်သွားကြသည်။

အင်းလျား၏မိုးတိမ်တွေက အပြာရင့်ရောင်ကို ဒိုးမည်းသုတ်ထားသည်။ မိုးမရွာတော့သော်လည်း ကန်ရေပြင်ကိုဖြတ်တိုက်လာသည့်လေက စိတ်ကိုစိုစွတ်စေ၏။ ကျွန်တော်တို့ သုံးစုံတွဲ နှင့် ထိုင်ခုံရှည်တစ်လုံး။ထိုင်ခုံရှည်ပေါ်တွင် မျိုးမြင့်အေးနှင့် ကလျာမိုး။ ထိုထိုင်ခုံရှေ့တွင် ဝကြီးနှင့်နှင်းဦးလှိုင်။ မလှမ်းမကမ်းတွင် ကျွန်တော်နှင့် သူဇာ။ကိုယ်စီကိုယ်စီ အတွေးများဖြင့် လွင့်မျောနေမိကြ၏။ သူဇာက ကျွန်တော့်ပုခုံးပေါ်မှာ မှီထားရင်း တစ်စုံတစ်ခုကိုတွေးနေကြောင်း ကျွန်တော်သိနေသည်။ စကားမပြောဖြစ်ဘဲ တိတ်ဆိတ်နေဖြစ်ကြသည်။ "အချစ်တွေများလာရင် စကားတွေနည်းကုန်တတ်ကြသည်" ဟု စာအုပ်တစ်အုပ်ထဲတွင်ဖတ်ဖူး၏။ ခုကိုယ်တိုင် ကြုံတွေ့ရသောအခါ စဉ်းစားစရာ။ ဝကြီးနှင့် မျိုးမြင့်အေးတို့စုံတွဲတွေကလည်း ကျွန်တော်တို့လို တိတ်ဆိတ်နေ၏။ သို့မဟုတ် သူတို့လည်း ခွဲခွာချိန်ကို တီးတိုးရွတ်ဆိုနေကြသည်လည်း ဖြစ်နိုင်၏။

"တကယ်တမ်း အချိန်တွေကုန်တာမြန်လွန်းတယ်သူဇာရယ်"

သူဇာ့ထံမှ ဘာစကားသံမှမကြားရ။ ရုတ်တရက်...

"စာကလေးဇေဒင်... စာကလေးဇေဒင်...."

ရယ်သံများထွက်ပေါ်လာ၏။ ဘေးနားက ချစ်သူလေးကိုယ်တိုင်ကလည်း ရယ်မောလို့...။ မျိုးမြင့်အေးက...

"ဟော့ကောင် ဟိုမှာမင်းကိုခေါ်နေတယ်"

ဝကြီးက ဆက်ပြီး...

"နေပိုင်ဟိုမှာ မင်းအမျိုးတွေ..."

ကျွန်တော်တို့ အနောက်ဖက်မကျတကျမှာ မိန်းမဝဝကြီးတစ်ယောက် စာကလေးဇေဒင်ဟောနေသည်။ ကျွန်တော့်နံမည်ပြောင် စာကလေးကို သူဇာမှမဟုတ် အားလုံး ပြောစရာမလိုဘဲ နားလည်လိုက်ကြသည်။ ကျွန်တော်ဘာမှမပြောသာတော့။ ဟုတ်လည်းဟုတ်နေသည်ပဲ။ ရယ်သံများတိတ်ဆိတ်သွားတော့...သူဇာက

"ခု အချိန်တွေ ကုန်တာ မြန်သလို ဝေးနေကြမယ့်အချိန်တွေလည်းကုန်တာမြန်မှာပါ သားသားရယ်"

“စာကလေးဖေဒင် စာကလေးဖေဒင်”

ရယ်သံများထွက်ပေါ်လာပြန်သည်။ ကျွန်တော်ဒီနေ့စကားဆက်ပြောလို့ရမည် မထင်တော့။ ရှေ့ကအင်းလျားထဲ ခုန်ချပစ်ချင်စိတ်ပါပေါက်သွားသည်။ ထိုစာကလေးဖေဒင် ဟောနေသော မိန်းမကြီးကလည်း ဒီနေ့တော်တော်နှင့် ဒီနေရာကခွာတော့မည့်ပုံမပေါ်။ အင်းယားကန်မှာ ဒါမျိုးတွေရှိမည်မထင်ဘဲ အင်းလျားကန်ဘောင်ကိုလာရန် စကားစလိုက်မိသည်က ကျွန်တော်၏ အမှားအစ။ စကားပြောရန်အဆင်မပြေမည့်အတူ ဆေးလိပ်သောက်ဖို့ မလှမ်းမကမ်းကို ထထွက်လိုက်သည်။ ဆေးလိပ်မီးညှိနေတုန်း အနားကို ဝကြီးနှင့် မျိုးမြင့်အေးရောက်လာ၏။ ဝကြီးက ဆေးလိပ်တစ်လိပ်ယူရင်း...

“ငါတို့ သူတို့ကိုဒုက္ခပေးသလိုများဖြစ်သွားလားမသိဘူးကွာ”

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်နားလည်လိုက်ကြသည်။ဝကြီးကပဲဆက်ပြီး...

“နောက်ပြီး သူတို့က ကျန်ခဲ့ကြမှာ ဒီလိုတူတူသွားခဲ့ဖူးတဲ့နေရာတွေရောက်တိုင်း သူတို့ကပိုခံစားရမှာ”

မျိုးမြင့်အေးက ဆေးလိပ်မီးညှိရင်း ဆက်ပြီး...

“ဟုတ်တယ် တစ်လလောက်ခဏပြန်လာပြီး နောက်သုံးနှစ်လောက်ပြန်ပျောက်သွားဦးမယ်ဆိုတော့ မိန်းခလေးဘက်က ကြည့်ရင် ခဏပြန်လာပြီး ဝေဒနာတွေပေးသွားသလိုဖြစ်နေမှာ”

လှမ်းကြည့်လိုက်မိတော့ မလှမ်းမကမ်းတွင် ရယ်မောနေကြသည့် ကောင်မလေး သုံးယောက်...။ သူတို့ကတော့ လောလောဆယ်အတွင်းလေးမှာ ပျော်ရွှင်နေကြပုံရသည်။ ချစ်သူရှေ့မှောက်တွင် ကျွန်တော်တို့ သုံးယောက်သား ဟန်ဆောင်ပြုံးပြနေရသည်မှာ ဖွင့်ဟပြောနေစရာမလို။ စကားလုံးများက သိသာလွန်းနေ၏။ကျွန်တော်ကဆက်ပြီး...

“ဘယ်တတ်နိုင်ပါ့မလဲကွာ ခဏလေးပဲဖြစ်ဖြစ် သူတို့ပျော်နေပါစေကွာ”

ဆေးလိပ်မီးခိုးများကို သက်ပြင်းနှင့်အတူ မှုတ်ထုတ်လိုက်သည်။ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် ရင်ဘတ်ချင်းတူညီစွာ လေးလံနေခဲ့ကြသည်။ အင်းလျားကန်ဘောင်မှ လှမ်းမြင်နေရသော ကျွန်းငယ်လေးတစ်ခုမှ ငှက်ကလေးသုံးကောင် တိမ်တိုက်ထဲသို့ တိုးဝှေ့ပျံသန်းသွားကြသည်ကို ကျွန်တော်တို့ မြင်လိုက်ရ၏

# အခန်း (၂၁)

မနက်ခင်းလေးက ကျွန်တော်တို့နှစ်ယောက်စာ တိတ်ဆိတ်လွန်းနေ၏။ မနက်စာတူတူစားရန်အတွက် မြိုင်ဟေဝန်လက်ဖက်ရည်ဆိုင်က သူမနှင့်ကျွန်တော့်ကို ညှော့ခံထားသည်။ မုန့်ဟင်းခါးစားနေရင်းက နန္ဒာနှင့်လောင်းကြေးရှုံးခဲ့ဖူးသည်ကို ပြန်သတိရမိသည်။

“သားသားသန်ဘက်ခါဆို ပြန်ရတော့မှာနော်”

စိတ်က သူမမေးခွန်းကို ပြန်ဖြေချင်ပုံမရ။ ဆိတ်ဆိတ်နေခြင်းဖြင့်သာ ဝန်ခံလိုက်ရသည်။ သူမကဆက်ပြီး...

"မမ သားသားကို လေဆိပ်လိုက်ပို့မယ်နော်"

ကျွန်တော်နှစ်သိမ့်ချင်မိသည်။ စကားလုံးက လတ်တလောရှာမတွေ့...

"ခဏလေးပဲခွဲရတာပါမမရယ်..."

စကားလုံးတွေက သိပ်မပီပြင်လှ။ အချစ်နှင့်ဘဝကို ကျောသားရင်သားခွဲခြားထားသလိုမျိုး...။

"အင်းပါ... မမခံနိုင်ရည်ရှိပါတယ်။လေဆိပ်တော့ လိုက်ပို့မယ်နော်"

"မမ မငိုဘူးဆိုရင်ပေါ့"

သူမ ကြည်လင်စွာပြုံးပြသည်။ လိုချင်တာရဖို့ ကလေးငယ်တစ်ယောက်က လူကြီးကို မျက်နှာချိုသွေးနေသလို ဖြစ်နေ၏။ သူမရင်ထဲကို ကျွန်တော်မြင်နေရသည်။ မျက်နှာပေါ်က အပြုံးက မပီပြင်လှ။ **ခွဲခွာကြပြီးမှ ပြန်လည်ဆုံတွေ့နိုင်မည်ကို ကျွန်တော်တို့ ဘာကြောင့်များမေ့ထားကြပါသနည်း။** ဖြစ်သင့်သည်က ပို၍မြန်မြန်ခွဲခွာကြသင့်သည်မဟုတ်လား။ ကျွန်တော်တို့ မိုးရာသီလေးနှင့်အတူ ခဏတာ ပျော်မြူးခွင့်ရခဲ့ကြသည်။ နောက်တစ်ကြိမ်မိုးရာသီအတွက် ဆောင်းနှင့်နွေကို ဖြတ်ကျော်ရမည်မှာမလွဲ။ ဦးနှောက်ကသိနေသော်လည်း စိတ်ထဲကမကောင်း....။

"သားသားဟိုရောက်ရင် အစစအရာရာဂရုစိုက်နော်"

"သားသားက ကိစ္စမရှိပါဘူး မမသာ ရေ့လ နိုင်ငံခြားသွားမယ့်ကိစ္စ သေချာပြင်ဆင်ထားဦး ဆေးဝါးတွေဘာတွေလည်း သေချာယူသွား"

"ဒါဆို သားသားကို လွမ်းရင်ကော ဘာဆေးသောက်ရမှာလဲ"

သူမ၏ မျက်ဝန်းတို့ စွတ်စိုနေ၏။ သည်မေးခွန်းအတွက် ကျွန်တော့်တွင် အဖြေမရှိ။ သည်အခြေအနေတွင် ကျွန်တော် သူမကို ထိထိရောက်ရောက်အားပေးနေနိုင်ဖို့ကောင်းသည်။

**ကိုယ်တိုင်ယိုင်နဲ့နေသူအဖို့ တပါးသူကို ထူမတ်ပေးရန်မှာ သိပ်တော့မလွယ်လှ။** ဘယ်ဘက်ရင်ဘတ်က တစ်စုံတစ်ရာလေး ယိမ်းခတ်သွားသည်။

"မမရယ် အလွမ်းဆိုတာ လူကြားလို့ကောင်းတဲ့ အချိန်ဖြုန်းနည်းတစ်မျိုးပဲလေ သားသားတို့ ဒီလိုပဲ အချိန်ဖြုန်းကြတာပေါ့"

ကျွန်တော့်အဖြေကို သူမ ခေါင်းလေးညိတ်ပြီးလက်ခံလိုက်သည်။ ညဏ်အမှောင်တို့ကို နေမင်းက အဆုံးသတ်ပစ်လိုက်ချိန်တွင် ကျွန်တော်တို့ နှစ်ယောက် မနက်စာတူတူစားခဲ့ကြသည်။

နိဂုံးဆိုတာ...

ရက်လွန်ကြောင်းသတ်မှတ်ခံထားရတဲ့

နွေရာသီတစ်ခုပဲဖြစ်တယ်။

အကြွေစေ့လေးကိုမြှောက်ပြီး
နင်ကခေါင်းနဲ့ပန်းကိုယူ
ငါကကံကြမ္မာကိုယူမိခဲ့သလိုမျိုး
နိဂုံးဟာ...
ခပ်တည်တည်နိုင်လွန်းလှတယ်ကွယ်။

# နီဂုံး

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်။
ပြည်ပထွက်ခွာ။

လေဆိပ်အဝင်အထွက်တွင် လူပေါင်းများစွာ ရှုတ်ထွေးနေ၏။ သူဇာက စတွေ့သည့်နေ့ကအတိုင်း ပန်းရောင်အကျီလေးနှင့် အနက်ရောင်ထဘီလေးကို တွဲဖက်ဝတ်ဆင်ထားသည်။ သူမပြောဖူးသည့် သူဇာက နေ့တိုင်းလှနေတာ ဆိုသည့်စကားလေးကို

နားထဲကြားယောင်မိနေ၏။ ခွဲခွာခါနီး ဓါတ်ပုံရိုက်နေကြသူတွေလည်းတွေ့ရသည်။ အများစုက ပြုံးရွှင်နေကြသည့်မျက်ဝန်းများဖြင့် နားလည်မှုယူထားကြသည်။ မကြာခင် ပြောင်းလဲသွားတော့မည့် မျက်ဝန်းများက ကျွန်တော်တို့အတွက် တကူးတက ဟန်ဆောင်ထားရသလို ပဋ္ဌလက်ဆန်လွန်းလှသည်။ ခရီးဆောင်သေတ္တာကိုလက်ကဆွဲရင်း ကျွန်တော်တစ်ယောက် ချစ်သူပေးထားသော အင်္ကျီ အဖြူရောင်လေးနှင့် ခေါင်းထဲက အမှတ်တရများစွာနှင့်။ ၉နာရီတွင်လေယာဉ်ထွက်မည်ကို သိသိကြီးနှင့် ၉နာရီအတွက်တားဆီးရန် နည်းလမ်းမရှိ။

လေဆိပ်ခန်းမထဲရောက်တော့ သေတ္တာအလေးချိန်ချိန် လေယာဉ်လက်မှတ်ကိစ္စတွေနှင့် ရှုတ်ယှက်ခတ်နေသည်။ စာရွက်စာတမ်းကိစ္စတွေနှင့် လုံးထွေးလို့ပြီးတော့ မှန်တစ်ဖက်ခြားက ပန်းရောင်မလေး...။ သူမမျက်ဝန်းများက နေဝင်သွားသော ကောင်းကင်လို။ချစ်သူမျက်နှာညှိုတော့ ကိုယ်လည်းပြိုမလိုဖြစ်သွားရသည်။ မှန်တစ်ချပ်၏ အကွာအဝေးက ချစ်သူနှစ်ဦးအတွက် အတိုင်းအဆမဲ့လွန်းနေသည်။ ကီလိုမီတာပေါင်း ရှစ်ထောင်ကျော်ကို ပျံသန်းသွားဖို့အတွက် တန်ဖိုးကြီးလက်မှတ်တစ်စောင်က နှလုံးသားနားက အိပ်ကပ်ထဲတွင် ထိုးထိုးထောင်ထောင်။ ရင်ဘတ်နားမှာ တွဲချည်ထားသော အဖြူရောင်လက်ကိုင်ပုဝါလေးက မျက်ရည်သုတ်ဖို့အတွက်များ ဖြစ်နေမည်လား။ လမ်းခွဲဆိုတာ ကြေကွဲဖို့ကောင်းပါသည်။ ၉နာရီတွင် ပျံသန်းတိတ်ဆိတ် ပျောက်ကွယ်သွားတော့မည့်ကျွန်တော့်အတွက် သူမ မျက်ရည်မကျဘဲ နေနိုင်မည်လား။ ဝေခွဲရခက်လွန်းသည်။ **လောကတွင် နှုတ်ဆက်ခြင်းနှစ်မျိုးရှိသည်။ တွေ့ဆုံနှုတ်ဆက်ချိန်နှင့် ခွဲခွာနှုတ်ဆက်ချိန်ဖြစ်သည်။** လေယာဉ်ပျံတွေကပဲ ကျွန်တော်တို့ကိုတွေ့ဆုံရန် ခေါ်ဆောင်လာခဲ့ကြသည်။ လေယာဉ်ပျံတွေကပဲ ယခု ခွဲခွာစေခဲ့ကြပြန်ပြီ။ လေဆိပ်ကို မြတ်နိုးသော်လည်း မုန်းပစ်လိုက်ရတော့မည်။ ဟုတ်ပါသည်။ ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို စိတ်သဘောထားချင်း တိုက်ဆိုင်စွာ မြတ်မြတ်နိုးနိုးမုန်းပစ်လိုက်ကြသည်။

လေဆိပ်အပေါ်ထပ်ခန်းမထဲရောက်တော့ မှန်ထုကိုဖြတ်ကျော်ပြီး သူမကိုလှမ်းကြည့်မိသည်။ ထိုင်ခုံလေးတစ်ခုတွင် သူငယ်ချင်းနှစ်ယောက်နှင့် ငြိမ်ငြိမ်လေးထိုင်နေသည်။ နာရီလက်တံက ၈နာရီ ၃၀ မိနစ်။ စစ်ဆေးရာဌာနကို ကျော်လွန်ပြီး ကျွန်တော် နားနေရာဟောခန်းမသို့ဝင်ရတော့မည်။ မှန်ထု၏တဖက်မှသူမက အပြုံးတုလေးဖြင့် ကျွန်တော့်ကို နှစ်သိမ့်နေသလို။ ဗိုလ်တစ်ထောင်ဆိပ်ကမ်းကအတိုင်း လက်ဖြင့် နှုတ်ခမ်းလေးနှစ်ခုကိုဆွဲယူလိုက်သည်။ လက်မဖြင့် ခြားနေသောမှန်ကို လက်ဗွေရာနိပ်လိုက်သည်။ (ရှေ့လ သူမ ပြည်ပသို့ထွက်ခွာသည့်အခါ ယူသွားရန် နေ့ဖို့ညစာအဖြစ် ချန်ထားခဲ့လိုက်သည်။) ၈နာရီ ၃၅မိနစ်။ကျွန်တော်လှည့်ထွက်ခဲ့လိုက်တော့ မှန်၏တခြားတစ်ဖက်မှ ပန်းရောင်မလေး သို့မဟုတ်

ကျွန်တော် မမြင်တွေ့ခဲ့သော မျက်ဝန်းများ...။

အပြင်မှာရှာနေသောမိုးများ...။

ရင်ထဲမှာရှာနေသောမိုးများ...။

မျက်ဝန်းတွင်ရှာနေသောမိုးများ...။

နာရီရဲ့ ရင်ဘတ်ကိုချိန်ရွယ်ထားတဲ့
လက်တံလေးရဲ့မောင်းခလုတ်ကို
ဖြုတ်လိုက်သလိုမျိုးပေါ့...
မနက် (၉) နာရီတွေတွေ့တိုင်း
(၁) မိနစ် ငြိမ်သက် ဝမ်းနည်းကြမယ်
အပြည့်ပြည့်ဆိုင်ရာဆိုတာ
ငါတို့ မြတ်မြတ်နိုးနိုးမုန်းခဲ့ဖူးတဲ့
နေရာလေးအဖြစ်။

မုန့်တစ်ချပ်စာအပြင်
ဘာကိုမှ အိပ်မက်ပိုမမက်ခဲ့လိုက်ဘူး
ဖိနပ်လှလှလေးကနေ
လေယာဉ်ပျံတွေအထိ
လက်ညှိုးထိပ်လေးကနေ
ရှာရိုးကိုးပေါက်အထိ
ခဏလေးကြာခဲ့ဖူးတယ်ဆိုရုံပေါ့
မျက်ဝန်းမလေးရယ်...။

ရေချင်းတူပေမဲ့
ငါတို့အလှည့်မှာမှ ဆားခတ်ခံရသလိုမျိုး
ပင်လယ်ဆန်ဆန်ဝေးတယ်
နွေနှောင်းသစ်ရွက်ဆွေးလေးတွေ
သုံးခါကြွေပြီးရင်တော့
လေဆိပ်မှာလာကြိုပါ။

နိဂုံး၏နောက်ကွယ်...

သုံးနှစ်ခန့်ကြာသော်...

**ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်။**
**ပြည်ပ ဆိုက်ရောက်။**

ဆိုက်ရောက်ပြီးခါစ လေယာဉ်ပေါ်၊ လေဆိပ်ဒုတိယထပ်မှ လူတစ်ယောက် တည်ငြိမ်စွာ တစ်လှမ်းချင်း ဆင်းလာ၏။ ထိုသူ၏ ရင်ဘတ်တွင် လက်ကိုင်ပုဝါအဖြူရောင်လေးကို တစိုက်မတ်မတ်ထိုးချည်ထား၏။ မျက်ဝန်းများက တစ်စုံတစ်ယောက်ကို တိတိကျကျ လိုက်လံရှာဖွေနေ၏။ အသက်ရှူသံခပ်ပြင်းပြင်းက လွန်ခဲ့သောသုံးနှစ် မြန်မာနိုင်ငံမှ ထွက်ခွာသွားစဉ်က လေယာဉ်အင်ဂျင်သံများလို စူးစူးရှရှနိုင်လှသည်။ ထိုသူ၏လက်ဖဝါးတွင်

လက်ခလယ်အောက်မှ ဖြတ်ဆင်းသွားသော လက္ခဏာလမ်းကြောင်းက ထင်ထင်ရှားရှားမဖြစ်သော်လည်း တည်ရှိနေသည်။

**ထိုသူကား...**

**နေပိုင်လား...။**
**သူဇာလား...။**
**ဒါမှမဟုတ်...**

**ထိုသူ၏မျက်ဝန်းများက ရှာဖွေနေသူမှာ...**

**နေပိုင်လား...။**
**သူဇာလား...။**
**ဒါမှမဟုတ်...**

ကျွန်တော်တို့နှစ်ဦးနားလည်မှုဖြင့် တည်ဆောက်ခဲ့သော အိမ်လေးသည်လည်း...

*ကြိုးစားပါဦးမည်။*

*နေပိုင်*

*(သုညနဲ့ဆောက်ခဲ့တဲ့အိမ်)*

*၁၁.၁၂.၂၀၁၁*